# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၀၈၁)


## ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းများ၏ အရွေ့ ခေါင်းစဉ်ဖြင့် အွန်လိုင်း ဆွေးနွေးပွဲ ကျင်းပ


ပြည်တွင်းသတင်း စာ » ၃


........................................

## အဓိပတိလမ်းက ဖြတ်လျှောက်မှတ်တမ်း


ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး စာ » ၆


........................................



## ကံ့ကော်လေညင်း မွှေးပျံ့သင်း


ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး စာ » ၈


........................................

## ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေး အစီအစဉ်က ကိုဗစ်–၁၉ ကာကွယ်ဆေး နှစ်ဘီလီယံနီးပါး ရရှိမည်


နိုင်ငံတကာသတင်း စာ » ၁၃


........................................

## ဆက်လက် စောင့်ဆိုင်းရဦးမည့် တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ်– ၁၉ ကာကွယ်ဆေး ဝေမျှနိုင်မည့်အချိန်



နိုင်ငံတကာရေးရာ စာ » ၁၄


# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၃၀ ကို စင်ကာပူရှိ မြန်မာသံရုံးမှစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ **(အောက်ပုံ)**


*စာမျက်နှာ ၄ ကော်လံ ၁* ❑

# ကိုဗစ် – ၁၉ ကြောင့် ယာယီပိတ်ထားသည့် မန္တလေးမြို့ သီရိမာလာလက်ကားဈေး ပုံမှန်ပြန်လည်ဖွင့်လှစ်ရောင်းချ

**မန္တလေး ဒီဇင်ဘာ ၁၉**

မန္တလေးမြို့ကမ်းနားလမ်းရှိ သီရိမာလာဈေးကို ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းစေရန်အတွက် တစ်ပတ်ခန့် ယာယီပိတ်ထားရာမှ ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ ပုံမှန်အတိုင်းပြန်လည်ရောင်းချခွင့်ပြုကြောင်း သိရသည်။

သီရိမာလာဈေးသည် ငါး၊ ပုစွန်စသည့်ရေထွက်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့် အဓိကလက်ကားဈေးတစ်ခုဖြစ်သည်။ အဆိုပါဈေးတွင်ပွဲရုံနှင့် ဈေးဆိုင်ခန်း ၄၇၀ ကျော်၊ ပျံကျဈေးသည် ၂၅၀ ခန့်ရှိပြီး ရေထွက်ကုန်အပြင် ကုန်စိမ်းနှင့်ပန်းများကို လက်လီလက်ကားရောင်းချလျက်ရှိကာ ဈေးတွင် ကိုဗစ် – ၁၉ ရောဂါပိုးတွေ့လူနာများလာသည့်အတွက် ရောဂါကူးစက်ပြန့်ပွားမှု လျော့နည်းစေရန် ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ တစ်ပတ်ခန့် ယာယီပိတ်ထားခြင်းဖြစ်သည်။

ယာယီပိတ်ထားပြီးနောက် ရောဂါကူးစက်ပြန့်ပွားမှုကျဆင်းခဲ့ပြီး ဈေးသူ ဈေးသားများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ လိုက်နာကြရန် ညွှန်ကြားချက်နှင့်အတူ ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ ပုံမှန်အတိုင်း ပြန်လည်ရောင်းချခွင့်ပြုကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

ဈေးပြန်လည်ဖွင့်လှစ်ရောင်းချရာတွင် တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးအတိုင်း ရောင်းချရန်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊ မျက်နှာအကာ၊ လက်အိတ်အသုံးပြုရန် စသည့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချရမည်ဖြစ်သည်။ ထို့အပြင် ဈေးဝယ်သူများကိုလည်း နှာခေါင်းစည်းတပ်ဆင်ကြရန် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဈေးများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် စဉ်ဆက်မပြတ်ပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်သူရ**

## ပုဂ္ဂလိကကဏ္ဍဘက်ကလည်း ဒီလိုကမ္ဘာ့ကပ်ရောဂါကြီးမှာ အမြတ်အစွန်းကို အဓိကမထားဘဲ ပြည်သူလူထုတွေရဲ့ ကိုဗစ် - ၁၉ ဝန်ထုပ်ဝန်ပိုးကြီးကို မျှထမ်းစေချင်


တွေ့ဆုံမေးမြန်း စာ » ၂၃

# အသက်နှင့်ယှဉ်သည့် စည်းမျဉ်း စည်းကမ်းများ

အပျော်စီးသင်္ဘောခရီးစဉ်များ၊ ကောင်းကင်မှ ရှုခင်းကြည့်နိုင်မည့် လေယာဉ်ခရီးစဉ်များ ပြေးဆွဲရန် စီစဉ်နေပြီ။ စက်ရုံ၊ အလုပ်ရုံများ ပြန်ဖွင့်ရန်၊ စားသောက်ဆိုင်များ ပြန်ဖွင့်ရန်အတွက်လည်း ပြင်ဆင်နေကြပြီ။ ကပ်ရောဂါကြီး ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေး အတားအဆီး၊ အကန့်အသတ်များအောက်တွင် ကာလကြာရှည် နေထိုင်ခဲ့ရသည်များအတွက် တစ်စိတ်တစ်ပိုင်း ဖြေလျှော့ပေးခြင်းဖြစ်သလို လေးလံတုံ့ဆိုင်းလာသည့် စီးပွားရေးကို ပြန်လည်လှုပ်ရှားလာရန် ရည်ရွယ်ခြင်းလည်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်ပျံ့နှံ့မှုမှာ ကျရိပ်ပြလာသယောင်ရှိသော်လည်း သိသိသာသာ ထင်ထင်ရှားရှားမဟုတ်သေး။ ဓာတ်ခွဲအတည်ပြုလူနာအရေအတွက်သည် နေ့စဉ်ထောင်ဂဏန်းအထက်တွင်သာ ရှိနေဆဲ။ ရောဂါကူးစက်ခံရပြီး သေကံမရောက် သက်မပျောက် အိမ်ပြန်လာနိုင်ခဲ့သူများရှိသလို ထာဝရခွဲခွာသွားခဲ့ကြရသူများလည်း နေ့စဉ်နှင့်အမျှ ကိန်းဂဏန်းအရေအတွက် တိုးနေခဲ့ပြီ။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတချို့ ပေါ်ထွက်လာပြီး နိုင်ငံအချို့တွင် ထိုးနှံမှုတို့ စတင်နေပြီဖြစ်သလို အချို့လူများတွင် ကာကွယ်ဆေးနှင့် ဓာတ်မတည့်သည့် တုံ့ပြန်မှု၊ အသက်အရွယ်ပေါ် မူတည်၍ ကာကွယ်ဆေး၏ အာနိသင်ကွဲပြားမှုတို့ ပေါ်ထွက်လာသည်ကိုလည်း သတင်းများတွင် တွေ့ရှိရသည်။ မည်သို့ဆိုစေ ကိုဗစ်-၁၉ ကာကွယ်ဆေး မိမိတို့နိုင်ငံသို့ ရောက်ရှိရန်၊ လူတိုင်းစေ့ ထိုးနှံပေးနိုင်ရန် အချိန်တစ်ခုတော့ စောင့်ဆိုင်းရဦးမည်။

"စက်ရုံတွေ၊ အလုပ်ရုံတွေလည်း အမြန်ဆုံး ကျွန်မတို့ ပြန်ဖွင့်ပေးမယ်။ Stay at Home မဟုတ်တဲ့ နေရာတွေမှာလည်း ကျန်းမာရေးစည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီတဲ့ စားသောက်ဆိုင်တွေကို ကျွန်မတို့ ဖွင့်ဖို့ ပြန်ပြီးတော့ ခွင့်ပြုမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအကန့်အသတ်တွေကနေပြီးတော့ မြန်မြန်ဆန်ဆန် လွတ်မြောက်စေချင်တယ်ဆိုရင်တော့ စည်းမျဉ်းစည်းကမ်းကို လိုက်နာဖို့တော့ အင်မတန်မှ အရေးကြီးပါတယ်"ဟူ၍ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတစ်ရပ်တွင် ပြောကြားခဲ့သည်။ အသက်အန္တရာယ်နှင့်နီးသည့် ကူးစက်ရောဂါဘေးမှ ကင်းဝေးစေရန်နှင့် အတားအဆီး အကန့်အသတ်များအကြား နေရသည့်အခြေအနေမှ မြန်မြန်ဆန်ဆန် လွတ်မြောက်ရန်မှာ စည်းမျဉ်း စည်းကမ်းလိုက်နာမှုနှင့် တိုက်ရိုက်အချိုးကျနေသည်။ စည်းကမ်း လိုက်နာသည်နှင့်အမျှ ရောဂါဘေးမှ ကင်းဝေးမည်။

စင်စစ်အားဖြင့် မိမိတို့အားလုံး ကျောင်းသားအရွယ် ငယ်စဉ်ကတည်းကပင် ဆိုင်ရာဆိုင်ရာ နေရာဌာနတို့တွင် စည်းမျဉ်းစည်းကမ်းတို့ တစ်ခုမဟုတ် တစ်ခုနှင့် ယှဉ်တွဲနေခဲ့ကြရသည်။ လူ့အဖွဲ့အစည်းထဲမှာ ရှင်သန်နေထိုင်နေရသရွေ့လည်း စည်းမျဉ်းစည်းကမ်းများနှင့် ဆက်လက်နေထိုင်ကြရဦးမှာလည်း ဖြစ်သည်။ ကွမ်းတံတွေး မထွေးရ၊ အမှိုက်မပစ်ရ၊ မြက်ခင်းပေါ် မတက်ရ ဟူသော အသေးအဖွဲ စည်းကမ်းကလေးများမှသည် လူ့ကျင့်ဝတ် လူ့စည်းကမ်းများအထိ။ ကျင့်ဝတ်စည်းကမ်းတို့ မည်သို့ပင် ချမှတ်ပြဋ္ဌာန်းထားပါစေ လိုက်နာမှု ကင်းမဲ့သောအခါ ယင်းလူ့အဖွဲ့အစည်းသည် အကွပ်မဲ့သည့် ကြမ်းပမာ ပရမ်းပတာအဖြစ်သို့ ကျရောက်မည်။ ကမ္ဘာလုံးချီသည့် ကပ်ရောဂါ၊ လူသား သန်းနှင့်ချီ၍ အသက်ဘေးသို့ ကျရောက်ခဲ့ရပြီဖြစ်သည့် ကူးစက်ရောဂါနှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများမှာမူ ချိုးဖောက်သူတို့အတွက် ကျရောက်လာနိုင်သည့် ဘေးဒဏ်မှာ မိမိနှင့်တကွ အဆွေအမျိုး၊ မိသားစုတို့အတွက် အသက်နှင့် ယှဉ်သည့်အလျောက် လူတိုင်းကိုယ်စီ အသိတရားနှင့် သတိထားနိုင်ကြပါစေကြောင်း။ ။

# ၂၀၂၁ ခုနှစ်၊ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

(၂) လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူ ရရှိခံစားရေး၊

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည် ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

(၅) နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး၊

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သစ်တောစိုက်ခင်းများနှင့် ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်-ကံပြားလမ်း မိုင်တိုင်အမှတ်(၁၂/၀) အနီး ငလိုက်ကြိုးဝိုင်း အကွက်အမှတ်(၂၈)အတွင်းရှိ ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် စိုက်ပျိုးတည်ထောင်ထားသည့် ပုဂ္ဂလိကသစ်မာ မန်ဂျန်ရှား သစ်မျိုး ဧက ၅၀ စိုက်ခင်း အောင်မြင်ရှင်သန်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းပြုစုစောင့်ရှောက် ထိန်းသိမ်းရေးအတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

ရှေးဦးစွာ စိုက်ခင်းယာယီရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက စိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်အကြံပေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်-ကံပြားလမ်း မိုင်တိုင်အမှတ် (၁၃/၀)အနီး ငလိုက်ကြိုးဝိုင်း အကွက်အမှတ် (၂၉)နှင့် (၃၀) အတွင်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ လှူဒါန်းငွေဖြင့် သစ်တောဦးစီးဌာနမှ ၂၀၁၉ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးတည်ထောင်ထားသည့် ဂေဟာစနစ်ဖြည့်တင်းရေး သစ်မျိုးစုံစိုက်ခင်း ဧက ၁၀၀ အောင်မြင်ရှင်သန်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းမီးကာကွယ်ခြင်း၊ ခြောက်သွေ့ရာသီအတွက် စိုက်ခင်းရေပေးဝေခြင်းနှင့် စိုက်ခင်းပြုစုစောင့်ရှောက်ရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်-ကံပြားလမ်း မိုင်တိုင်အမှတ် (၁၃/၇) အနီး ငလိုက်ကြိုးဝိုင်း အကွက်အမှတ် (၃၀)အတွင်း မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ လှူဒါန်းငွေဖြင့် သစ်တောဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် စိုက်ပျိုးတည်ထောင်ထားသည့် ဂေဟာစနစ်ဖြည့်တင်းရေး သစ်မျိုးစုံစိုက်ခင်းဧက ၁၀၀ ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား စိုက်ခင်းစခန်း ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက စိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ ၂၀၂၁ ခုနှစ်အတွင်း နောက်ထပ်စိုက်ပျိုးမည့် ဂေဟာစနစ်ဖြည့်တင်းရေး သစ်မျိုးစုံစိုက်ခင်း ဧက ၁၀၀ နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း စိုက်ခင်းထိန်းသိမ်းပြုစုစောင့်ရှောက်ခြင်းနှင့် စိုက်ခင်းတည်ထောင်ခြင်းများအတွက် အလုပ်သမားများ ရရှိနိုင်မည့်အခြေအနေ၊ စိုက်ပျိုးမည့် သစ်မျိုးများ၊ စိုက်ပျိုးမည့်ပုံစံနှင့် စိုက်ခင်းရေပေးဝေရေးအတွက် အသေးစိတ် ညှိနှိုင်းဆွေးနွေးပြီး တင်ပြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းသို့ ရောက်ရှိပြီး စခန်းအတွင်း တောတွင်း ဖြတ်လျှောက်လမ်း တည်ဆောက်မည့် လမ်းအူကြောင်းနေရာကို လည်းကောင်း၊ အပူပိုင်းထင်းရှူးမျိုး ကွက်လပ်ဖြည့်စိုက်ခင်းကိုလည်းကောင်း၊ တောတွင်း ဖြတ်လျှောက်လမ်းတည်ဆောက်ခြင်း၊ ယာယီနားနေဆောင်နှင့် ကြိုးတံတား တည်ဆောက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ ရွက်အုပ်ဖြတ်ကျော်လျှောက်လမ်းကို လည်းကောင်း စစ်ဆေးကြည့်ရှုပြီး တည်ဆောက်ရေးလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အများပြည်သူများ အပန်းဖြေနားနေရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် တည်ဆောက်ရေးအချိန်ကာလတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းရှိ ဆင်များကို ကြည့်ရှုစစ်ဆေး၍ ဆင်များအား အစာကျွေးခြင်းနှင့် ဆင်ပြတိုက်အား စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စု နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**လေရှီး ဒီဇင်ဘာ ၁၉**

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၈၇ ဒသမ ၂၄၂ သန်းဖြင့် လေရှီးမြို့နယ် ဆွမ္မရာ-မိုပိုင်းလွတ် (ဟုမ္မလင်းမြို့) မြို့နယ်ချင်းဆက်လမ်းပေါ်ရှိ ပေ ၅၀ သံကူကွန်ကရစ် တံတားနှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိရာ လေရှီးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လင်းနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၆ ရက်တွင် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်း စစ်ဆေးကြသည်။

အဆိုပါ သံကူကွန်ကရစ် တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးသွားပါက လေရှီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသခံကျေးရွာ ၁၅ ရွာ၊ အိမ်ခြေ ၁၀၅၀ နှင့် လူဦးရေ ၅၆၀၀ တို့၏ ပညာရေး၊ စီးပွားရေး၊ လူမှုဘဝများအတွက် များစွာအထောက်အကူပြုလာမည်ဖြစ်ကြောင်း သိရသည်။

**ဂျိုင်းလော(သတင်းစဉ်)**

**ဒီမိုကရေစီအမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြ**

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလကဲ့သို့ပင် အမျိုးသားညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာ ကျော်ဖြတ်ပြီး ဒီမိုကရေစီ အမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။**

**[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]**



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှုခင်း ဓာတ်ပုံ - ထွန်းထွန်းသိန်း

# ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းများ၏ အရှေ့ ခေါင်းစဉ်ဖြင့် အွန်လိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာ အသင်းဖြစ်မြောက်ရေး ကော်မတီက ကြီးမှူးကျင်းပသည့် "ဒစ်ဂျစ်တယ် ပလက်ဖောင်းများနှင့် မြန်မာ့ရုပ်ရှင် လုပ်ငန်းများ၏ အရှေ့" ခေါင်းစဉ်ဖြင့် အွန်လိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

အွန်လိုင်းဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကိုကို (စက်မှုတက္ကသိုလ်)နှင့် ဒေါ်နန်းကလျာဝင်း နှင့် ကော်မတီဝင်များ၊ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများ၊ သတင်းမီဒီယာသမားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ ကိုဗစ်ကြောင့် ထိခိုက်သည့် လုပ်ငန်းများတွင် ရုပ်ရှင်လုပ်ငန်းများလည်း ပါဝင်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းဟု ပြောဆိုကြလျှင် ရုပ်ရှင်ရိုက်ကူးရေးမှ ပြသသည်အထိ၊ ဖန်တီးထုတ်လုပ်သူမှ စားသုံးသူအထိ အဆင့်ဆင့် ထိခိုက်မှုရှိပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းများ၏ ပြောင်းလဲသွားမည့်၊ ရွေ့လျားသွားမည့် အခြေအနေနှင့် စပ်လျဉ်း၍ ယနေ့ ဆွေးနွေးကြမည် ဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဒစ်ဂျစ်တယ် ပလက်ဖောင်းများနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းများ၏ အရှေ့ ခေါင်းစဉ်ဖြင့် အွန်လိုင်းဆွေးနွေးပွဲ တက်ရောက်စဉ်။ သတင်းစဉ်

## ပြောင်းလဲမှု ပိုမိုဖြစ်ပေါ်ခဲ့

ရုပ်ရှင်လုပ်ငန်းများသည် အပြောင်းအလဲဖြစ်ပေါ်လျက်ရှိပြီး နည်းပညာကြောင့် ပြောင်းလဲမှုသည် မြန်ဆန်လျက် ရှိပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာ အပြောင်းအလဲကြောင့် ပြောင်းလဲမှုသည် ကမ္ဘာပေါင်းစုံတွင် တည်ရှိသော်လည်း မီဒီယာကဏ္ဍတွင် ပြောင်းလဲမှု ပိုမိုဖြစ်ပေါ်ခဲ့ပါကြောင်း။

အပြောင်းအလဲနှင့် တွေ့ကြုံရာတွင် အဓိကအပြောင်းအလဲ နှစ်ခုနှင့် ရင်ဆိုင်နေရပါကြောင်း၊ နည်းပညာ အပြောင်းအလဲနှင့် ကိုဗစ်ကပ်ရောဂါကြောင့် ပြောင်းလဲရသည့် အပြောင်းအလဲတို့ ဖြစ်ပါကြောင်း၊ အပြောင်းအလဲဆောင်ရွက်ကြရာတွင် စိန်ခေါ်မှု၊ အခက်အခဲများ တွေ့ကြုံနိုင်သည်မှန်သော်လည်း အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်သည်များလည်း ရှိပါကြောင်း။

## ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲ

ရုပ်ရှင်လုပ်ငန်းများ၏ အနာဂတ်မည်သည့်လမ်းကြောင်းကို သွားမည်ဆိုသည်ကို မေးမြန်းလျှင် ဒစ်ဂျစ်တယ်လမ်းကြောင်းကို သွားရမည်ဆိုသည့် အဖြေဖြစ်နေမည် ဖြစ်ပါကြောင်း၊ ကိုဗစ်ကြောင့် ဖြစ်ပေါ်လာသည့် အကန့်အသတ်ကြားမှ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရုပ်ရှင် ဇာတ်ညွှန်းရေးသားသည့်နေရာမှစ၍ ရုပ်ရှင်ပြသသည်အထိ စဉ်းစားကြရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ရုပ်ရှင်လုပ်ငန်းများသည် ကိုဗစ်ကြောင့် ဒစ်ဂျစ်တယ်စနစ်အဖြစ် မြန်မြန်ဆန်ဆန် ပြောင်းလဲသွားမည်ဟု မြင်ပါကြောင်း ပြောကြားသည်။

## ဟောပြောဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က အမှာစကားပြောကြားပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (ရန်ကုန်) အဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက် က " DTT ပုံစံမှ OTT ပုံစံသို့ ပြောင်းလဲခြင်းနောက်တွင်" ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

## အမြင်များ ဆွေးနွေးဖလှယ်

ထို့နောက် " ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းများ၏ အရှေ့" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဆွေးနွေးပွဲ ဦးဆောင်ဆွေးနွေးသူအဖြစ် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီအတွင်းရေးမှူး ဦးမင်းဆွေလှိုင်က ဆောင်ရွက်၍ အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၊ သရုပ်ဆောင်နှင့် ဒါရိုက်တာ ကိုပေါက် (ဦးအောင်မင်းနိုင်)၊ Red Radiance ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမျိုးမင်းနှင့် ABC Content solutions မှ စီအီးအို ဦးဝင်းခိုင်တို့က မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အွန်လိုင်းပလက်ဖောင်းများ အကျိုးရှိရှိ အသုံးပြုနိုင်ရေး အမြင်များကို ဆွေးနွေးဖလှယ်ကြသည်။

## အကြံပြုဆွေးနွေး

အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ကိုဗစ်-၁၉ ကာလအတွင်း ပရိသတ်နှင့် ထိတွေ့မှုရရှိနိုင်ရန် ဒစ်ဂျစ်တယ်ပလက်ဖောင်းများကို အသုံးပြုခဲ့သည့် အတွေ့အကြုံများ၊ သမားရိုးကျ ပလက်ဖောင်းများနှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများအတွက် content များကို ထုတ်လုပ်ရာတွင် မတူခြားနားမှုရှိသည့် သဘောသဘာဝအရ ဒစ်ဂျစ်တယ်အတွက် စဉ်းစား၍ ထုတ်လုပ်သင့်သည်များကို အကြံပြုဆွေးနွေးသည်။

သရုပ်ဆောင်နှင့် ဒါရိုက်တာ ကိုပေါက်က ရုပ်ရှင်ရိုက်ကူးရေးအတွက် ကိုဗစ်ကာလတွင် အခက်အခဲများရှိနေသည့်အချိန်၌ ဒစ်ဂျစ်တယ်ပလက်ဖောင်းများဖြစ်သည့် ဖေ့စ်ဘုတ်ခ်နှင့် တစ်ခ်တော့ခ်တို့တွင် စမ်းသပ်၍ content များ ဖန်တီးခဲ့ရာမှ အောင်မြင်မှုရရှိခဲ့သည့် အခြေအနေများ၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများသုံး၍ ဖန်တီးထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများကို အတွေ့အကြုံများအပေါ် အခြေခံ၍ ဆွေးနွေးသည်။

Red Radiance ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးမင်းက ဒစ်ဂျစ်တယ် ပလက်ဖောင်းများတွင် ဖန်တီးထုတ်လုပ်ရာ၌ အချက်အလက်လုံခြုံမှုအရေးကြီးပုံ၊ ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံများ တိုးတက်ပြောင်းလဲလာပုံနှင့် ဒစ်ဂျစ်တယ်နည်းပညာ အသိပညာပေးခြင်း၊ လေ့လာသင်ယူခြင်းတို့ တွန်းအားပေးဆောင်ရွက်သင့်ပုံများကို ဆွေးနွေးသည်။

ABC Content solutions မှ စီအီးအို ဦးဝင်းခိုင်က အွန်လိုင်းတွင် streaming ဖြင့် ရုပ်ရှင်များပြသခဲ့မှုနှင့် လက်ရှိ ပြသနေရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များ၊ အစီအစဉ်များနှင့် ဇာတ်ကားများ ခိုးကူးနေမှုများအား အရေးယူဆောင်ရွက်သင့်သည်များကို ဆွေးနွေးသည်။

## ပြန်လည်ရှင်းလင်း ဖြေကြား

ထို့နောက်တက်ရောက်လာကြသူများ၏ မေးခွန်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာ အသင်း ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကိုကို (စက်မှုတက္ကသိုလ်)တို့က ပြန်လည်ရှင်းလင်းဖြေကြားဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# “ Healthy and Happy Life in the New Normal Era ” ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် “ Healthy and Happy Life in the New Normal Era ” ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်း၊ ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ (ကရင်) ဆပ်ကော်မတီ ခေါင်းဆောင် ဒေါက်တာသီသီဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (ကျွမ်းကျင်သူ) ဒေါက်တာရဲတင့်လွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန (စစ်ကိုင်းတိုင်း) ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

## နည်းဗျူဟာများ ချမှတ်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကား ပြောကြားရာတွင် ကိုဗစ်-၁၉ သည် ရာသီတုပ်ကွေးရောဂါကဲ့သို့ပင် ကမ္ဘာပေါ်တွင် လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ဆက်လက်တည်ရှိ ကူးစက်ဖြစ်ပွားနေမည်ကို ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ အားကစားကဏ္ဍအပါအဝင် ကဏ္ဍစုံမှ တာဝန်ရှိသူများက ကြိုတင်မျှော်မှန်းတွက်ဆပြီး ကိုဗစ်-၁၉ ခေတ်ကာလနှင့် သင့်လျော်သည့် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း။

ယခုအချိန်၌ မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ပုံမှန်လုပ်ငန်းများကို အရှိန်အဟုန်မပျက် ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် အစပြုရန်လိုအပ်နေပြီး ထိုကဲ့သို့ မလုပ်ဆောင်ပါက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အလွန်နှောင့်နှေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်သည် ယခင်ကတည်းက လူထုလှုပ်ရှားမှု အားကစားဆောင်ရွက်မှုများကို အထူးတက်ကြွစွာ ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်ကို တွေ့ရှိပြီး ယခုလို ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာပေါ်တွင် ပေါ်ပေါက်ဖြစ်ပွားလာပြီးနောက် အားကစားလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများ၊ အားကစားလေ့ကျင့်မှုများကို အရှိန်အဟုန်မပျက် မည်သို့ ဆက်လက်လုပ်ဆောင်သွားမည်ဆိုသည်ကို ဝိုင်းဝန်းစဉ်းစားကြံဆ ဆောင်ရွက်ရန် မိမိတို့ဝန်ကြီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိခြင်းသည် နိုင်ငံအတွက် အလွန်ကောင်းမွန်ပါကြောင်း။

## အထူးပံ့ပိုးပေးမည်

အားကစားလုပ်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှုကို ဖြစ်စေခြင်း၊ လျင်မြန်ဖျတ်လတ်မှု ဖြစ်စေသည်သာမက စိတ်ဖိစီးမှုကိုလျော့ကျစေခြင်း၊ စိတ်ကျန်းမာမှုကိုဖြစ်စေခြင်း၊ မှန်ကန်စွာစဉ်းစားဆုံးဖြတ်နိုင်ခြင်း၊ သွေးတိုး၊ နှလုံးရောဂါ စသည့်မကူးစက်နိုင်သော ရောဂါဖြစ်ပွားမှုကာကွယ်ပေးခြင်း၊ အသက်ကြီးလာပါကလည်း ကျန်းမာစွာနေထိုင်နိုင်ပြီး ဘဝနေထိုင်မှုအရည်အသွေးများကို မြင့်မားစေခြင်း၊ အမျိုးသမီးများတွင် အရိုးပွရောဂါဖြစ်ပွားမှုမှစ၍ အခြားနာတာရှည်ရောဂါများကို ကာကွယ်ပေးနိုင်ခြင်းစသည့် ကောင်းကျိုးများစွာ ရှိသည့်အတွက် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်မှ လုပ်ဆောင်နေသည့် လုပ်ငန်းများအား မိမိတို့ဝန်ကြီးဌာနမှ အထူးပံ့ပိုးပေးမည်ဖြစ်ပါကြောင်း။

ထို့ပြင် အားကစားလုပ်ခြင်းဖြင့်ဇီဝကမ္မဗေဒ မှန်ကန်ကောင်းမွန်စေကာ ခန္ဓာကိုယ်အတွင်းရှိ မြောက်မြားစွာသော ဟော်မုန်းဓာတ်များနှင့် အင်ဇိုင်းအမျိုးမျိုးတို့ကို ညီညွတ်မျှတစွာ ထိန်းညှိပေးပြီး ကိုယ်ခံစွမ်းအားကို တိုးတက်ကောင်းမွန်စေကာ ကိုဗစ်-၁၉ အပါအဝင် အခြားရောဂါများကို ခုခံနိုင်စွမ်းလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းဖြင့် ဒိုပါမင်း (dopamine) ကဲ့သို့သော ဟော်မုန်းများ များပြားလာသဖြင့် စိတ်ဖိစီးမှုကိုလည်း လျှော့ချနိုင်ပါကြောင်း။

အားကစားပြုလုပ်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာလှပခြင်းသာမက စိတ်လက်ပေါ့ပါးလန်းဆန်းခြင်းအပါအဝင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက်လည်း ကောင်းကျိုးများစွာ ရရှိပါကြောင်း၊ အားကစားကို စိတ်ပါဝင်စားလုပ်ဆောင်ခြင်းအားဖြင့် ဂိမ်းအလွန်အကျွံစွဲလမ်းခြင်းများ၊ အရက်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး၊ မူးယစ်ဆေးဝါးသုံးစွဲမှုများလည်း လျော့နည်းပပျောက်လာမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဗီဒီယိုကွန်ဖရင့်စနစ်အသုံးပြု၍ ပညာရှင်များ ဆွေးနွေးပွဲပြုလုပ်ခြင်းသည် အလွန်ကောင်းမွန်အကျိုးရှိပါကြောင်းနှင့် ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ နောင်ပြုလုပ်မည့်ဆွေးနွေးပွဲများတွင် လူငယ်များ၊ အားကစားသမားများ၊ နည်းပြများ၊ နိုင်ငံ့ဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် နေရာဒေသအရပ်ရပ်ရှိ သာမန်ပြည်သူများကိုလည်း ဖိတ်ခေါ်ဆွေးနွေးရန် တိုက်တွန်းလိုပါကြောင်း၊ သို့မှသာ နယ်ပယ်စုံမှပြည်သူများ၏ အမြင်ရှုထောင့်များကို သိရှိနိုင်မည်ဖြစ်ပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

## ကြိုးပမ်းဆောင်ရွက်သွားရန်လို

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်သည် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး “Exercise is Medicine” အစီအစဉ်အရ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် Fitness dance များကို ကျယ်ကျယ်ပြန့်ပြန့် သရုပ်ပြခြင်း ဆောင်ရွက်ခဲ့သည်ကိုတွေ့ရပြီး ယခုကဲ့သို့သော ကိုဗစ်-၁၉ ခေတ်ကာလ၌ တစ်ဦးချင်းကစား၍ရသော အားကစားနည်းများကိုအားပေးရန် လိုအပ်ပါကြောင်း၊ ပြည်သူများအကြားတွင် ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခြင်းကို မဖြစ်မနေ လုပ်ဆောင်ရမည်ဟူသောအမူအကျင့်၊ အလေ့အထတစ်ခုဖြစ်လာသည်အထိ ပြောင်းလဲဖြစ်ပေါ်လာစေရန် မိမိတို့အားလုံး အလေးထား၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ အိမ်ထောင်စုတစ်စုချင်းအနေဖြင့်လည်း နေအိမ်၌ပင်ပြုလုပ်နိုင်သော ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းတစ်ခုခုကို နေ့စဉ်ပြုလုပ်ရန် မိသားစုဝင်အချင်းချင်းအသိပေးခြင်း၊ သတိပေးခြင်းများကို ပြုလုပ်ပေးစေလိုပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အားကစားပြုလုပ်ခြင်း၏ ရရှိနိုင်သောရေတိုနှင့် ရေရှည်အကျိုးကျေးဇူးအမျိုးမျိုးကို ရေးသားထားသောစာအုပ်ကို အပြီးသတ်တည်းဖြတ်လျက်ရှိပြီး မကြာမီထုတ်ဝေကာ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ အားကစားလုပ်ခြင်းသည် တစ်ဦးချင်းစီ၏ ကျန်းမာရေးအတွက်သာမကတစ်နိုင်ငံလုံး၏ ကျန်းမာရေးကောင်းမွန်တိုးတက်ရေးကို လုပ်ဆောင်နေခြင်းဖြစ်သဖြင့် မြန်မာအမျိုးသမီးအားကစား အဖွဲ့ချုပ်၏ စိတ်ပါဝင်စားစွာ ဆောင်ရွက်လျက်ရှိသည်များကို ဆက်လက်ပူးပေါင်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

## ပိုမိုအရှိန်အဟုန်မြှင့် လုပ်ဆောင်

ယင်းနောက် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက ဒေါက်တာမြလေးစိန်က မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်သည် ၁၉၉၀ ပြည့်နှစ်မှ ယနေ့အထိ နှစ်ပေါင်း(၃၀)တိုင် ရပ်တည်လာနိုင်ခဲ့ပြီး ဥက္ကဋ္ဌများ၊ အမှုဆောင်များ ပြောင်းလဲသည့်တိုင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ ရည်ရွယ်ချက်ဖြစ်သော အမျိုးသမီးများ၊ မိခင်များ၊ အမျိုးသမီး အားကစားသမားများ၏ အကျိုးဖြစ်ထွန်းစေသော ကိုယ်ခန္ဓာနှင့်စိတ်ဓာတ်များ ကျန်းမာသန်စွမ်းစေသော မြှင့်တင်ဆောင်ရွက် လှုပ်ရှားမှုများကို ယခင်ကထက် ပိုမိုအရှိန်အဟုန်မြှင့် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလတွင်လည်း ယခင်ကာလများမှ ဖြစ်ပွားခဲ့သောရောဂါဗေဒများ ဖြတ်ကျော်ခဲ့ပြီးသည့် အတွေ့အကြုံကောင်းများကို အသုံးချပြီး New Normal Life ကို ကျင့်သုံးနေထိုင်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ နေထိုင်ရာတွင် လူတိုင်းသည် ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်အာဟာရ မျှတဖွံ့ဖြိုးနေထိုင်ရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့သော အခြေအနေတွင် ကိုယ်ခံအားစနစ်ကောင်းမွန်အောင် အဓိကလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်ရမည့်အချက်တွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများဖြင့်သာ ပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး (EIM) သည် မိမိတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ကသာ ဆောင်ရွက်နေသည်မဟုတ်ဘဲ UN ၊ WHO၊ IOC ကဲ့သို့ ကမ္ဘာ့အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းကြီးများမှပါ ကျယ်ကျယ်ပြန့်ပြန့်တွင်ကျယ်စွာ ကမ္ဘာအနှံ့၌ ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံအတိုင်းအတာဖြင့် လှုပ်လှုပ်ရှားရှား လူထုအားကစားပြိုင်ပွဲကို ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် အဆင့်(၄)သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထိုလှုပ်လှုပ်ရှားရှား လူထုအားကစားပြိုင်ပွဲသည်လည်း ပြိုင်ပွဲအသွင်မဟုတ်ဘဲ တစ်နိုင်ငံလုံးအတိုင်းအတာထိ ပြည်သူများ ပါဝင်လာမှုကို အဓိကထားဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းအားကစားကို မဖြစ်မနေလုပ်ဆောင်ရမည့် အလေ့အကျင့် ဝါသနာအစွဲတစ်ခုကဲ့သို့ ဖြစ်လာစေရန် လိုအပ်ပါကြောင်း၊ ထိုမှသာ New Normal Life Era တွင် အပြုအမူ၊ နေထိုင်မှုပုံစံ၊ ခံယူချက်များ ပြောင်းလဲပြီး ကျန်းမာသန်စွမ်းကာ စိတ်ဓာတ်ခိုင်မာသောနေထိုင်မှုမျိုး နေထိုင်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးက မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့၏ ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များ၊ COVID-19 ကာလမတိုင်မီ အဖွဲ့၏ဆောင်ရွက်နိုင်မှုများ၊ လတ်တလော ဆောင်ရွက်ချက်များနှင့် ရှေ့ဆောင်ရွက်လုပ်ဆောင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်ပူးပေါင်း၍ ကိုယ်လက်လှုပ်ရှားအားကစားဖွံ့ဖြိုးတိုးတက်ရေးအကြောင်းများကို ဆွေးနွေးသည်။

## ကဏ္ဍအလိုက် ဆွေးနွေး

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (ကျွမ်းကျင်သူ) ဒေါက်တာ ရဲတင့်လွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန (စစ်ကိုင်းတိုင်း) ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ (ကရင်) ဆပ်ကော်မတီခေါင်းဆောင် ဒေါက်တာသီသီဝင်းတို့က ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က သုံးသပ်ပြောကြားရာတွင် ယခုကာလတွင် အားကစားလှုပ်ရှားမှု အသိပညာပေး လုပ်ငန်းများဆောင်ရွက်ရာ၌ ဆက်သွယ်ရေး၊ ပြန်ကြားရေးဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ပိုမိုလုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ အွန်လိုင်းပြိုင်ပွဲများ ပြုလုပ်ရာတွင် အသက်အရွယ်ပေါင်းစုံ ပါဝင်နိုင်ရန် သက်ဆိုင်ရာအသက်အရွယ်အလိုက် ပြိုင်ပွဲများပြုလုပ်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာသန်စွမ်းသော ကလေးသူငယ်များဖြစ်ပေါ်လာစေရေးအတွက် အားကစား လှုပ်ရှားမှုများ ပြုလုပ်ရာတွင် မသန်စွမ်းကလေးသူငယ်များအတွက်ပါ ထည့်သွင်းစဉ်းစား ကျင်းပပေးရန် လိုအပ်ကြောင်း ပြောကြားပြီး အမေးအဖြေကဏ္ဍများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ ***ရှေ့ဖုံးမှ***

ထို့ပြင် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် JSM International ကုမ္ပဏီတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၁၁၄ ဦး၊ ဂျပန်မှ ကိုးဦး၊ ဘရာဇီးမှ ၁၂ ဦး၊ တရုတ်မှ နှစ်ဦး၊ မြန်မာ သင်္ဘောသား ၁၃၇ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာ ကန့်သတ်မှု ခုနစ်ရက်နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## ခရစ္စမတ်အကြို ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**


မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် (MECA)က ကြီးမှူး၍ ၂၀၂၀ ပြည့်နှစ် ခရစ္စမတ်အကြို ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ယုံကြည်သူများအသင်းတော်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ခရစ်ယာန်အသင်းတော်များမှ သင်းအုပ်ဆရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် (MECA)မှ ဘဏ္ဍာရေးမှူး Rev. Thein Tan Tun က ကျမ်းစာဖတ်ကြားခြင်း၊ Rev. NC Thawng Tha Thang က အစပြုဆုတောင်းခြင်း၊ Worship Team အဖွဲ့က ချီးမွမ်းကိုးကွယ်ခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ခရစ္စမတ်ပွဲတော်သည် ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ် စည်ကားသိုက်မြိုက်စွာကျင်းပကြသည့် ပွဲတော်တစ်ခုဖြစ်ပြီး ယေရှုခရစ်တော် (Jesus Christ) ဖွားမြင်ရာနေ့ကို အထိမ်းအမှတ်ပြု၍ ကျင်းပကြခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသည့် ခရစ်ယာန်ဘာသာဝင်များက ခရစ်တော်၏ မွေးနေ့တော်ကို ရည်မှန်းပြီး ခရစ်တော်၏ကျေးဇူးတော်များကို ချီးမွမ်းကြကာ ခရစ်တော်၏ အလိုတော် ဆန္ဒနှင့်အညီ လူသားများအားလုံး တစ်ဦးနှင့်တစ်ဦး မေတ္တာတရား ထားရှိနိုင်ကြပါစေ၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာထွန်းကားကြပါစေဆိုသည့် ဆုတောင်းသံများ ပျံ့လွင့်လျက်ရှိနေမည်ဟု ယုံကြည်ပါကြောင်း။

ဘုရားသခင်၏အလိုတော်အတိုင်း လူသားတို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်ကြမည်၊ ကိုယ်ချင်းစာနာစိတ်၊ ခွင့်လွှတ်သည်းခံစိတ် စသည့် စိတ်ကောင်းစိတ်မွန်များ ထားရှိကြမည်ဆိုလျှင်




လူ့ဘောင်လောကကြီးသည် သာယာချမ်းမြေ့ပြီး နေချင်စဖွယ်အတိဖြစ်လာမည် မလွဲကေန်ဖြစ်ပါကြောင်း၊ အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် အချင်းချင်း တစ်ဦးအပေါ် တစ်ဦး မေတ္တာစိတ်ထားရှိပြီး သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ကိုယ်ချင်းစာနာခြင်းတို့ဖြင့် အတူလက်တွဲနေထိုင်သွားကြမည်ဆိုပါက ငြိမ်းချမ်းသာယာသော လူ့ဘောင်ဘဝကို ရရှိခံစားကြရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငြိမ်းချမ်းရေး ရရှိရန် လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေး ရရှိရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်မှုဖြင့် နယ်ပယ်အသီးသီးက ကြိုးပမ်းဆောင်ရွက်ကြလျက်ရှိပါကြောင်း၊ ဘာသာအသီးသီးက ဘာသာရေးခေါင်းဆောင်များ၊ ဘာသာဝင်များကလည်း ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးမှသည် နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာစေရေးအတွက် ကြိုးပမ်းကြလျက်ရှိသည့် အချိန်အခါလည်း ဖြစ်ပါကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များ၊ ခရစ်ယာန်ဘာသာဝင်များသည် တက်တက်ကြွကြွနှင့် ပါဝင်ဆောင်ရွက်နေသည်ကို ထင်ရှားစွာတွေ့မြင်ရသည့်အတွက် လွန်စွာ ဝမ်းမြောက်ရပါကြောင်း။

ယခုကဲ့သို့အေးချမ်းသာယာသည့် ခရစ္စမတ်ပွဲတော်ကာလ အခါသမယတွင် ခရစ်ယာန်ဘာသာဝင်အပေါင်းတို့သည် ခရစ်တော်၏ဟောကြားချက် အဆုံးအမများကို ဦးထိပ်ထားလျက် ကျေးဇူးတော်အစုံကို ခံယူနိုင်ကြပါစေ။ ကိုဗစ်-၁၉ ရောဂါပိုးများကင်းစင်၍ မိမိတို့ ဘာသာ သာသနာအကျိုးကို ကောင်းစွာ ထမ်းဆောင်နိုင်ကြပါစေ။ မိမိတို့မှီတင်းနေထိုင်ရာ နိုင်ငံတော်အပေါ်၌ သစ္စာစောင့်သိ၍ နိုင်ငံ့အကျိုးကို နိုင်ငံသားကောင်းပီသစွာ ထမ်းရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်းက ဗီဒီယိုကွန်ဖရင့်ဖြင့် ခရစ္စမတ် နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက တစ်ပင်တိုင်သီချင်း သီဆိုခြင်း၊ နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း၊ နိုင်ငံတော်အတွက် ဆုတောင်းခြင်း၊ ခရစ္စမတ် တရားဒေသနာ ဟောကြားခြင်း၊ MECA အတွက် ဆုတောင်းပေးခြင်း၊ ကျေးဇူးတင်စကားပြောကြားခြင်း၊ အဆုံးသတ် ကောင်းချီးတောင်းခံပေးခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ခဲ့ကြသည်။

**သတင်းစဉ်**

## မရမ်းကုန်း (၇)ရပ်ကွက်မှ မိသားစုများအား အခြေခံစားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း (၇) ရပ်ကွက် အတွင်းရှိ မိသားစု ၁၈၉ စုတို့အတွက် အခြေခံစားသောက်ကုန် ကိုးမျိုးကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ပေးအပ်လှူဒါန်းသည်။

အလှူရှင်များဖြစ်ကြသော ဦးသိန်းမောင်+ ဒေါ်ပါးပါးအား အမှူးထား၍ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စန္ဒီပရဆေး မန်နေဂျင်းဒါရိုက်တာ တင်မောင်မိသားစု၊ ဦးထွန်းရွှေ+ ဒေါ်သင်းသင်းဆွေ ထွန်းရွှေဝါတိုင်းရင်းဆေးမိသားစုနှင့် တိုင်းရင်းဆေးမိသားစုများက အခြေခံစားသောက်ကုန်ပစ္စည်း ကိုးမျိုးကို လှူဒါန်းကြသည်။

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့၊ မရမ်းကုန်းမြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် မရမ်းကုန်းမြို့နယ် (၇) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ရပ်ကွက်အတွင်းသို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(အောက်ပုံ)**

**ကိုဌေး**



## မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင်ပဟေဠိပြိုင်ပွဲ ဆုရသူများအား ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင်ပဟေဠိပြိုင်ပွဲ (8 PM Quiz Night Show) တွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ဦးဇော်မြင့်ဦး၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးဇော်မင်း(ဟံသာမြေ)၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးဝင်းမြိုင်နှင့် ဆုရရှိသူများ တက်ရောက်ကြသည်။

ပထမဆုရရှိသူ မသိမ့်သူဇာစိုးအား **(ယာပုံ)** ငွေကျပ်ငါးသိန်းနှင့် iPhone တို့ကိုလည်းကောင်း၊ ဒုတိယဆုရရှိသူ Kat Kat 18 Account ပိုင်ရှင်အား ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ တတိယဆုရရှိသူ မောင်ငြိမ်းချမ်းအား ငွေကျပ်နှစ်သိန်းတို့ကိုလည်းကောင်း



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါ မြန်မာ့ရုပ်ရှင် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင်ပဟေဠိပြိုင်ပွဲ (8 PM Quiz Night Show) သို့ ဝင်ရောက်ယှဉ်ပြိုင်သူ ၉၁၇ ဦးရှိပြီး ရုပ်ရှင်အနုပညာနှင့် ပတ်သက်သည့် မေးခွန်းပေါင်း ၃၀ အား ကွန်ပျူတာ ဆော့ဝဲလ် အသုံးပြု၍ မေးမြန်းခဲ့ခြင်းဖြစ်ကာ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးနှင့် 7 Day TV တို့က ပူးပေါင်းစီစဉ် တင်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သက်ဦး (FDC)**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# အဓိပတိလမ်းက ဖြတ်လျှောက်မှတ်တမ်း

## ဒေါက်တာ ခင်မောင်လွင်(လမ်းမတော်)

**ကျေပါတယ် မအေးစိန်ရယ်**

ခွက်စုတ်ကလေးများနှင့် ရေပက်ကစားနေရသော ကျွန်တော်တို့ ကလေးတစ်သိုက်မှာ ရေပက်ခံထွက်လာသော ဂျစ်ကားပေါ်မှ အစ်ကိုကြီး၊ အစ်မကြီးများ၏ သရော်လှောင်ပြောင်မှုကို ဤသို့ သံပြိုင်အော်ဟစ် တုံ့ပြန်ခဲ့ဖူးပါသည်။ ဘေးနားက ဖြတ်သွားသော ရေပက်ခံကားပေါ်မှ အမျိုးသားအချို့ကလည်း ရေလှမ်းပက်ရင်း “မအေးစိန် ပါလားဗျို့”ဟု အော်ပြောသွားသည်ကို လှမ်းသတိရမိ၏။

အမှန်အားဖြင့် မအေးစိန်ကိုလည်း မသိပါ။ သူ့ဇာတ်လမ်းကိုလည်း မသိပါ။ အစ်ကိုကြီးများ ပြောနေသံကို သံယောင်လိုက်၍ အော်လိုက်ကြခြင်းသာဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်တို့ ရေပက်နေကြသော နေရာသည် နာမည်ကြီး “ရန်ကင်းကောလိပ်” အဝင်ဝလမ်းချိုးနားမှာ ဖြစ်ပါသည်။ အရွယ်ရောက်လာသောအခါမှ “ကောလိပ်ဂျင်” ရုပ်ရှင်ကားကြီးမှ ဇာတ်ဝင်စကားလုံးဖြစ်ပြီး လူကြားမှာ ရေပန်းစားအသုံးများခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ရန်ကုန်ယူနီဗာစီတီကောလိပ်မှ ပေါက်ဖွားလာသော ဆွတ်ပျံ့ဖွယ် ဇာတ်လမ်းတစ်ပုဒ်။ ကောလိပ်ကျောင်းသား၊ ကောလိပ်ဘောလုံးသမားမှ ရုပ်ရှင်မင်းသားဖြစ်လာသော ကောလိပ်ဂျင်နေဝင်းမှာလည်း သူသရုပ်ဆောင်ခဲ့ရာ ဇာတ်ကားမှတစ်ဆင့် ကောလိပ်ဂျင်နေဝင်းအဖြစ် အမည်ကျော်ကြားခဲ့ပြီး ရုပ်ရှင်ကားပေါင်းများစွာ ရိုက်ကူးပေးခဲ့ရုံမက အကယ်ဒမီရုပ်ရှင် ထူးချွန်ဆုကြီးကိုပါ ရရှိဆွတ်ခူးခဲ့သူ ဖြစ်ပါသည်။

သို့သော် သူ့ကို “ကောလိပ်ဂျင်” ဖြစ်လာအောင် ဖန်တီးပေးခဲ့သူတစ်ယောက်ရှိကြောင်း နောက်မှ သိလာရသည်။ သူကားဆရာကြီး ဇဝနပင်ဖြစ်ပါသည်။ “ကောလိပ်ကျောင်းသား” ဝတ္ထုရှည်သည် ကျောင်းသူ ကျောင်းသားတို့၏ ဘဝသရုပ်ဖော်ရာ၌ ပီပြင်လှပါ၏။ ပီဘိသေးငယ်လှသော ရန်ကုန်တက္ကသိုလ်၏ အဝန်းအဝိုင်းထဲကနေ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့ကြားထဲ တိုးဝင်ထွင်းဖောက်နိုင်ခဲ့ပါသည်။ ဆရာဇဝနက ဟာသသန်သူဖြစ်သဖြင့် သူဖန်တီးအသက်သွင်းခဲ့သော ကောလိပ်ဂျင်နေဝင်းမှာလည်း ဟာသသရုပ်ဆောင်၊ သဘာဝ သရုပ်ဆောင်ဖြစ်ခဲ့လေသည်။

သူတို့နှင့်လုံးဝမတူသော စာရေးဆရာကြီးကား တက္ကသိုလ် ဘုန်းနိုင်ပင်။ “သူငယ်ချင်းလို့ပဲဆက်၍ ခေါ်မည်ခိုင်” ဝတ္ထုသည် ချစ်တတ်သူတို့၏ ရင်ထဲသို့ တသိမ့်သိမ့် ဝင်ရောက်ခဲ့၏။ သူ့ဝတ္ထုများမှာ ပညာရပ်ဆိုင်ရာနှင့်တွဲ၍ သူကိုယ်တိုင် ထိုးလိုက်သော တယောသံကဲ့သို့ ခံစားရစေ၏။ သိင်္ဂါရ ရသကို ပေးစွမ်းသည်ချင်း အတူတူ ဆရာငြိမ်းကျော်၏ “နှလုံးသားမြို့ပြောင်းတူးဖော်ချက် နောက်ဆုံးအစီရင်ခံစာ” မှာ တက္ကသိုလ်၏ ပညာရနံ့လွှမ်းနေသော အချစ်ဇာတ်လမ်းတစ်ပုဒ်ပင်။ မတူညီသော ခံစားချက်ဖြင့် လက်သံပြောင်ခဲ့သော ဆရာအောင်ပြည့်၏ “ပြိုမှာလေလား မိုးရဲ့” ဝတ္ထုနှင့်အတူ သူနှင့် ဆရာကြီး သော်တာဆွေ၊ ပန်းချီအောင်စိုးတို့၏ လျှပ်တစ်ပြက် သရုပ်ဆောင်မှုကိုလည်း ကြည့်ရှုခွင့်ရခဲ့ပါ၏။

တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေကြားမှာ သည်းသည်းလှုပ်ခဲ့သော ရုပ်ရှင်ကားတစ်ကားမှာ “ပန်းတွေနဲ့ဝေ” ဖြစ်ပါသည်။ စန္ဒရား လှထွဋ်၏ သီချင်း၊ ညွန့်ဝင်းနှင့် ခင်ယုမေတို့၏ သရုပ်ဆောင်မှုများမှာ စွဲငြိစရာပင်။ ရန်ကုန်ယူနီဗာစီတီကောလိပ်မှသည် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်စသည်ဖြင့် အမည်တံဆိပ်ကပ်နှိပ်၍ လူထုအတွင်း ထွက်လာသော ဇာတ်အစုံစုံတို့မှာ ရုပ်ရှင်သရုပ်ဆောင်သူများသာမက စာရေးဆရာကြီးများသည်လည်း သရုပ်ပြအမှွမ်းတင်သူများ၊ ဒါရိုက်တာများ၊ ပင်မဇာတ်ဆောင်များအဖြစ် မှတ်မှတ်သားသားရှိမိပါသည်။

ရန်ကုန်တက္ကသိုလ်ဟူသော ဇာတ်ပန္နက်မှ ထွက်လာသမျှသော ဇာတ်လမ်းများမှာ တကယ့်ဘဝနှင့် နီးစပ်သည်လည်းရှိ၊ စိတ်ကူးယဉ်ဆန်သည်လည်းရှိ၊ ပညာရပ်ဖြင့် မွမ်းထုံထားသည်လည်းရှိပါ၏။ ထိုအထဲမှ တကယ့်ဘဝ ဖြစ်စဉ်များကား ယခုအခါ အနှစ်တစ်ရာ သမိုင်းစာမျက်နှာဖြစ်လာခဲ့ပေပြီ။ အသီးသီးသော ပုဂ္ဂိုလ်တို့၏ လေ့လာသုံးသပ်ရေးသားတင်ပြချက်များသည် မှတ်သားစရာကောင်းလှတော့၏။ သို့ရာတွင် နှောင်းလူတို့အတွက် မှတ်သားစရာကောင်းသလောက် ရန်ကုန်တက္ကသိုလ်၏ သမိုင်းကို ဖန်တီးခဲ့ကြသူများမှာ ဘဝကြမ်းကို ဖြတ်သန်းခဲ့ရသူချည်းပင်ဖြစ်ပါ၏။

သာမန်အားဖြင့်ကြည့်လျှင် ဤပညာရပ်ဝန်းဒေသမှ သိပ္ပံ၊ ဝိဇ္ဇာအတတ်ပညာတွေသာ ထွက်လာမည်ဟု ထင်စရာရှိသော်လည်း လက်တွေ့တွင် အတွေးအခေါ် မြင့်မားမှုကို မွေးမြူရင်း လူသားတို့၏ ခံစားမှုကို အခြေပြု၍ ထွက်လာသော အဖြစ်အပျက်များမှာ အနှစ်တစ်ရာနှင့်အမျှပင်။ ပို၍စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဤမည်သော ရန်ကုန်ယူနီဗာစီတီကောလိပ်ကြီး၏ အစဆုံးသမိုင်းကိုပင် “ပေါက်ကွဲသံစဉ်”နှင့် ခရီးဦးကြိုပြုခဲ့သည့် အချက်ပင်။

**နိုင်ငံရေးမျက်စိဖွင့်ပေး**

ဆီးစေ့နှင့် မြင်းမိုရ်တောင်ကိုပေါက်၍ စိန်ခေါ်သကဲ့သို့ ရန်ကုန်တက္ကသိုလ် ကျောင်းသားတစ်စုသည် နေမဝင်အင်ပါယာကြီး အရှင်သခင် အင်္ဂလိပ်အစိုးရကို စိန်ခေါ်ခဲ့ပါသည်။ တစ်ဆက်တည်းပင် မြန်မာတစ်နိုင်ငံလုံး၌ “အမျိုးသားရေး စိတ်ဓာတ်”ကို လှုံ့ဆော်ပေးခြင်းဖြင့် ကြမ်းတမ်းခက်ခဲလှသော လွတ်လပ်ရေး တိုက်ပွဲများဆီသို့ လူထု၏ ပူးပေါင်းပါဝင်မှုကို ဦးတည်စေခဲ့ပါသည်။ ရန်ကုန် ယူနီဗာစီတီကောလိပ်မှ အစတည်၍ အမျိုးသားကျောင်းများ ဖြစ်တည်လာပြီး မြန်မာလူငယ်တို့ကို နိုင်ငံရေးမျက်စိဖွင့်ပေးရာမှအစပြု၍ တက္ကသိုလ် ကျောင်းသား အစဉ်အဆက်သည် နိုင်ငံရေးတိုက်ပွဲများကို လူထုကြားမှာ ဦးဆောင်သွားကြသည်ဟု ဆိုနိုင်ပါသည်။

အထင်ရှားဆုံး အမွေအဖြစ်ပြစရာ “ခွေးသရမ်းကြီးလွတ်နေသည်”ဟူသော ဆောင်းပါးပါသောကြောင့် အယ်ဒီတာချုပ်လုပ်နေသော သခင်အောင်ဆန်းကို အရေးယူခဲ့ခြင်းသည် သာဓကတစ်ခုပင်။ အင်္ဂလိပ်ခေတ်ထွက် နိုင်ငံရေးသမားကြီးများကို ထိုးဖောက်၍ လူငယ်များ၏ စွန့်စားတော်လှန်မှုသည် အရင်းအနှီးကြီးကြီး ပေးခဲ့ရသလောက် လွတ်လပ်ရေးဟူသော ဆုထူးကြီးကို နှလုံးရည်၊ လက်ရုံးရည်နှင့်ရယူခဲ့သောကြောင့်သာ ကျွန်တော်တို့တစ်တွေ ယခုလို တက္ကသိုလ် ရာပြည့်ပွဲတော်ကြီးကို လွတ်လပ်သော နိုင်ငံသားများအဖြစ် ဆင်နွှဲခွင့်ရနေကြခြင်းပင်။

ကျွန်တော်ကား လွတ်လပ်သော မြန်မာနိုင်ငံသားအဖြစ် မွေးဖွားလာခဲ့သော အခွင့်ထူးခံလူသားတစ်ယောက်ပင်ဖြစ်ပါသည်။ ပို၍ထူးခြားသော အခွင့်အရေးများအဖြစ် ရန်ကုန်တက္ကသိုလ်ကြီး၏ အဓိက ဇာတ်ဆောင်များ၊ ဇာတ်ပို့၊ ဇာတ်ရံများနှင့် ကံအားလျော်စွာ ထိတွေ့ခွင့်ရရှိခဲ့ခြင်းပင်။ ရန်ကုန်တက္ကသိုလ်တည်းဟူသော ပင်မဇာတ်အိမ်ကြီးမှ ဖြာထွက်လာသော ဇာတ်ခုံတွင် အခန်းကဏ္ဍအမျိုးမျိုးမှ သရုပ်ဆောင် သွားကြသူများကြားတွင် ကျွန်တော်လည်း “ဖြတ်လျှောက်” တစ်ယောက်အနေဖြင့် ပါဝင်ခဲ့ရပါသည်။ ထင်ရှားကျော်ကြားသူများ၏ သရုပ်ကို ပီပြင်စေရန် မထင်မရှား၊ အမှတ်တမဲ့ဖြတ်လျှောက်ပေးရသောသူတစ်ယောက်ဖြစ်၍ ဇာတ်ပို့၊ ဇာတ်ရံဟုပင် မခေါ်ထိုက်သူဖြစ်ပါသည်။

ကျွန်တော် ရှစ်တန်းကျောင်းသားအရွယ်ကပင် စတင်၍ ရန်ကုန်တက္ကသိုလ်မင်းသားကြီးများနှင့် ထိတွေ့ခွင့်ရခဲ့၏။ ၁၉၆၅ ခုနှစ် ပေလီလူရည်ချွန်စခန်းတွင် ဖြစ်ပါသည်။ ပင်လယ်ကမ်းစပ် ကျောက်တုံးကျောက်ဆောင်များကြားတွင် တူတစ်ချောင်းကိုင်ကာ သင်ပြခဲ့သော ဘူမိဗေဒ ပါမောက္ခကြီး ဒေါက်တာ ညီညီ။ သံပချိုပ်၊ နတ်သမီးဆံထိုးစသော ပင်လယ်သတ္တဝါငယ်လေးများ အကြောင်း သင်ပြသော ပါမောက္ခ ဒေါက်တာ သာမြင့်။ ရေချို၊ ရေငန်မှာ ရှင်သန်နေသော အပင်များအကြောင်း သင်ပြသော ပါမောက္ခ ဒေါက်တာ သန်းထွန်း စသူတို့ထံမှ တန်ဖိုးမဖြတ်နိုင်သော ပညာရပ်များကို ရခဲ့ပါ၏။

ပေလီညမှောင်မှောင် သဲသောင်ပေါ်မှ လျှောက်သွားရင်း ကောင်းကင်ကို ညွှန်ပြကာ နက္ခတ်တာရာများအကြောင်း သင်ပြပေးခဲ့သော ဆရာကြီး မင်းသုဝဏ်ထံမှ ဆည်းပူးခဲ့ရသော ပညာများဖြင့် ကျွန်တော်စာရေးဖြစ်ခဲ့၏။ နက္ခတ်တာရာများနှင့် ကဗျာများ၏ ဆက်စပ်မှုကို သိမြင်လာခဲ့ရသဖြင့် ယနေ့ထက်တိုင် ကြယ်တာရာလေးများ၏ မိတ်ဆွေအဖြစ် ရပ်တည်ဆဲပင်။

**“မောင်ရင်ဆိုင်းထမ်း၊ ရေမှုတ်ကမ်း လက်လှမ်းမမီနိုင်”**

“ကြတ္တိကာကြယ်ခုနစ်သွယ် ကြက်ငယ်စုသလို” စသည့် သံပေါက်များဖြင့် မိတ်ဆက်ပေးခဲ့သော ဆရာကြီး မင်းသုဝဏ်ကြောင့် ကမ္ဘာ့အပြင်ဘက်သို့ ဆန့်ထွက်နိုင်သော စိတ်ကူးကို မွေးမြူနိုင်ခဲ့ပါသည်။ ဆရာကြီးကြောင့် ဒေါက်တာ ခင်မောင်လွင် (လမ်းမတော်) ဖြစ်ခဲ့ရ၏။

ပေလီစခန်းမှအပြန် ရန်ကုန်လူရည်ချွန်စခန်းတွင် တကောင်းဆောင်၌ တည်းခိုခွင့်ရခဲ့ပါသည်။ တကောင်းဆောင်သည် မိန်းကလေးဆောင်ဖြစ်ကြောင်းကို ရှစ်တန်းကျောင်းသား ကျွန်တော်မသိသေးပါ။ သို့သော် တက္ကသိုလ်မြေသို့ ခြေချခွင့်ပထမဦးဆုံး ရခဲ့ပေပြီ။

*စာမျက်နှာ ၉ သို့*



ရန်ကုန်တက္ကသိုလ် (၉၆) နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် အလှမယ်ရွေးချယ်ပွဲ ကျင်းပစဉ်။

“ဆီးစေ့နှင့်မြင်းမိုရ်တောင်ကိုပေါက်၍ စိန်ခေါ်သကဲ့သို့ ရန်ကုန်တက္ကသိုလ်ကျောင်းသားတစ်စုသည် နေမဝင်အင်ပါယာကြီး အရှင်သခင် အင်္ဂလိပ်အစိုးရကို စိန်ခေါ်ခဲ့၊ တစ်ဆက်တည်းပင် မြန်မာ တစ်နိုင်ငံလုံး၌ “အမျိုးသားရေး စိတ်ဓာတ်”ကို လှုံ့ဆော်ပေးခြင်းဖြင့် ကြမ်းတမ်းခက်ခဲလှသော လွတ်လပ်ရေးတိုက်ပွဲများဆီသို့ လူထု၏ ပူးပေါင်းပါဝင်မှုကို ဦးတည်စေခဲ့၊ ရန်ကုန်ယူနီဗာစီတီကောလိပ်မှ အစတည်၍ အမျိုးသားကျောင်းများ ဖြစ်တည်လာပြီး မြန်မာလူငယ်တို့ကို နိုင်ငံရေးမျက်စိဖွင့်ပေးရာမှအစပြု၍ တက္ကသိုလ်ကျောင်းသား အစဉ်အဆက်သည် နိုင်ငံရေးတိုက်ပွဲများကို လူထုကြားမှာ ဦးဆောင်သွားကြသည်ဟု ဆိုနိုင်”



### စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- (၁၉၆၇)ခုနှစ်မှစ၍ စာပေနယ်သို့ ဝင်ရောက်သည်။
- ဒေါက်တာ ခင်မောင်လွင် (လမ်းမတော်)ကလောင်အမည်ဖြင့် (၁၉၇၅) ခုနှစ်မှစ၍ သတင်းစာဆောင်းပါးများ ရေးသားခဲ့သည်။ ဒေါက်တာခင်မောင်လွင် အမည်ရင်းဖြင့်လည်းကောင်း ၊ အောင်ဖုန်းမြင့်ဦး ကလောင်အမည်ဖြင့် လည်းကောင်း ဂျာနယ်များတွင် ရေးသားခဲ့သည်။ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်များကို ရေးသားလျက်ရှိပါသည်။
- (၂၀၀၇)ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းစာပေဆု၊ (၂၀၁၉)ခုနှစ်တွင် သုတစွယ်စုံစာပေဆုများ ရရှိခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် (၃၄)နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုလက်ရှိ အမျိုးသားရေအရင်းအမြစ် ကော်မတီ၏ အကြံပေးအဖွဲ့ဝင်အဖြစ် လည်းကောင်း ကျန်းမာရေးဆိုင်ရာ အပြုအမူ ပြောင်းလဲရေး ဘာသာရပ်တွင် ဂုဏ်ထူးဆောင် ပါမောက္ခအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

# လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ဓာတ်ပုံ)**




ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လူကုန်ကူးခံရခြင်းများ ပိုမိုများလာနိုင်

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် ကျန်းမာရေး ပြဿနာသာမက လတ်တလောနှင့် ရေရှည်တွင်ပါ လူမှုရေး၊ စီးပွားရေးတို့ကို ထိခိုက်သက်ရောက်မှု ရှိပါကြောင်း၊ အစိုးရအနေဖြင့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ စီမံချက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးဆိုသည့်မူ ပါရှိပါကြောင်း၊ အစိုးရအနေဖြင့်လည်း လူတိုင်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ၏ စီးပွားရေးသက်ရောက်မှုများသည် လူတစ်ဦး တစ်ယောက်ချင်းစီနှင့် အိမ်ထောင်စုများတွင် ကြုံတွေ့နေရခြင်းဖြစ်၍ ပြဿနာကို ဖြေရှင်းရာတွင် အမျိုးသားရေးစိတ်ဓာတ်၊ စာနာရိုင်းပင်းမှု၊ သတိ၊ လုံ့လဝီရိယရှိမှု၊ ထိုးထွင်းကြံဆနိုင်မှုများနှင့် အခက်အခဲများကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ရန် အရေးကြီးပါကြောင်း၊ ကိုဗစ်-၁၉ ကာလတွင် ပုံမှန် အလုပ်အကိုင်များ အခက်အခဲရှိလာခြင်း၊ အွန်လိုင်းအသုံးပြုမှု များပြားလာသည်နှင့်အမျှ လိမ်ညာလှည့်ဖြားမှုများ ပိုမိုဖြစ်လာနိုင်ခြင်းတို့ကြောင့် ပြည်တွင်း၌ပင် လူကုန်ကူးခံရခြင်းများ ပိုမိုများပြားလာနိုင်ပါကြောင်း၊ လူကုန်ကူးခံရသူများသည် အမျိုးသမီးငယ်ရွယ်သူများနှင့် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအများစု ဖြစ်ကြပါကြောင်း၊ အမျိုးသမီးများသာမက အမျိုးသားများလည်း ပါဝင်သည်ကို သတိရှိရန် လိုပါကြောင်း။

လူကုန်ကူးမှုပြဿနာကို တားဆီးကာကွယ်ရန် လိုအပ်သကဲ့သို့ လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် အစိုးရအနေဖြင့် မလွှဲမသွေ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှုကိစ္စများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခွဲသုံးခုကို ဖွဲ့စည်းထားရှိပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အထိ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့တွင် ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအဖွဲ့ဝင်ဌာနများ၊ ဆက်စပ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဦးဆောင်ပြီး ရေးဆွဲထားရှိသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းများ၏ နှစ်စဉ်လုပ်ငန်းစီမံချက်ပါ လုပ်ငန်းရပ်များကို ရာနှုန်းပြည့်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

ထို့ပြင် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၂၀၁၂ ခုနှစ်တွင် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေးနှင့် မိသားစုနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ အမျိုးသားလုပ်ငန်းလမ်းညွှန်ကို ရေးဆွဲဖော်ထုတ်ခဲ့ပါကြောင်း၊ သို့သော်လည်း ယင်းလုပ်ငန်းလမ်းညွှန်အရ အကောင်အထည်ဖော်ရာတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် ဝန်ဆောင်မှုပေးနေသူများအနေဖြင့် ၎င်းတို့၏ အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ပေးရမည့် ဝန်ဆောင်မှုများကို ရှင်းလင်းတိကျစွာ သိရှိစေရန်၊ ဝန်ဆောင်မှုပေးနေသူများအကြား ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးခံရသူများ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်တို့အတွက် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်ကို ထပ်မံရေးဆွဲခဲ့ပါကြောင်း၊ ထိုစံလုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းပြီး အမေရိကန်နိုင်ငံက လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပါ စံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ တိုင်းတာ၍ နှစ်စဉ်အစီရင်ခံစာများထုတ်ပြန်ပြီး အဆင့်များသတ်မှတ်ကာ အကြံပြုချက်များကို ကြေညာလေ့ရှိပါကြောင်း။

### အကြံပြုချက် (၁၃)ချက်ကို ထုတ်ပြန်

၂၀၂၀ ပြည့်နှစ်၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တိုးတက်မှုလိုအပ်ချက် ရှိနေကြောင်းနှင့် အကြံပြုချက် (၁၃)ချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့်သာမက ဒေသတွင်းနိုင်ငံများနှင့်ပါ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို လက်တွဲ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့၏ ဆောင်ရွက်ချက်များကို ပေါ်လွင်အောင် ဖော်ပြဖို့လိုပါကြောင်း၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အတည်ပြုဖြန့်ချိပြီးဖြစ်သော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်နှင့်အညီ အကောင်းဆုံး အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရန်နှင့် တစ်ပြေးညီ ဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် မူဝါဒပိုင်းဆိုင်ရာများတွင် အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း၊ လူကုန်ကူးခံရသူများနှင့် ပတ်သက်သောလုပ်ငန်းစဉ်တွင် ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် လူကုန်ကူးမှု ထပ်မံမဖြစ်ပွားစေအောင် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပြီး ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိခြင်းအားဖြင့် လူကုန်ကူးမှုများ လျော့နည်းပပျောက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း။

ထို့ကြောင့် လုပ်ငန်းကော်မတီ သုံးခု ညီညွတ်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုပါကြောင်း၊ ထို့အပြင် ပြည်သူလူထုအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များတွင် ပါဝင်ကြသော သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ပူးပေါင်းဆောင်ရွက်ကြသော အရန်မီးသတ်၊ ကြက်ခြေနီ၊ အမျိုးသမီးကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် အနီးစပ်ဆုံးတွင် ရှိကြသည့်အတွက် ၎င်းတို့၏ အခန်းကဏ္ဍသည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးတွင် အလွန်အရေးပါပြီး လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုင်ရာ စံလုပ်ငန်းစဉ်များ အကောင်အထည်ဖော် အောင်မြင်ရေး အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမျိုးသားအဆင့်စံလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ လက်ရှိကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမြဲတမ်းအတွင်းဝန်တို့က တင်ပြချက်များနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က တင်ပြချက်များကို ခြုံငုံသုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးသည်။

### ထိရောက်စွာ အကောင်အထည်ဖော်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းသည် အစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ရှိသူများက ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းကို ထိရောက်စွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူလူထုအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များ၊ လူမှုဝန်ထမ်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ တာဝန်ရှိသူများက ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြပြီး ယနေ့မိတ်ဆက်ရှင်းလင်းသော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

## နွေရာသီရေရှားပါးသည့်ကျေးရွာသို့ သန့်ရှင်းသောရေ ဖူလုံစွာအသုံးပြုနိုင်ရန် ဆောင်ရွက်ပေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ထန်းပင်ကုန်းကျေးရွာတွင် နွေရာသီရေရှားပါးမှုအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထန်းပင်ကုန်း ကျေးရွာသည် ကွင်းရွာတစ်ရွာ ဖြစ်သည့်အတွက် နွေရာသီရေရှားချိန်တွင် ရေအလှူရှင်များ၏ လှူဒါန်းမှုနှင့် နီးစပ်ရာကျေးရွာများမှ ရေသယ်ယူသုံးစွဲခဲ့ကြပြီး လျှပ်စစ်မီးအတွက် ဆိုလာနှင့် အခြား



သော လောင်စာများကိုသာ အသုံးပြုခဲ့ရာ ယခုအခါ ဌာနမှ ဗဟိုပြုစီမံကိန်းဖြင့် ကျေးရွာအတွက် လိုအပ်သော လျှပ်စစ်မီးသွယ်တန်းခြင်း၊ သောက်သုံးရေကန်များ ပြုပြင်ခြင်းနှင့် မြေကာနံရံများ ပြုပြင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းကျေးရွာအတွက် သောက်သုံးရေ လုံလောက်စွာရရှိစေရန် ဖဖကျေးရွာမှ ရေအရင်းအမြစ်ရှာဖွေကာ သုံးမိုင်ကျော်ကွာဝေးသော ထန်းပင်ကုန်းကျေးရွာသို့ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ရေပိုက်သွယ်တန်း၍ ကျေးရွာအတွင်းရှိ အလှူရှင်လှူဒါန်းထားသော ရေစုကန်များသို့ ရေဖြည့်သွင်း၍ သောက်သုံးရေ လုံလောက်စွာ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဇော်ရှိန်း (ဓာတု)**

## တွန်းဇံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ချင်းပြည်နယ် တွန်းဇံမြို့၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တွန်းဇံမြို့နယ် မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဝန်ထမ်းအိမ်ရာရှေ့ ပေ ၃၀၀ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၁၇ ဒသမ ၃၄၀ သန်းဖြင့် ပေ ၃၀၀ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို Rhema Foundation ကုမ္ပဏီက စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၃၀၀ ၊ အကျယ် ၁၂ ပေနှင့် ထု (ကျောက်(ခြောက်)လက်မနှင့် ကွန်ကရစ်(ခုနစ်)လက်မ)တို့ဖြင့် ဆောင်ရွက်မည်ဖြစ်ကာ ထိုလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက် အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **လျန်ပီး(သတင်းစဉ်)**

# ကံ့ကော်လေညင်း မွှေးပျံ့သင်း

ဒေါက်တာချိုချိုမြင့်



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဒေါက်တာ ချိုချိုမြင့် ဖြစ်သည်။
- ၁၉၆၂ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။
- ၁၉၇၈ ခုနှစ်တွင် အထက (၄) ပုဇွန်တောင်မှ အခြေခံပညာ အထက်တန်း အောင်မြင်သည်။
- ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ- ၁၉၈၂)၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့(၁၉၈၃)၊ မဟာဝိဇ္ဇာဘွဲ့ (၁၉၈၉) ရခဲ့ပြီး ပါရဂူဘွဲ့ (၂၀၀၄)၊ ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုပညာ ဒီပလိုမာ (၂၀၀၅) တို့ ရရှိခဲ့သည်။
- ယခု ထားဝယ်တက္ကသိုလ်တွင် ဒုတိယပါမောက္ခချုပ်တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

### ပျိုမျစ်နုနယ် ကျောင်းသူငယ်ဘဝ

၁၉၈ဝ-၈၁ ပညာသင်နှစ်ရဲ့ နှင်းတွေဝေတဲ့ ဒီဇင်ဘာနံနက်ခင်းတစ်ခုမှာ ရန်ကုန်တက္ကသိုလ်မြေကို စတင်ခြေချခဲ့ပါတယ်။ တတိယနှစ် မြန်မာစာအဓိက ကျောင်းသူအဖြစ်နဲ့ပါ။ ကျွန်မတို့က ဒေသကောလိပ်ပညာရေးကို လက်မတင်လေး မီလိုက်သူများဖြစ်တာကြောင့် အခြေခံပညာအထက်တန်းကို ၁၉၇၈ ခုနှစ်မှာ အောင်မြင်ခဲ့ပြီး ပထမနှစ်ကို အမှတ်(၃)ဒေသကောလိပ်မှာ တက်ရောက်ခဲ့ရပါတယ်။ ငယ်စဉ်ကတည်းက ဆရာဝန်ဖြစ်ချင်တဲ့ ဆရာဝန်ရူးဆိုတော့ ပထမနှစ်မှာ အဘိုးက တားတဲ့ကြားက သိပ္ပံ(ဇီဝ)တွဲယူခဲ့ပါတယ်။ ဒုတိယနှစ်မှာ လုပ်ငန်းအတတ်ပညာဆိုတော့ ရော်ဘာနဲ့ ပလတ်စတစ်လုပ်ငန်း ယူပါတယ်။ ဂုဏ်ထူးတဝေဝေနဲ့ အောင်ခဲ့ပေမယ့်အမှတ်ပေါင်းသော်ဆေးတက္ကသိုလ်ဝင်ခွင့်အမှတ်မမီလေသောကြောင့် ရွေးချယ်ရန် ဖြစ်လာပါတယ်။ သိပ္ပံဘွဲ့ယူမလား၊ လိုင်းပြောင်းမလား။ ကျွန်မက လိုင်းပြောင်းပြီး ဝိဇ္ဇာတွဲယူချင်တယ်ဆိုတော့ ဖေဖေက မြန်မာစာယူဖို့ ပြောပါတယ်။ ကျွန်မလည်း ကိုယ်တိုင်လည်း စိတ်ဝင်စား၊ အဖေ့စကားလည်း နားထောင်ပြီးသား ဖြစ်စေဆိုပြီး မြန်မာစာယူဖို့ ဆုံးဖြတ်ချက်က ကျွန်မကို ရန်ကုန်တက္ကသိုလ်ကျောင်းသူဖြစ်စေတဲ့အကြောင်းပါ။

### တက္ကသိုလ် အိပ်မက်

ရန်ကုန်တက္ကသိုလ်ကို ၁၉၈ဝ-၈၁ မှ ရောက်တယ်ဆိုပေမယ့် ငယ်စဉ်က ရန်ကုန်တက္ကသိုလ် ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်းကို ဖတ်ပြီး တက္ကသိုလ်ထဲ စိတ်ကရောက်နှင့်နေပါတယ်။ တက္ကသိုလ်ကျောင်းသားတွေ အကြွေးနဲ့ စားကြတာတွေ၊ လှေလှော်၊ အဆောင်မှာ ပျော်ကြတာတွေဖတ်ပြီး အလွန်သဘောကျခဲ့တာ။ အဒေါ်က ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာ စာကြည့်တိုက်ဒီပလိုမာတက်တော့ ကျောင်းပိတ်ရက်နဲ့ဆုံရင် ကျွန်မကို ခေါ်သွားတတ်ပါတယ်။ ပေါင်းမိုးလေးအောက်က လမ်းကိုလျှောက်ရတာ၊ ဟိုးမိုးသို့ ထိုးတက်နေတယ်လို့ ထင်ရတဲ့ အဆောက်အအုံဘေးက စားသောက်ဆိုင်တန်းမှာ အကြော်စားရတာတွေက ၉ တန်းကျောင်းသူ ကျွန်မအတွက် တက္ကသိုလ် အိပ်မက်မက်စေပါတယ်။ တကယ် တက္ကသိုလ်ရောက်တော့ မဂ္ဂဇင်းထဲကလို နေကြည့်ချင်ပေမယ့် ကိုယ်က နေ့ကျောင်းသူဖြစ်နေတော့ အဆောင်နေခွင့်မရ။ ရပါတယ်လေ အဒေါ်နဲ့ သွားခဲ့ဖူးတဲ့နေရာ သွားပြန်ရှာတော့ ဂျပ်ဆင်နားက လျှောက်လမ်းလေးနဲ့ စားသောက်ဆိုင်တန်း ဖြစ်နေတာ တွေ့ရတယ်။ ကျေနပ်ပီတိနဲ့ စာသင်ခန်းရှိရာ ပြန်လာခဲ့ပါတယ်။

စာသင်ခန်းက တောင်ငူဆောင်မှာပါ။ ရန်ကုန်တက္ကသိုလ် မြန်မာစာကျောင်းသူ ဘဝအစ တောင်ငူဆောင်ကပါ။ တောင်ငူဆောင်က ဘယ်မှာလဲဆိုတာ သိပ်တော့မရှာလိုက်ရပါဘူး။ စစချင်းတွေ့တာကတော့ ကြော်ငြာသင်ပုန်းပါ။ အတန်း၊ ခုံအမှတ်၊ စာသင်ချိန်စတဲ့ ကျောင်းသားတစ်ယောက် သိသင့်တာတွေကို ကြော်ငြာသင်ပုန်းမှာ ကပ်ထားပေးပါတယ်။ ဒါပေမယ့် ကျောင်းသားလေ၊ သိတဲ့အတိုင်း ကြော်ငြာသင်ပုန်း မဖတ်ဘဲ ကျော်သွားပြီး ဟိုရှာဒီရှာ။ နောက်မှ (အတန်းကြီးသမားထင်ပါရဲ့) ညွှန်ပြသူက ညွှန်ပြတော့မှ သင်ပုန်းက စာဖတ်၊ တက်ရမယ့်အတန်းရဲ့ အခန်း နံပါတ်ရှာ၊ အတန်းထဲဝင်၊ ဟိုကြည့်ဒီကြည့်၊ ဘယ်သူမှမသိ၊ အသာလေး ခုံတစ်ခုမှာ ဝင်ထိုင်။ အဲဒါ ရန်ကုန်တက္ကသိုလ်နဲ့ ပျိုမျစ်နုနယ်ကျောင်းသူအရွယ်တို့ တွေ့ဆုံခြင်းပါ။ တက္ကသိုလ်ဆိုတာ ကိုယ့်အားကိုယ်ကိုးရတယ်ဆိုတဲ့အသိ၊ တက္ကသိုလ်ဆိုတာ တည်ငြိမ်ခံ့ညားစွာ အလုပ်လုပ်တတ်တယ်ဆိုတဲ့ အသိတွေ ရလိုက်ပါတယ်။



ရန်ကုန်တက္ကသိုလ်အတွင်းရှိ ကံ့ကော်ဥယျာဉ်။ ဓာတ်ပုံ-တင်စိုး

### ကျူတိုရီရယ်နဲ့ စတွေ့

တတိယနှစ် မြန်မာစာကျောင်းသူဘဝမှာ ကျူတိုရီရယ်နဲ့ စတွေ့ပါတယ်။ ပထမနှစ်၊ ဒုတိယနှစ်တွေတုန်းက သိပ္ပံကျောင်းသူဖြစ်လို့ လက်တွေ့နဲ့ပဲ တိုးခဲ့ရာက ကျူတိုရီရယ်ဆိုတဲ့ မဂ္ဂဇင်းထဲမှာ ဖတ်ဖူးတဲ့ဝေါဟာရကို စတွေ့ရပါတယ်။ စိတ်လှုပ်ရှားမိပါတယ်။ သူကလည်း စာမေးပွဲမှာ အရေးပါတယ်တဲ့။ စာမေးပွဲမှာ အရေးပါတဲ့ ကျူတိုရီရယ်ကို စဖြေရတော့ ထင်သလောက် မခက်ခဲတာတွေ့ရလို့ ပျော်နေပါတယ်။ တတိယပတ် ကျူတိုရီရယ်ချိန်ရောက်ပါပြီ။ မြန်မာကျောက်စာ အချိန်ပါ။ မေးတဲ့မေးခွန်းက “ က မှ အ အထိ မြန်မာသင်ပုန်းကြီးဖတ်စာလာ ရေးဆွဲပုံအတိုင်း ရေးဆွဲပြပါ” တဲ့။ ခုထိမှတ်မိနေတဲ့ မေးခွန်းပါ။ လာထား၊ ဘာရမလဲ သိပ္ပံက လာသူတွေကို ဆရာကြီး ဆရာမကြီးတွေက ဒီလိုပညာစမ်းသလား။ (ခုခေတ်လိုဆိုရင်တော့ facebook ပေါ် ရောက်ချင် ရောက်မှာပေါ့) ဖြေလည်း ဖြေရော ဋ ဌ ဍ တွေမှာ ကျွန်မတို့ ခေါင်းတွေ ၉ဝ ဒီဂရီရော၊ ၁၈ဝ ဒီဂရီရော လည်ကုန်ပါတယ်၊ ဘယ်ဟာက ဘယ်ဘက်လှည့်မှန်း မသိလို့ ခေါင်းကုတ်လိုက်၊ မေးငေါ့လိုက်၊ ဒီကြားထဲ သင်ပုန်းကြီး ဖတ်စာလာ ရေးဆွဲပုံအတိုင်းတဲ့။ မေ့ပြီလေ။ သင်ပုန်းကြီး ဖတ်စာက သူငယ်တန်းစာ၊ တက္ကသိုလ်အထိမပါလာတော့ပါ။ ကျွန်မမှာ ကျူတိုရီရယ် စာရွက်ပြန်ရချိန်မှာ ကမန်းကတန်း ကြည့်လိုက်တော့ “ဂ” တစ်လုံးသာ မှန်ပါတယ်။ ဂ ငယ်သာမကယ်ရင် တစ်မှတ်မှ ရမှာမဟုတ်လို့ သိလိုက်ရသလို ပညာဆိုတာ ကျယ်ပြန့်တယ်ဆိုတာလည်း သိလိုက်ရပါတယ်။

တစ်နေ့ ကျောင်းဆင်းလာပြီး အိမ်ပြန်ဖို့ အဓိပတိလမ်းဘက် လျှောက်လာချိန်မှာ လမ်းပေါ်မှာ ကားရော၊ လူတွေရော အတော့်ကို စည်ကားနေတာ တွေ့ပါတယ်။ မြင်ကွင်းက ဘွဲ့ဝတ်ရုံ အမည်းရောင်နဲ့ ပန်းရောင်၊ အစိမ်းရောင်လိုင်းတွေ ဝတ်ထားသူတွေရော၊ လှပပြောင်လက်စွာ ဝတ်စားထားသူတွေရော ကင်မရာမီး တဖျတ်ဖျတ်လက်ပြီး ပြုံးပျော်နေကြပုံ မြင်ကွင်းပါ။ အဓိပတိတစ်လျှောက် လာသူလာ၊ သွားသူသွား နေကြတာတွေ့တော့ ကျွန်မနဲ့ သူငယ်ချင်း နှစ်ယောက်သား မပြန်နိုင်သေးဘဲ မန္တလေးဆောင်ရှေ့ အုတ်ခုံမှာ ထိုင်ပြီး ငေးကြပါတယ်။ အားကျစိတ်နဲ့ပါ။ ငါလည်းတစ်နေ့ ဒီလိုဖြစ်ရမယ်လို့ သန္နိဋ္ဌာန်ချတဲ့နေ့ပါ။ ဘယ်လောက်တောင် အားကျစိတ်နဲ့ ငေးမိလဲဆိုရင် ခေါင်းတွေမူးပြီး ဇက်တွေနာတဲ့ အထိပါ။ ဒီစေ့ဆော်ချက်က ကျောင်းထဲမှာ နေချင်စိတ်တွေ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်စေပြီး တက္ကသိုလ်ကို ချစ်စိတ်တွေ ရင်နဲ့အမျှ ဖြစ်စေခဲ့ပါတယ်။

အာစီမှာ ပန်းချီပြပွဲ၊ ကာတွန်းပြပွဲ၊ စီးပွားရေးတက္ကသိုလ်မှာလုပ်တဲ့ ကာတွန်းပြပွဲ၊ ဂျပ်ဆင်မှာလုပ်တဲ့ ပန်းချီ ကာတွန်းပြပွဲဆိုရင်လည်း မလွတ်တမ်း။ ဒေသကောလိပ်က ပန်းချီဆွဲဖော်တွေက ရန်ကုန်တက္ကသိုလ် ပန်းချီခန်းမှာ ဆက်ဆွဲကြပါတယ်။ ကျွန်မက အဲဒီအချိန်မှာ ပန်းချီခန်းကို ဖြတ်သွားဖြတ်လာပဲ ရောက်ပါတော့တယ်၊ တောင်ငူဆောင်နဲ့ ဝေးတာ တစ်ကြောင်း၊ ကျူတိုရီရယ်နဲ့ တိုက်ဆိုင်နေတာ တစ်ကြောင်း၊ ရေကူးသင်နေတာတစ်ကြောင်း တို့ကြောင့်ပါ။ တက္ကသိုလ်ဆိုတာ စာသင်ချိန်ချည်းပဲမဟုတ်၊ လေ့လာလိုက်စားစရာ နယ်ပယ်တွေ ရှိနေပါတယ်။ ပေါင်းသင်းဆက်ဆံရေး၊ လူမှုရေး၊ ပညာရေး အားလုံးရှာဖွေ ဆည်းပူးနိုင်ရာ နေရာပါ။ တစ်ရက်မှာ စီးပွားရေးတက္ကသိုလ်မှာလုပ်တဲ့ ကာတွန်းပြပွဲကို အတန်းအားလို့ သွားကြည့်ကြပါတယ်။ မိုးရာသီမှာ မိုးစိုနေတဲ့ထီးတွေကို အတန်းနောက်ဘက်မှာ လှမ်းထားခဲ့ပြီး မိုးတိတ်ချိန် ဒီအတိုင်းထွက်သွားကြတာ၊ တစ်ယောက်ပဲ ကောင်းကောင်းနေမကောင်းချင်လို့ဆိုကာ ထီးစောင့်ကျန်ခဲ့ပြီး ၁ဝ ယောက်လောက်ရှိမယ့် ကျွန်မတို့အစုက သွားကြတာ။ ကြည့်ရင်း အတန်းချိန်နီးပြီလို့ သတိဝင်လာတော့ ပြန်မယ်အလုပ်မှာ မိုးက သဲသဲမဲမဲ ရွာချပါရော။ ထီးကတစ်လက်ပဲပါတယ်။ ကျန်သူတွေ ထီးက အတန်းထဲမှာ။ ဘာမှလုပ်လို့မရတော့ ကျွန်မတို့ထဲက သူငယ်ချင်း နှစ်ယောက်အတွဲကို ထီးပေးပြီး ထီးစောင့် အိပ်ကျန်ခဲ့သူကို ထီးအားလုံး ယူကာ လိုက်လာခဲ့ဖို့ မှာကြားပြီး အတန်းကို ပြန်ခိုင်း၊ ဟိုသူငယ်ချင်းခမျာ ထီးအလက် ၁ဝ လက်နီးပါး ပွေ့ပိုက်ပြီးလိုက်လာရတော့၊ လမ်းမှာ တွေ့သမျှလူတိုင်းက ဖောက်သည်ပေးမလို့လား စခံထိတော့ နှုတ်ခမ်းတစူစူနဲ့ ဆောင့်အောင့်ပြီး ရောက်လာပါတယ်။ အတန်းချိန်လည်း မမီတော့လို့ အင်းလျားသွားပြီး အကြော်စားကြပါတယ်။ ခုခေတ်လိုဆိုင်တွေ မဟုတ်လည်း သစ်ပင်အောက်မှာ ကြော်တဲ့ အကြော်ဆိုင်ဖြစ်တော့ မိုးသဲသဲမှာ ဘူးသီး ကြော်စားကြတာ မိုးရေတွေဆမ်းပြီး ဘူးသီးကြော်က ပျော့ပြဲ၊ အချဉ်ရည်က မိုးရေနဲ့ကျဲ။ ဒါပေမယ့် စားလိုက်ကြတာ အလုအယက်၊ ဘူးသီးကြော်ခမျာ ဘဝပျက်။ ထိုင်စားကြတော့ ထီးကကျတဲ့ မိုးစက်က ပြန်စဉ်လို့ ခါးမှာ ရွှံ့စက်ကိုယ်စီနဲ့။ သူ့ခါး ကိုယ်ကြည့်ရယ်၊ ကိုယ့်ခါး သူကြည့်ရယ်၊ လွတ်လပ်ပေါ့ပါးလိုက်တဲ့ ပျိုမျစ်နုနယ် ကျောင်းသူအရွယ်ပါ။ တစ်ခုတော့ ပြောစရာရှိပါတယ်၊ နောက်နေ့ကျတော့ အတန်းလစ်လို့ ဆူခံထိကြတာ ပေါင်းရှစ်ယောက် အကြော်စားသူများပါ။

### ဂုဏ်ထူးတန်းတက်ခွင့်ရ

စတုတ္ထနှစ်မှာတော့ နည်းနည်းလန့်လာပါပြီ။ တက္ကသိုလ်မြေမှာ ဆက်နေချင်စိတ်တွေပြင်းပြတော့ ဘယ်လိုနည်းလမ်းနဲ့ နေရမလဲ စဉ်းစားတာ ကွာလီဖိုင်းဝင်မှ ဂုဏ်ထူးတန်း၊ မဟာတန်းဆက်တက်ပြီး ကျောင်းသက်ရှည်ရှည် နေနိုင်လိမ့်မယ်လို့ အဖြေတွေ့ပါတယ်။ တစ်ခုရှိတာက မိဘများဘက်ကိုလည်း ကြည့်ရပါသေးတယ်။ အစိုးရဝန်ထမ်းဘဝနဲ့ သားသမီးလေးယောက်ကို ကျောင်းထားပေးရတဲ့မိဘ၊ နှစ်ဖက်မိဘကို သားသမီးတာဝန်ကျေပွန်အောင် ထမ်းနေရတဲ့မိဘကို ဝန်ထုပ်ဝန်ပိုး မပေးချင်တာလည်း အမှန်ပါ။ ကျောင်းထဲမှာ နေချင်စိတ်အားကြီးတော့ ကြိုးစားပါတယ်။ ဖေဖေနဲ့မေမေကလည်း သူတို့က ပညာအမွေပဲ ပေးနိုင်မှာဆိုပြီး အားပေးတော့ အားတွေရှိလိုက်တာမှလေ၊ ကွာလီဖိုင်း ဖြစ်ပါတယ်။ ဂုဏ်ထူးတန်းတက်ခွင့်ရပါတယ်။ မဟာတက်ခွင့်လည်းရပါတယ်။ အဲဒါနဲ့ ကျောင်းသက်ရှည်ရှည်တက္ကသိုလ်မြေမှာ ကံ့ကော်ပွင့်တာကို အကြာကြီးမြင်ရတဲ့ အခွင့်အရေး ရရှိလာပါတယ်။ ၁၉၈၆၊ အောက်တိုဘာ၊ ၃၁ ညနေ ရက်စွဲနဲ့ နည်းပြအဖြစ် ရန်ကုန်တက္ကသိုလ်မှာပဲ ခန့်အပ်ခံရတဲ့ အခါ မဟာဝိဇ္ဇာ (ကျမ်းပြု) ကျောင်းသူတစ်ပိုင်း၊ ဆရာမတစ်ပိုင်းနဲ့ ဆန္ဒရဲ့စေ့ဆော်ရာ တက္ကသိုလ်မြေမှာဝေတဲ့ ကံ့ကော်တွေရဲ့ ရနံ့ကို ဆက်လက်ရှူရှိုက်ခွင့်ရတာဟာ မိဘ၊ ဆရာသမားတွေရဲ့ ကျေးဇူးတွေ၊ ခွန်အားတွေကြောင့်ပါ။

### တက္ကသိုလ်သည် ဝါသနာကို ပျိုးထောင်ရာနေရာ

ကျွန်မက ဒေသကောလိပ် ပထမနှစ်မှာ ပန်းချီသင်ပါတယ်။ ဆရာတွေကတော့ မန္တလေး ပန်တျာကျောင်းအုပ်ကြီး ဦးချစ်မြဲရဲ့သား ဆရာမြသန်းချစ်၊ မန္တလေးက ပန်းချီဆရာကြီး ဦးကြွယ်လေးရဲ့သား ဆရာ ဦးဝင်းအောင်တို့ပါ။ *စာမျက်နှာ ၉ သို့*

> **“ပညာရေးဘဝမှာ ရန်ကုန်တက္ကသိုလ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကတည်းက ၂၁ ရာစု သင်ကြားရေးနည်းပညာသဘောတရားဖြစ်တဲ့ ကျောင်းသားဗဟိုပြုသင်ကြားရေး၊ သုတေသနဖွံ့ဖြိုးရေး၊ သိပ္ပံ ဝိဇ္ဇာဘာသာရပ်များမှာ ခေတ်မီဖွံ့ဖြိုးရေးတို့ကို အစဉ်တစိုက် လုပ်ဆောင်လာခဲ့ပြီး ၁၉၉၇ ခုနှစ်ကစလို့ နည်းပညာပိုင်း ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အာရုံစိုက်လုပ်ဆောင်လာတဲ့ တက္ကသိုလ်ဖြစ်။ တစ်နည်းပြောရရင် Education 4.0 ကို ဖော်ဆောင်နေတဲ့ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်ဖြစ်”**

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၈ မှ*

ဆရာနှစ်ဦးက အမှတ်(၃)ဒေသ ကောလိပ်မှာ ဆရာတွေအဖြစ် ရှိနေပြီး ကျောင်းရဲ့ ပန်းချီ သင်တန်းမှာ နည်းပြတွေ လုပ်ပေးကြတာပါ။ တစ်ဖက်ကတော့ လမ်းစဉ် လူငယ်ပေါ့။ ဒုတိယနှစ်ရောက်တော့ ကြက်ခြေနီနဲ့ ဘတ်စကက်ဘော။ ဒီနေရာမှာ မေဆွိ အကြောင်း ပါလာပါမယ်။ ကျွန်မက ဒုတိယ နှစ်မှာ မေဆွိက ပထမနှစ်ပါ။ ဘတ်စကက်ဘော ဆော့ချိန်က သူတို့ ကျောင်းဆင်းချိန်ပါ။ ဘတ်စကက်ဘောကွင်းဘေးက ဖြတ်ပြန်တဲ့ မေဆွိအနားကို ဘောလုံးရောက်အောင် ပုတ်ပြီး ဆွိ ဆွိလို့ နှုတ်ကအော်ရင် သူက ခေါင်းလေးငုံ့၊ ရယ်ဟဟ မျက်နှာလေးနဲ့ သုတ်သုတ် လေး လျှောက်တတ်ပါတယ်။ အဲဒီအချိန်မှာ သူက “ မကြာခင်မှာ ကြင်နာမယ်” နဲ့ အတော်ကိုနာမည်ကြီးနေပါပြီ။

တက္ကသိုလ်မှာ စာချည်းပဲသင်နေရတာ မဟုတ်ပါဘူး။ အားကစားမျိုးစုံ၊ အနုပညာ မျိုးစုံအပြင် လမ်းစဉ်လူငယ်(ကျွန်မတို့ခေတ်ပေါ့)၊ ကြက်ခြေနီဆိုတဲ့ စိတ်ဝင်စားရာကို လေ့လာနိုင်တဲ့ အခွင့်အရေး အပြည့်ပေးထားပါတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ တည်ငြိမ်ရင့်ကျက်မှု၊ ဦးဆောင်တတ်မှု၊ နောက်လိုက်ကောင်း လုပ်တတ်မှု၊ အဖွဲ့အစည်းနဲ့ လုပ်တတ်မှု၊ ကိုယ်ချင်းစာတတ်မှု၊ ကြင်နာတတ်မှုစတဲ့ အရည်အသွေးတွေကို ဒီနေရာမျိုးတွေမှာ လေ့ကျင့်ပျိုးထောင်နိုင်ပါတယ်။ ဘတ်စကက်ဘောကစားရင် တစ်ဦးကောင်းနဲ့ မရပါဘူး။ ဘောလုံးလိုပါပဲ။ အသင်းအဖွဲ့ ညီညွတ်မှ အောင်မြင်မှုရတာကို စာသင်ချိန်ပြင်ပမှာ ဝါသနာပါရာလုပ်ရင်း ရယူသွားတာပါ။ အတန်းချိန်လည်း မထိခိုက်ပါဘူး။ ပန်းချီသင်တော့ အမှတ်(၃)ဒေသကောလိပ်မဂ္ဂဇင်း သရုပ်ဖော်ပုံတွေ ဆွဲရပါတယ်။ ကျွန်မတို့လည်း ကိုယ့်ကျောင်းလှုပ်ရှားမှုမှာ ပါဝင်ခွင့်ရသလို ကျောင်းအတွက်လည်း အပိုငွေမကုန်တော့ တဲ့အကျိုးရမှာပါ။ ဒီထက်အရေးပါတာက ပေါင်းသင်းဆက်ဆံရေးပါ။ လူမှုပေါင်းသင်း ဆက်ဆံရေးအတတ်ပညာကို တစ်ပါတည်း သင်ယူပြီးဖြစ်ပါတယ်။

တတိယနှစ်မှာ ရေကူးသင်တော့ တက္ကသိုလ်ရေကူးကန်မှာပါ။ ရေကူးသင်ပြီးရင် ရေကူးကန်အဝက အကြော်ဆိုင်မှာ အကြော်စား၊ ပြီးရင် ရေစိုရေကူးဝတ်စုံထည့်ထားတဲ့ အိတ်ကိုခြေထောက်နဲ့ စည်းချက်ညီညီရိုက်ပြီး အဓိပတိလမ်းအတိုင်း တက္ကသိုလ်ရိပ်သာ လမ်းဘက် လျှောက်လာရင်း လမ်းနံဘေး ဝဲယာက သစ်ရွက်ကြွေတာ စိတ်ထဲ ကဗျာစပ်လိုစပ်၊ ဝတ္ထုရေးလိုရေး၊ ဟိုငေးဒီငေး၊ တစ်ခါတလေ သင်ထားတဲ့ စာတွေ ပြန်ရွတ်လိုရွတ်နဲ့ လမ်းလျှောက်တတ်တဲ့ ကျွန်မကို သူငယ်ချင်းတစ်ယောက်က လှမ်းခေါ်တာ မကြား၊ မမြင်လို့ သူငယ်ချင်းတွေကို ကြည့်လည်းလုပ်ဦး၊ ဟိုတစ်ယောက်တော့ ခေါ်မကြား အော်မကြားလို့တိုင်တာ ခံရပါသေးတယ်။

အနုပညာအသင်းမှာလည်း ပတ္တလားတီးသင်သူသင်၊ အဆိုသင်သူသင် (ကျွန်မက အဆိုသင်သူ)။ အနုပညာအသင်းခန်းဘက် ရောက်ရင် တီးသံ မှုတ်သံ အစုံ။ တစ်ခါတလေ သူငယ်ချင်းတစ်ယောက်က ပတ္တလားတီးသင်တော့ သူ့ဆီလိုက်သွားပြီး ကိုယ်လည်း တတောင်တောင်လုပ်။ ကျွန်မရဲ့ အဆိုသင်တန်းက စစသင်တာ “ဆင်ကြီးဂဠုန်ချီ” တဲ့။ ကျွန်မလည်း ဆက်မချီနိုင်တော့တာနဲ့ အဆိုသင်တန်းကို တဲ့တာလုပ်ခဲ့ရပါတော့တယ်။ အားကစားဖြစ်စေ၊ အနုပညာဖြစ်စေ တက္ကသိုလ်မှာ လေ့လာသင်ယူရင်း ထူးချွန်သူများ ပေါ်ထွက်ရာနေရာ ဖြစ်ပါတယ်။

**လေ့လာမိသမျှ ပညာရေးဘဝ**

တတိယနှစ်ရောက်တော့ ရန်ကုန်တက္ကသိုလ်မှာ သတိထားမိတာက ဘာသာတွဲ ယူရတဲ့ စနစ်ပါ။ အခုခေတ် elective လို့ပြော ရမယ့် ဘာသာနှစ်ခု ပေးပါတယ်။ အဲဒီထဲက ကြိုက်ရာတစ်ခု ရွေးရပါတယ်။ ဖေဖေတို့ ခေတ်ကတော့ ဒီထက်ပိုများတယ်လို့ ကြားဖူးပါတယ်။ ကျွန်မတို့က နှစ်ခုထဲက တစ်ခုရွေးပါ။ ဒါကြောင့် တစ်တန်းတည်းပေမယ့် ဘာသာမတူရင် အတန်းချိန်မတူပါဘူး။ ပင်မဘာသာရပ်တွေပဲ အတန်းချိန်တူပါတယ်။ ပြဋ္ဌာန်းစာအုပ် ကိုင်သင်ပါတယ်။ ကျွန်မကိုယ်တိုင်က ပြဋ္ဌာန်းစာအုပ်မှာ ဆရာ ဆရာမ သင်သမျှကို လိုက်မှတ်တတ်ပါတယ်။ အလေးခံပြီး ပြဋ္ဌာန်းစာအုပ်ကို သယ်ပါတယ်။ ဆရာ ဆရာမများ အားလုံးက Lecture ပဲ ပေးပါတယ်။ မီအောင် လိုက်မှတ်၊ မမီရင် အတန်းပြီးတာနဲ့ အချင်းချင်း စာအုပ်ချင်းတိုက်ပြီးကူးရေးရ၊ ဖြည့်ရလုပ်ကြရတာ ဓလေ့တစ်ခုပါ။

အမှတ်ပေးစနစ်ကတော့ ၈၀-၂၀ ပဲ ထင်ပါတယ်။ ဒီနေရာမှာ တစ်ခုပြောချင်တာက ကျွန်မတို့ ဂုဏ်ထူးတန်းရောက်တော့ ပြဋ္ဌာန်းစာအုပ်ရယ်လို့ မထုတ်ထားပါဘူး။ ဆရာ ဆရာမများ သင်တာကို လိုက်မှတ်ပြီး သိချင်တာတွေကို စာကြည့်တိုက်ပြေးပြီး ရှာဖွေရတာပါ။ ပါမောက္ခဆရာမကြီးက ရတု သင်ပါတယ်။ ရတုတွေရဲ့ ခေတ်၊ အမျိုးအစား၊ စာဆိုအမည် ပြောပါတယ်။ ကိုယ်သင်ရမယ့် စာကို ကိုယ့်ဘာသာ စာကြည့်တိုက်မှာ ရှာဖွေပြီး ကိုယ့်ဖတ်စာအုပ်ကိုယ်ရအောင် လုပ်ယူရပါတယ်။ ရယ်စရာတစ်ခုက ဆရာကြီး တစ်ယောက်က ဌာန်ကရိုဏ်းကျကျနဲ့ ရွတ်လိုက်တဲ့ အိုင်ချင်းစာသားကို ကျွန်မတို့ သူငယ်ချင်း နှစ်ယောက်က ဘယ်လို စာလုံးပေါင်းရမှန်းမသိ၊ အကြားအတိုင်း တစ်ယောက်က “နွားမကြီး”၊ ကျွန်မက “နမကြီး” လို့ ရေးပါတယ်။ ကျူတိုရီရယ်ဖြေတော့ ဆရာမက စိတ်တွေဆိုးလိုက်တာ၊ ဆရာ ပြောတာက “ နမကြီး” ပါတဲ့။

နောက်တစ်ခုက ဂုဏ်ထူးတန်းကစပြီး Paper ရေးရတဲ့ အလေ့အထလုပ်တာပါ။ စတုတ္ထနှစ်မှာလည်း ဘွဲ့ယူစာတမ်းငယ်ဆိုပြီး ရေးရပါတယ်။ စာမျက်နှာ ၈၀ တစ်အုပ်စာပါ။ မဟာ(ရေးဖြေ) မှာ ပိုရေးရပါတယ်။ ခုခေတ်လို Semester မဟုတ်လို့ တစ်နှစ်လုံးနေမှ စာမေးပွဲက တစ်ကြိမ်သာဖြေရပြီး တစ်နှစ်လုံး စာအုပ်ဆိုလည်း တစ်အုပ်လုံး၊ ကဗျာအမျိုးအစားအစုံ စသည် သင်ရတော့ စာအမျိုးအစားစုံ သင်ခွင့်ရသလို သင်သူ ဆရာ ဆရာမများက တစ်နှစ်လုံးစာမှာ ပြီးသလောက်သင်ပေမယ့် ဖြေတဲ့အခါ တစ်အုပ်လုံး ခြုံငုံမိအောင်ဖြေမှ အမှတ်ကောင်းတာပါ။ ဒါသင် ဒါကျက် ဒါဖြေ မဟုတ်ပါ။ ဒါများအခုလည်း တူတူပါပဲလို့ ပြောချင်ကြပါလိမ့်မယ်။ တကယ် ကျောင်းသားဗဟိုပြု သင်ကြားရေးကို ကြုံခဲ့ရပါလားလို့ အခု ပြန်စဉ်းစားနေမိပါတယ်။ အပြောနဲ့မဟုတ်တဲ့ လက်တွေ့ သင်ပေးလိုက်တဲ့ ကျောင်းသားဗဟိုပြုစနစ်ပါ။ ကျောင်းသားက ကိုယ်လိုတာ ကိုယ့်ဘာသာရှာရပါတယ်။ စာကြည့်တိုက်ကို အားကိုးရပါတယ်။ စာအုပ်အဟောင်းတန်း ပြေးပြီးလိုချင်တာ ရှာဖွေရပါတယ်။ မဟာတန်းမှာ ဝတ္ထု၊ စကားပြေ၊ စာပေဝေဖန်ရေး၊ ကျောက်စာ၊ ပျူစာ ၊ ဘာသာဗေဒ၊ သဒ္ဒဗေဒ၊ မွန်ကျောက်စာ၊ ရတု၊ ကဗျာ မျိုးစုံ သင်ရသလောက် တစ်ခုသင်ပြီးရင် စာတမ်းတစ်စောင်ရေးရပါတယ်။ ကျွန်မတို့ဆိုတာ စာတမ်းနဲ့ နပန်းလုံးနေရတာပါ။ ဆရာ တစ်ယောက်က ဒီနေ့တင်၊ နောက်ဆရာမတစ်ယောက်က ဘယ်တော့တင်နဲ့ စာတမ်းတင်ရမယ့်ရက်နဲ့ စာတမ်းကို အလွတ်ရအောင် ကျက်ရတာက တာဝန်တစ်ခုပါ။ အကျိုးရလဒ်က စာတမ်းတစ်စောင်ကို ကျကျနနရေးတတ်သွားခြင်းဖြစ်ပါတယ်။ မဟာဘွဲ့အတွက် ကျမ်းရေးတော့ အခက်အခဲအတော်နည်းသွားသလို ပါရဂူဘွဲ့အတွက်၊ သုတေသနအတွက် စာတမ်းတွေရေးရာမှာ ပုံစံကျရေးတတ်ခြင်း အကျိုးခံစားရပါတယ်။ ဆရာကောင်းတွေ တပည့်မို့လို့ ပန်းကောင်းပန်ရ တယ်လို့ ပြောချင်ပါတယ်။

ပညာရေးဘဝမှာ ရန်ကုန်တက္ကသိုလ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကတည်းက ၂၁ ရာစု သင်ကြားရေး နည်းပညာသဘောတရားဖြစ်တဲ့ ကျောင်းသားဗဟိုပြု သင်ကြားရေး၊ သုတေသနဖွံ့ဖြိုးရေး၊ သိပ္ပံ ဝိဇ္ဇာ ဘာသာရပ်များမှာ ခေတ်မီဖွံ့ဖြိုးရေးတို့ကို အစဉ်တစိုက် လုပ်ဆောင်လာခဲ့ပြီး ၁၉၉၇ ခုနှစ်ကစလို့ နည်းပညာပိုင်း ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အာရုံစိုက်လုပ်ဆောင်လာတဲ့ တက္ကသိုလ်ဖြစ်ပါတယ်။ တစ်နည်းပြောရရင် Education 4.0 ကို ဖော်ဆောင်နေတဲ့ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်ဖြစ်ပါတယ်။

အခု ရန်ကုန်တက္ကသိုလ်က ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်ရတက္ကသိုလ်ဖြစ်ပါပြီ။ သက်တမ်းအားဖြင့် အနှစ် ၁၀၀ ပြည့်ခဲ့ပါပြီ။ ကမ္ဘာ့တက္ကသိုလ်အဆင့် ၇၀၀၀ ကျော်အထိ ဒီကာလအတွင်း တက်လှမ်းလာနိုင်တဲ့ အမိတက္ကသိုလ်အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ အမိတက္ကသိုလ်က မွေးဖွားပေးလိုက်တဲ့ သမီးတစ်ဦးအနေနဲ့ ပေးအပ်တဲ့ တာဝန်ကို ကျရာနေရာမှာ ကျေပွန်အောင် ထမ်းရွက်ရင်း အမေ့မျက်နှာ၊ အမေ့ဂုဏ်ကို စောင့်ထိန်းနိုင်သူဖြစ်အောင် ကြိုးစားနေပါတယ်။ အမိတက္ကသိုလ်ကြီးလည်း သက်တမ်းရှည်ရှည်၊ အောင်မြင်မှု ကြီးကြီးနဲ့ ထူးချွန်ထက်မြက်တဲ့ သားကောင်း သမီးမွန်များ ဆက်လက်မွေး ထုတ်နိုင်ပါစေလို့ ဆုမွန်ခြွေလိုက်ပါတယ်။ ဆက်၍ ဆက်ခါ ကံ့ကော်ရနံ့ မွှေးပျံ့သင်းပါစေ။ ။

---

*စာမျက်နှာ ၆ မှ*

တစ်နေ့က ရိုက်ထားမိသော ဓာတ်ပုံတွင် တကောင်းဆောင်သည် ယခင်အတိုင်း သစ်သားဆောင်အဖြစ် ရှိနေဆဲဖြစ်ကြောင်း တွေ့ခဲ့ရ၏၊ ကျွန်တော်ပညာသင်ခဲ့ရသော လိပ်ခုံးကြီးကား မရှိတော့ပြီ။ သို့ရာတွင် ဘီအိုစီကောလိပ်အဆောင်များတွင် အခြေခံသော ပညာများကို သင်ယူခွင့်ရခဲ့၏။ မလှမ်းမကမ်းရှိ ရန်ကုန်တက္ကသိုလ် နားနေဆောင် (RC) သို့လည်း ချောင်းပေါက်အောင် ရောက်ခဲ့၏။

ရှမ်းဘာသာစာပေကို အခြေခံမျှ သင်ယူခွင့်ရခဲ့၏။ ရန်ကုန်တက္ကသိုလ် စာပေနှင့် ယဉ်ကျေးမှုအသင်းနှင့် ကျွန်တော်တို့ ဆေးတက္ကသိုလ်(၁) အနုပညာ အသင်းတို့မှာလည်း အနီးကပ်ဆက်စပ်မှုရှိခဲ့၏။ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၏ ရွှေရတုသဘင်မှာလည်း ပါဝင်ဆင်နွှဲခွင့်ရခဲ့၏။ ထိုစဉ်က ခေတ်ပြိုင် ရန်ကုန်တက္ကသိုလ် ကျောင်းသားတို့၏ “မှတ်တိုင်ကလေးကို ကားပေါ်တင်” အမည်ရှိ ပြဇာတ်မှာ လူထုကြားမှာ ရေပန်းစားခဲ့ပါသည်။ ကျွန်တော်တို့ ၏ “ဓွဲ့အငြိမ့်”နှင့် ရန်ကုန်စက်မှုတက္ကသိုလ်မှ အငြိမ့်များမှာလည်း အပြိုင်အဆိုင်ရှိခဲ့ကြပါသည်။

ကျွန်တော့်အတွက် တန်ဖိုးအရှိဆုံး ထိတွေ့မှုမှာ ပညာရေးသုတေသန ဗျူရို၏ ဥက္ကဋ္ဌဖြစ်သောဆရာကြီး ဒေါက်တာသန်းဦးနှင့်တွေ့ဆုံမှုဖြစ်ပါသည်။ ထိုစဉ်က တက္ကသိုလ် ကျောင်းသားကျောင်းသူများသည် ကျေးလက်သို့ဆင်း၍ စာတတ်မြောက်ရေး လှုပ်ရှားမှုကြီးကို စတင်နေပါပြီ။ သူတို့ကို အားကျ၍ ဆရာကြီး ဦးသန်းဦးထံမှ “အ” သုံးလုံးကျေလက်စွဲစာအုပ်များကိုတောင်းယူပြီး စာမတတ်သော အလုပ်သမားများကို အရေး၊ အဖတ် အတွက် ပညာသင်ပေးခဲ့ပါသည်။ ထိုအတွေ့အကြုံများအပေါ် မူတည်၍ အသံကို အခြေခံသောနည်းဖြင့် နိုင်ငံခြားသားများအား မြန်မာဘာသာသင်နည်းတစ်ခုကို တီထွင်ပြီး ကျွန်တော့်ဇနီးက လက်တွေ့အသုံးချခဲ့သည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။ မြန်မာစာပါမောက္ခ ဦးသန်းထွဋ်၊ ပျဉ်းမနား မောင်နီသင်းတို့နှင့် ပခုံးချင်းဖက်၍ တကျက်ကျက် ငြင်းခုံခဲ့ကြဖူးပါသည်။ သို့ရာတွင် သက်ကြီးစာသင်နည်းများ၊ ကျွမ်းကျင်မှုအခြေပြု အစတည်ပညာသင်နည်းများတွင် ပါဝင်ခွင့်ရခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းအတွင်းမှ မွေးထုတ်ခဲ့သော ပညာရှင်များသည် အခြေခံလူတန်းစား အကျိုးပြုကျောင်းပြင်ပ ပညာရေးကို အလေးအနက် စဉ်းစားတီထွင်ခဲ့ရာတွင်လည်း ကျွန်တော်တစ်ယောက် ဖြတ်လျှောက်အဖြစ်နှင့် ပံ့ပိုးခွင့်ရခဲ့၏။ စာတတ်မြောက်ရေးသာမက စာဖတ်ရှိန်မြှင့်တင်ရေး စာစဉ်များ၊ ပညာပေးစာစောင်များတွင်လည်း ရေးသားခွင့်ရခဲ့ပါသည်။ ဆရာဦးသန်းဦး၊ ဆရာဦးရဲအောင်၊ ဆရာဦးခင်မောင်ကြွယ်၊ ဆရာမ ဒေါ်ခင်ဆွေထွန်း၊ ဆရာ ဦးတင်ညို၊ ဆရာဦးမြင့်ဟန်၊ ဆရာမင်းလှအောင်ကြီးတို့ထံမှ ပညာတွေများစွာ ရခဲ့ပါသည်။ သည့်ထက်ပိုပညာတိုးသည့် အခွင့်အလမ်းကို မကြာခင်မှာ ထပ်ဆင့်ရခဲ့ပါသည်။ ဒေသကောလိပ်များ တီထွင်လာချိန်တွင် ကျွန်တော်သည် အတွင်းစည်းထဲ ရောက်၍နေပါသည်။ ဆရာကြီး ဦးစံသာအောင်၊ ဒေါက်တာ မောင်မောင်ခ၊ သူတို့နှစ်ယောက်မှာမူ ကျွန်တော်တို့ ဆယ်တန်းအောင်ဖို့ အားကိုးခဲ့ရသော ရူပဗေဒစာအုပ်မျက်နှာဖုံးပါ “ဒေါက်တာမောင်မောင်ခနှင့် ဦးစံသာအောင်”ဆိုသော ပုဂ္ဂိုလ်ကြီးနှစ်ဦးနှင့် အနီးကပ်ဆုံတွေ့ခွင့်ရခြင်းပင်။

**ထူးချွန်ထင်ရှားနေကြသူများ**

သူတို့အုပ်စုထဲတွင် ပျော်ပျော်ရွှင်ရွှင်နေတတ်သော ပါမောက္ခချုပ် ဒေါက်တာ မောင်ဒီနှင့် စက်မှုတက္ကသိုလ် ပါမောက္ခချုပ် ဦးခင်အောင်ကြည်တို့လည်းပါ၏။ သူတို့ တီးတိုးရယ်ပွဲဖွဲ့ကြသော အကြောင်းအရာကြောင့် ဒုက္ခရောက်ရသူမှာ စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ညွန့်ပင် ဖြစ်ပါသည်။ လှိုက်လှဲစွာ ရယ်ပွဲဖွဲ့လိုက်သော သူ့အသံက လူကြီးတွေကြားထဲမှာ ပြဿနာပင်။ အရပ်အခေါ် “ရီချင်တယ်ကောလိပ်” များ၏ အုပ်ထိန်းသူများဖြစ်သော ဆရာ ဦးကောင်းညွှန့်၊ ဆရာ ဦးတင်မြင့်တို့နှင့်အတူ ဓာတုဗေဒပါမောက္ခ ဆရာကြီး ဒေါက်တာ အောင်ခင်နှင့် ပါမောက္ခ ဦးမင်းဝဏ်တို့လည်း ပါလေသည်။ မည်သူက မည်သို့ပြောပြော ဒေသ ကောလိပ်ထွက် လူငယ်ပညာရှင်လေးများမှာ တကယ့် လုပ်ငန်းခွင်၊ တကယ့် ကျွမ်းကျင်ပညာရှင်များနှင့် ထိတွေ့သင်ကြားခွင့်ရသဖြင့် ပညာရေးနယ်ခွင်ကို ကျော်လွန်၍ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေး နယ်ပယ်မှာပါ ထူးချွန်ထင်ရှားနေကြသူများကို မြင်တွေ့နိုင်ပါ၏။

ထိုသို့သော ပညာရှင်ကြီးများကြားတွင် တစ်မူကွဲပြားနေသူကတော့ ပါမောက္ခ ဒေါက်တာဘသန်းဟက်ပင် ဖြစ်ပါသည်။ သူတို့၏ ဘူမိဗေဒအဖွဲ့သည် နာမည်ထွက်လာ၊ လူကြိုက်များလာချိန်နှင့် တစ်ဆက်တည်း ထူးခြားသော သမိုင်းဝင်တွေ့ရှိချက်များကို ဖော်ထုတ်နိုင်ခဲ့လေသည်။ ပုံတောင်ပုံညာဒေသမှာ ရှိနေသော ကျစ်ချောင်များထဲမှ လူတူပုရိုင်းမိတ်တစ်မျိုးဖြစ်သော “ပုံတောင်ဂျီယာကော့တာရိုင်” ၏ အောက်မေးရိုးကို တူးဖော်တွေ့ရှိခဲ့၏။ နှစ်ပေါင်း သန်း ၄၀ သက်တမ်းရှိ မြေသားများကြားမှ ကျောက်ဖြစ်ရုပ်ကြွင်းများထဲတွင် တွေ့ရှိခဲ့ကာ ယခင်က ပညာရှင်များ၏ မှတ်တမ်းများကို မြန်မာက စိန်ခေါ်နိုင်ခဲ့လေသည်။ အီသီယိုပီးယားတွင် တွေ့သော “လူစီ”၊ ပီကင်းတွင် တွေ့သော “ပီကင်းလူ” တို့ထက် ရှေးကျကြောင်း သိရှိရလေသည်။

ထိုလူတူပုရိုင်းမိတ် မေးရိုးထည့်ထားသော သစ်သားသေတ္တာလေးများ ကျွန်တော့်စားပွဲပေါ်တွင် ရှိခဲ့ဖူး၏။ ထိုဘူမိဗေဒ ဆရာကြီးတို့ကား ထူးခြားသော သမိုင်းလမ်းပြများပင်။ သူတို့မှတစ်ဆင့် ဗဟင်းဒေသ ကျစ်ချောင်များတွင် “အင်ဖီ ပစ်သစ်ကပ်(စ်)” လူတူပုရိုင်းမိတ်များကို တွေ့ရှိခဲ့ကြလေသည်။ ထိုစဉ်ကတည်းက စွဲမြဲယုံကြည်ခဲ့သော ပညာရပ်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း၊ ဦးမောင်မောင်တင်နှင့် တမ္ပဝတီ ဦးဝင်းမောင်တို့၏ ဆက်စပ်ဖော်ထုတ်မှု၊ တစ်နည်းအားဖြင့် သိပ္ပံပညာနှင့် ဝိဇ္ဇာပညာတို့၏ ပူးပေါင်းရလဒ်ကို မြန်မာနိုင်ငံ၏ ပညာအမြုတေ ရန်ကုန်တက္ကသိုလ်နှင့် ဆက်စပ်တက္ကသိုလ်များမှ ဖော်ထုတ်ပေးခဲ့သည်ကို နှောင်းလူတို့ အသိအမှတ်ပြုကြလိမ့်မည်။ သူတို့ကို အားကိုး၍ ကျွန်တော့်အတွေ့အကြုံနှင့် ပေါင်းစပ်ကာ “မြန်မာအစ မြန်မာက” ဟူသော စာအုပ်လေးတစ်အုပ်ကို ပြုစုခဲ့မိလေသည်။

**ဂုဏ်ယူစွာ သတိပြုမိခဲ့**

စာပေလေ့လာမှုနှင့် ကွင်းဆင်းအတွေ့အကြုံများ၏ ပေါင်းစပ်မှုများကြောင့် လူသားတို့က “အဓိပ္ပာယ်ရှိသောဘဝ” များ ရယူပိုင်ဆိုင်ခွင့် ရှိလေသည်။ အဓိပတိလမ်းမှ ချိုး၍ ကံ့ကော်ပင်တန်းလေးတွေကိုကျော်လျှင် တက္ကသိုလ်စာကြည့်တိုက်ကို ရောက်၏။ ထိုစာကြည့်တိုက်တွင် အစဉ်အမြဲ ပြုံးချိုစွာ ကြိုဆိုနေသော ဦးသော်ကောင်းကို တွေ့နိုင်ပါသည်။ ယခု ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဆောင်းပါး တစ်ပုဒ်တွင် “ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ထဲက ကျနစ်စသားမင်းကြီးရဲ့ ရှေးဟောင်းအမွေ အနှစ်တစ်ခု” အကြောင်း ဒေါက်တာ အောင်မြင့်ဦး ရေးခဲ့သည်ကို ဖတ်ရသောအခါ ကျွန်တော် ကပ်ကျော်သွားခဲ့မိသော သမိုင်းမှတ်တမ်းတစ်ခုအကြောင်း ဂုဏ်ယူစွာ သတိပြုမိခဲ့ပါတော့သည်။

မုဒိတာပွား၍ ရေးအားကောင်းကောင်းနှင့် ရေးရလျှင် ဆုံးမည်မထင်။ နိဂုံးအနေဖြင့် ရန်ကုန်တက္ကသိုလ်၏ (၉၆) နှစ်မြောက် အထိမ်းအမှတ်ကာလတွင် RC ထဲ၌ ဝက်ဝက်ကွဲအောင်မြင်ခဲ့သော ရန်ကုန်တက္ကသိုလ် အလှမယ်ရွေးချယ်ပွဲတစ်ခုကို ကျွန်တော်တို့ ဇနီးမောင်နှံ ပါဝင်ပါရမီဖြည့်ခဲ့ရသော အကြောင်းပင် ရေးချင်ပါ၏။ ပါမောက္ခချုပ် ဆရာ ဦးဖိုးကောင်းနှင့်တကွ ဆရာကြီး ဆရာမကြီးများ၏ ဦးဆောင်မှု၊ RC နှစ်ထပ်လုံးပြည့်လျှံအောင် အားပေးကြသော တက္ကသိုလ်ကျောင်းတော်သူ ကျောင်းတော်သားတို့၏ အဆင့်မြင့်သော အားပေးမှု၊ အလှသရဖူ တက္ကသိုလ်ကျောင်းသူများနှင့် ခေတ်ပေါ်ဖက်ရှင် ဒီဇိုင်နာများ၏ သဘာဝပတ်ဝန်းကျင်နှင့် လျော်ညီသော တီထွင်မှုများဖြင့် ဖြည့်ဆည်းခဲ့ကြ၏။ ထိုရာပြည့်အကြိုအတွေ့အကြုံများဖြင့် ကိုဗစ်-၁၉ အလွန်ကာလတွင် "Green Normal" ပြန်လည်ထူထောင်နိုင်မည်ဟု ယုံကြည်ပါ၏။ ။

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀)ရေးဆွဲခြင်းအတွက် Max Myanmar Holdings Co., Ltd နှင့် ရောဝတီဘဏ်၊ Loi Hein Group of Companies၊ CB Bank၊ ကမ္ဘောဇဘဏ်လီမိတက်၊ Shwe Taung Group of Companies၊ မြန်မာပြည်လုံးဆိုင်ရာ ပုဂ္ဂလိကကျောင်းများအသင်းတို့မှ နာယက၊ ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) (National Education Strategic Plan-NESP 2021-2030) ရေးဆွဲရေးအတွက် Max Myanmar Holdings Co., Ltd နှင့် ရောဝတီဘဏ်၊ Loi Hein Group of Companies၊ CB Bank၊ ကမ္ဘောဇဘဏ်လီမိတက်၊ Shwe Taung Group of Companies၊ မြန်မာပြည်လုံးဆိုင်ရာ ပုဂ္ဂလိကကျောင်းများအသင်းတို့မှ နာယက၊ ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ပညာရေးဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**




အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ မြန်မာပြည်လုံးဆိုင်ရာ ပုဂ္ဂလိကကျောင်းများအသင်းဥက္ကဋ္ဌ ဦးနေအုပ်၊ Max Myanmar Holdings Co., Ltd နှင့် ရောဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ Loi Hein Group of Companies ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ကမ္ဘောဇဘဏ်လီမိတက်နာယကကြီးဦးအောင်ကိုဝင်းကိုယ်စား Senior MD ဦးဇော်လင်းအောင်၊ Shwe Taung Group of Companies ဥက္ကဋ္ဌ ဦးအိုက်ထွန်းကိုယ်စား MD ဦးအောင်ဇော်နိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပညာရေးပြုပြင်ပြောင်းလဲမှုများကို ၂၀၁၆ ခုနှစ်မှ ယနေ့အထိ ဆောင်ရွက်လျက်ရှိရာတွင် လက်ရှိဆောင်ရွက်နေသည့် အခြေအနေနှင့် ရှေ့ဆောင်ရွက်မည့် အခြေအနေများတွင် လူကြီးမင်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု စုပေါင်းအင်အားသည် အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံ၏ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း။

ယနေ့ အားလုံးသိကြသည့်အတိုင်း နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ပညာရေးကို ပုံဖော်သည့် လမ်းကြောင်းများ (Trends Shaping Education, 2019, OECD)၊ ပညာရေး၏ ရှေ့အနာဂတ်ဆောင်ရွက်ရမည့်ပုံစံများတွင် Globalization အနေဖြင့် ယနေ့ ကမ္ဘာ၏ စီးပွားရေးအရွေ့သည့် အင်မတန် အရေးကြီးပါကြောင်း၊ အထူးသဖြင့် ကိုယ့်နိုင်ငံတည်ရှိနေသည့် နေရာဝန်းကျင်တွင် Economic Power ၏ Gravity ရောက်လာမှုနှင့် လိုက်လျောညီထွေ ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ Globalization တွင် ချမ်းသာ ဆင်းရဲ စသည့်မညီမျှမှုများ၊ ဆန်းသစ်တီထွင်မှုအသစ်များ၊ ငွေကြေး ရွှေ့ပြောင်းနိုင်ခြင်းများ စသည်ဖြင့် များပြားပါကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေ ၇ ဒသမ ၅ ဘီလီယံ ရှိရာတွင် ၃ ဘီလီယံ ကျော်သည် လေကြောင်းနှင့် ခရီးသွားလာမှု ရှိနေသည်အထိ Mobilities များ အားကောင်းလာပါကြောင်း၊ ဒီမိုကရေစီတွင်လည်း မညီမျှမှု၊ ပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှု၊ အစုအဖွဲ့အခွင့်အရေးများ၊ ကျေးလက်ဒေသများ ပါဝင်လာသကဲ့သို့ Voting ကလည်း ကမ္ဘာ့နိုင်ငံအများစုတွင် မဲပေးသည့် အရေအတွက် များနေပါကြောင်း၊ အခွန်အခကောက်ခံရာတွင် တရားမျှတမှုမရှိခြင်း၊ ကမ္ဘာ့နိုင်အသီးသီးတွင် ၁၀ ရာခိုင် နှုန်းသော လူဦးရေ၏အပေါ်တွင်သာ Tax များ မှီခိုနေခြင်းဖြစ်ပါကြောင်း၊ ၉၀ ရာခိုင်နှုန်းသည် အလုပ်လုပ်ကိုင်ရန် ဂုဏ်သိက္ခာရှိသော လခ၊ ဝင်ငွေများကိုရရှိပြီး လူနေမှုအဆင့်အတန်းမြင့်မားရန်အတွက် ရုန်းကန်နေရပါကြောင်း။

လုံခြုံရေးဟုပြောပါက ကျန်းမာရေးအတွက် လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေး၊ အမျိုးသားအဆင့် လုံခြုံရေး၊ ရာသီဥတုပြောင်းလဲခြင်း စသည်များကို သတိထားရမည်ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများ (ageing people)များလာသည့်အတွက် စောင့်ရှောက်ပြုစုရန်နှင့် အငြိမ်းစား (retired men) များအတွက် ပိုပြီးဂရုစိုက်ရန် လိုအပ်လာပါကြောင်း။

ခေတ်မီ ယဉ်ကျေးမှုတွင်လည်း အွန်လိုင်းသည် အမှန်တကယ် လုပ်ငန်းတွင်လာခြင်း ဖြစ်လာပါကြောင်း၊ လုပ်ငန်းချိန်အတိုးအလျှော့ လုပ်နိုင်ခြင်း၊ (flexible work) တွေ ဖြစ်လာပါကြောင်း၊ ခေတ်သစ်မိသားစုများဖြစ်လာပါကြောင်း၊ ရေရှည်တည်တံ့သည့် သယ်ယူပို့ဆောင်မှုများ (green mobility) များ ဖြစ်လာပါကြောင်း၊ ဖခင်တွေက မိခင်တွေလိုပဲ ပိုပြီးတော့ ကလေးများကို ပြုစုပျိုးထောင်လာပြီး လှုပ်ရှားတက်ကြွလာသည့် ဖခင်များဖြစ်လာပါကြောင်း။

**သက်ရောက်မှုများ အများကြီးရှိ**

ယနေ့ ကိုဗစ်ကာလ ကြုံတွေ့ရပြီး ကျောင်းများပိတ်လိုက်သည့်အခါ ကျန်းမာရေးနှင့် စီးပွားရေးထိခိုက်နစ်နာမှုများသာမက ပညာရေး၏ ထိခိုက်နစ်နာမှု၊ မမြင်ရသည့် အကျိုးသက်ရောက်မှုများ အများကြီးရှိနေသည်ကို တွေ့ရပါကြောင်း။

နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ၂၁ ရာစုနှင့် လိုက်လျောညီထွေရှိသော အရည်အသွေးရှိသည့် ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်ရှိဆောင်ရွက်နေသည့် NESP (2016-2021)၏ တွေ့ရှိချက်နဲ့ အကြံပြုချက်များပေါ်တွင် အခြေခံ၍ ဆောင်ရွက်နေပါကြောင်း၊ ပြည်သူများကို ကတိပေးထားသည့် ဦးစားပေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ မျှော်မှန်းရလဒ်အနေဖြင့် ကျောင်းသားကျောင်းသူများအား လူသားကောင်းများဖြစ်ရန်၊ ပူးပေါင်းဆောင်ရွက်တတ်သူများဖြစ်ရန်၊ တာဝန်ယူတာဝန်ခံပြီး အကောင်းဆုံးတာဝန်ကျေပွန်အောင် လုပ်တတ်ရန်၊ ဆန်းသစ်တီထွင် ဖန်တီးနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ ဆောင်ရွက်ရာတွင် Hard Skill နှင့် Soft Skill များကို မျှမျှတတဆောင်ရွက်နေပါကြောင်း။

တိုင်းရင်းသား လူမျိုးပေါင်းစုံနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည့်အတွက် ပညာရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် တိုင်းရင်းသားဒေသများကို ဦးစားပေးသလို ဖွံ့ဖြိုးမှုအားနည်းသော ဒေသများ၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လိုအပ်သူများကို ဦးစားပေးပါကြောင်း၊ ဆရာဆရာမများ၊ စီမံဝန်ထမ်းများကို စွမ်းရည်မြှင့်ပေးခြင်းများ၊ သုတေသနလက်တွေ့လုပ်ငန်းများကို လုပ်ငန်းခွင်တွင် ကျွမ်းကျွမ်းကျင်ကျင်နှင့် အကောင်းဆုံး ဆန်းသစ်တီထွင်ဖန်တီးနိုင်သည့် စွမ်းရည်များရအောင် ဆောင်ရွက်ပေးနိုင်သော အသုံးချသုတေသနများ၊ သင်ရိုးများ၊ ယင်းအချက်များပေါ်တွင် အခြေခံဆောင်ရွက်သည့် သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားသင်ယူမှု နည်းစနစ်များကလည်း အရေးကြီးကြောင်း။

ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်သင်ကြားသင်ယူမှုများ အရေးကြီးပါကြောင်း၊ သို့သော် ဒစ်ဂျစ်တယ်သင်ကြား သင်ယူမှု အဆင့်မြင့်နည်းပညာဖြင့် သင်ယူမှုများသည် ကျောင်းသား ကျောင်းသူများနှင့် သင်ယူသူများကို မှတ်မိနိုင်စွမ်းနှင့် နားလည်နိုင်စွမ်းများကိုသာ မြှင့်တင်ပေးနိုင်ပါကြောင်း။

စာသင်ခန်းတွင်း သင်ကြားသင်ယူမှုသည် လက်တွေ့လက်ဆင့်ကမ်းသင်တန်းပေးခြင်း ဖြစ်သောကြောင့် Robotics များ၊ Artificial Intelligence စသည်များ အားကောင်းလာသော်လည်း ယနေ့အထိ စာသင်ခန်းတွင်းသင်ကြားသင်ယူမှု (Face-to-Face Teaching Learning) ကို အစားထိုးလို့ မရသေးပါကြောင်း၊ Face-to-Face Teaching Learning၊ High-Touch Learning များကသာ ကျောင်းသား ကျောင်းသူများ၊ သင်ယူသူများနှင့် ပြည်သူများ၏ အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ အကဲဖြတ်ခြင်း၊ ဆန်းသစ်တီထွင်ခြင်း (Innovation) နှင့် ဖန်တီးခြင်း (Creation) များကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ ကိုဗစ်ကာလအခြေအနေနှင့် ကြုံတွေ့ရာတွင် နည်းပညာကိုလည်း အသုံးပြုရမည်ဖြစ်သကဲ့သို့ ရရင်ရသလို စာသင်ခန်းတွင်း သင်ကြားသင်ယူမှုများကိုလည်း သုံးရမည်ဖြစ်သည့်အတွက် High-Tech Learning နှင့် High-Touch Learning ပေါင်းစပ်ပြီးသုံးသည့် Blended Learning အသုံးပြုဆောင်ရွက်ရန် လိုပါကြောင်း၊ ကျောင်းများတွင်လည်း ကွန်ပျူတာနည်းပညာများ အရေးကြီးပါကြောင်း၊ ယနေ့ခေတ်တွင် Digital Economy အားကောင်းလာပြီး စက်ရုံများ၊ အလုပ်ရုံများ၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဒစ်ဂျစ်တယ် ကွန်ပျူတာနည်းပညာကို အခြေပြုထားကြပါကြောင်း၊ စီမံခန့်ခွဲမှုများ၊ ကျောင်းများ၊ စက်ရုံအလုပ်ရုံများနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ပညာရေးနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းကာ အပြန်အလှန်အကျိုးပြုပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများသည်လည်း အရေးကြီးပါကြောင်း။

ဆရာ ဆရာမများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနေသကဲ့သို့ လိုအပ်သည့် နည်းပညာနှင့် အခြေခံအဆောက်အအုံများဖြစ်သော စာသင်ခန်း၊ စာကြည့်တိုက်၊ ရေနှင့် မိလ္လာစနစ်၊ ဝန်ထမ်းအိမ်ရာ စသည်များ ဖြည့်ဆည်းပေးသည့် နေရာတွင် ပုဂ္ဂလိက၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း အရေးကြီးပါကြောင်း။

**သီအိုရီနှင့် လက်တွေ့ပေါင်းစပ်**

ပညာရေးကို သီအိုရီနှင့် လက်တွေ့ပေါင်းစပ်၍ အဆင့်လိုက် အကောင်အထည်ဖော်နိုင်ရန် အမျိုးသားအရည်အချင်း မူဘောင်ကို သတ်မှတ်၍ ဆောင်ရွက်နေပါကြောင်း၊ အရည်အသွေးအာမခံမှုနှင့် အသိအမှတ်ပြုမှုများသည် အရေးကြီးပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် High-Tech Learning၊ High-Touch Learning၊ Blended Learning များဖြင့် ကျောင်းသား ကျောင်းသူတွေ သင်ယူသူတွေကို တစ်သက်တာသင်ယူမှု အခွင့်အလမ်းများဖြင့် ပြည်ထောင်စုကြီးတွင် ဂုဏ်သိက္ခာရှိသော လူသားများအဖြစ် နေထိုင်နိုင်ရန်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် အရည်အသွေးများရရှိလာစေရန် Learning Objectives များ၊ Learning Outcomes များနှင့် Learning Competencies များ သတ်မှတ်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် အောင်မြင်မှုများရှိသလို မအောင်မြင်သည့်အရာများလည်း ရှိပါကြောင်း၊ အတော်ဆုံး၊ အထူးချွန်ဆုံးသူများ ဆရာ ဆရာမဖြစ်လာလျှင် ပညာရေးကို အရည်အသွေးကောင်းအောင် မြန်မြန်လုပ်နိုင်မည် ဖြစ်ပါကြောင်း၊ အခြေခံပညာ ဆရာဆရာမများကို ပြုစုပျိုးထောင်နေသည့် ပညာရေးဒီဂရီကောလိပ်များရှိ Student Teachers များနှင့် Teacher Educators များကို ပညာရေးပြုပြင်ပြောင်းလဲမှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကြောင့် စီးပွားရေးပြောင်းလဲမှုများ အကြောင်းကို အသိပေးရန်နှင့် ကောင်းသောသဘောထားအမြင်ကို မြှင့်တင်ပေးရန်လိုအပ်ပါကြောင်း၊ မိဘအုပ်ထိန်းသူ ပြည်သူများ၏ ရင်သွေးငယ် ကျောင်းသား ကျောင်းသူများအား သင်ယူတတ်မြောက်မှု အရည်အသွေးပိုကောင်းလာအောင် ပူးပေါင်းဆောင်ရွက်ရန်အတွက် အားနည်းနေကြောင်းကို South-East Asia Primary Learning Matric သုတေသနအစီရင်ခံစာတွင် တွေ့ရပါကြောင်း။

အဓိကမှာ ဆရာ ဆရာမများ၏ အရည်အသွေး အရေးကြီးသကဲ့သို့ မိဘများလည်း အရေးကြီးပါကြောင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုသည် အင်မတန်အရေးကြီးပါကြောင်း၊ စုပေါင်းအင်အားနှင့် လုပ်ဆောင်ပါက နိုင်ငံ၏ အရည်အသွေးရှိသော ပညာရေးကို လက်တွေ့ကျကျ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ တက်ရောက်ချီးမြှင့်ပေးသည့် လူကြီးမင်းများ၏ အကြံဉာဏ်များ၊ ဝေဖန်မှုများ၊ ဆွေးနွေးချက်များသည် ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် တန်ဖိုးမဖြတ်နိုင်သော ဆွေးနွေးအကြံပြုချက်များ ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အခြေခံပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေး၊ ပညာရေးပြုပြင်ပြောင်းလဲမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အကြံပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ ပါ "မြန်မာအမျိုးသားလေကြောင်းမှ ပြည်တွင်းခရီးစဉ်များကို Boeing 737-800 NG Embraer 1901 ATR-72 GOO Series လေယာဉ်သစ်များဖြင့် ခရီးသွားပြည်သူများအား နေ့စဉ်ပျံသန်းပို့ဆောင်ပေးသွားမည်" သတင်း၌ ဖော်ပြပါရှိသော Boeing 737-800 NG Embraer 1901 ATR-72 GOO Series **(အစား)** Boeing 737-800 NG ၊ Embraer 190 ၊ ATR-72 600 Series ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မြန်မာအမျိုးသားလေကြောင်း**

# တနိုင်း၊ မိုးမိတ်နှင့် မိုင်းဖြတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် တနိုင်းမြို့ ဆင်ဆာ့ကောင်းရပ်ကွက်နေ မင်းနောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မင်းနောင်နှင့်အတူ ထိန်လွှန်ကို တွေ့ရှိပြီး ဘိန်းဖြူ သုည ဒသမ ၃၃ ကီလိုနှင့် မော်တော်ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိသည်။



ဆပ်ပါအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ ည ၈ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု မိုးမိတ်-တွင်းငယ်သွား ကားလမ်း ကီလိုမီတာတိုင်အမှတ်(၁၉/၅)အနီးတွင် စိုးပြည့်စုံ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၇၅ ပြားကို လည်းကောင်း။

အလားတူ ယင်းနေ့ ည ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုင်းဖြတ်မြို့နယ် ကျိုင်းတုံ-မိုင်းဖြတ်သွားကားလမ်း မိုင်တိုင်အမှတ်(၇၀၈) အနီးတွင် ဆပ်ပါ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ဂုတ်တွင်းလမ်းပိုင်း၌ တွဲယာဉ်တစ်စီးတိမ်းမှောက်

**သီပေါ ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-သီပေါ(လားရှိုး)၊ မူဆယ်ပြည်ထောင်စုလမ်းမကြီး ကျောက်မဲမြို့နယ်နှင့် နောင်ချိုမြို့နယ်ကြားရှိ ဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ်(၈၃/၈၄) ကုလားမကွေ့တွင် ယနေ့ နံနက်ပိုင်းက မန္တလေးမှ မူဆယ်သို့ ငှက်ပျောသီးဂျပ်ဖာများ တင်ဆောင်လာသော ယာဉ်မောင်း ဇော်မျိုး မောင်းနှင်သည့် တွဲယာဉ်အမှတ် 3/ဈ....သည် အရှိန်လွန်ပြီး တိမ်းမှောက်သွားခဲ့သည်။

ယာဉ်ကြောပိတ်ဆို့မှု ကြာရှည်စွာ မဖြစ်ပေါ်စေရေးအတွက် ကျောက်မဲနှင့် နောင်ချိုမြို့နယ်များမှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ နောင်ပိန်နှင့်ဂုတ်တွင်းရဲကင်းတို့မှ တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုဖြင့် မွန်းလွဲ ၁ နာရီခွဲတွင် ဂုတ်တွင်းလမ်းပိုင်း ပြန်လည်ဖွင့်လှစ်ကာ ပုံမှန်အတိုင်း သွားလာနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ရေတာရှည်မြို့နယ်၌ ယာဉ်မောင်းအိပ်ငိုက်ကာ ရပ်ထားသောကုန်တင်ယာဉ်ကို ဝင်တိုက်မိ၍ တစ်ဦးဒဏ်ရာရရှိ

**ရေတာရှည် ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ တောင်ဘက် တစ်မိုင်ခန့်အကွာ ရွှေပြည်ကုန်းကျေးရွာအနီး ရန်ကုန်- မန္တလေးကားလမ်းတွင် ဒီဇင်ဘာ ၁၉ ရက် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်က ယာဉ်မောင်းနှင်သူ အိပ်ငိုက်ကာ လမ်းဘေးတွင် ရပ်တန့်ထားသော အခြားကုန်တင်ယာဉ်တစ်စီးကို အရှိန်လွန်ဝင်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း မန္တလေးမြို့ တံခွန်တိုင်ရပ်နေ ကျော်မင်းဦး (၄၅ နှစ်) မောင်းနှင်ပြီး မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာနေ သီဟ(ခ)အောင်အောင် (၁၉ နှစ်) လိုက်ပါလာသည့် နစ်ဆန်းကုန်တင်ယာဉ်သည် မိုင်တိုင် ၁၇၄/၅ နှင့် ၆ အကြား အခင်းဖြစ်နေရာအရောက် ယာဉ်မောင်းနှင်သူအိပ်ငိုက်ပြီး ကားလမ်းအရှေ့ဘက်ခြမ်း မြေသားလမ်းတွင် အချက်ပြမီးဖွင့်၍ ရပ်တန့်ထားသော ကုန်တင်ယာဉ်၏ နောက်ပိုင်းကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်နောက်လိုက် သီဟ(ခ)အောင်အောင်တွင်(စိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့၍ ယာဉ်မောင်း ကျော်မင်းဦးကို ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန်းလွင်**

# ၂၀၂၁ အာရှချန်ပီယံလိဂ်နှင့် AFC CUP ပြိုင်ပွဲကျင်းပရန် လျာထားရက်များ ထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၁ အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲကျင်းပရန် လျာထားရက်များကို အာရှဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်လိုက်ပြီဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲနှစ်ခု၏ ခြေစစ်ပွဲများကို ဇန်နဝါရီနှင့် ဖေဖော်ဝါရီ၊ နောက်ဆုံးအဆင့် အုပ်စုပွဲများကို ဖေဖော်ဝါရီတွင် စတင်ကျင်းပလေ့ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် လာမည့်နှစ်တွင် နောက်ဆုတ်ကျင်းပမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်မှုအရ အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲကို မတ်လ၊ Play-off အဆင့်ခြေစစ်ပွဲကို ဧပြီလ၊ အုပ်စုပွဲစဉ်များကို ဧပြီလ၊ AFC Cup ပြိုင်ပွဲအကြိုခြေစစ်ပွဲနှင့် Play-off ခြေစစ်ပွဲများကို ဧပြီလ၊ အာဆီယံဇုန်အုပ်စုပွဲများကို ဇွန်လတို့တွင် ကျင်းပရန်လျာထားပြီး ကိုဗစ်-၁၉ ရောဂါအပေါ် မူတည်၍ ရက်အပြောင်းအလဲ ပြုလုပ်မည်ဖြစ်သည်။ လာမည့်နှစ် အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း၊ AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ရှမ်းယူနိုက်တက်အသင်း၊ ခြေစစ်ပွဲတွင် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ခွင့်ရရှိထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်တွင် ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ပြန်လည်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်ပါက AFC Cup ပြိုင်ပွဲတွင် ရှေ့ဝတီအသင်းက အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်၏ သတ်မှတ်ချက်အရ MNL အမှတ်ပေးချန်ပီယံအသင်းမှာ အာရှချန်ပီယံလိဂ်ခြေစစ်ပွဲအဆင့်နှင့် AFC Cup ပြိုင်ပွဲအုပ်စုအဆင့်၊ ရှုံးထွက်ပြိုင်ပွဲ ချန်ပီယံအသင်းမှာ AFC Cup ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ၂၀၂၀ ရာသီတွင် ကပ်ရောဂါကြောင့် ရှုံးထွက်ပြိုင်ပွဲ မကျင်းပနိုင်သဖြင့် အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆုရသည့် ဟံသာဝတီအသင်းက ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

# ဟာသ သရုပ်ဆောင် လူရွှင်တော် ရှေ့ရာ(ဦးရှေ့ရာမြိုင်) ကွယ်လွန်

**ရန်ကုန် ဒီဇင်ဘာ ၁၉**



အငြိမ့်လောကနှင့် ရုပ်ရှင်ဗီဒီယိုများ၌ အောင်မြင်၍ ပရိသတ်များပြားခဲ့သူ သရုပ်ဆောင်လူရွှင်တော် ရှေ့ရာ (ဦးရှေ့ရာမြိုင်) သည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၃ နာရီ ၃၉ မိနစ်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပြီး ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးခဲ့ကြောင်း ၎င်း၏ မိသားစုဝင်များက ပြောကြားသည်။

လူရွှင်တော်ရှေ့ရာကို ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာ ၂၀ ရက်တွင် ဖခင် ဦးထွန်းရင်၊ မိခင် ဒေါ်ခင်မာရီတို့က ကြည့်မြင်တိုင်မြို့နယ်တွင် မွေးဖွားခဲ့သည်။ မွေးချင်းခြောက်ယောက်အနက် တတိယမြောက်ဖြစ်သည်။ နိုဝင်ဘာ၂၉ ရက် ညနေက ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်နေအိမ်၌နေစဉ် အောက်ဆီဂျင်များကျလာသည့်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့ရခြင်းဖြစ်သည်။

ဆေးရုံကြီးတွင် ထပ်မံစစ်ဆေးမှုအရ ကိုဗစ်ပိုးတွေ့ရှိရသည့်အတွက် အထူးကြပ်မတ်ဆောင်တွင် စောင့်ရှောက်ကုသမှု ခံယူနေခဲ့ရသည်။ ကွယ်လွန်ချိန်တွင် အသက် ၆၁ နှစ်ထဲသို့ ရောက်ရှိနေပြီဖြစ်ကာ ယခင်ကတည်းက အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ အရိုးရောဂါအခံများ ရှိထားသည်ဟု သိရသည်။

အနုပညာလောကသို့ ကြည့်မြင်တိုင်မြို့နယ် ပန်းတဉ်းတန်းအရှေ့ဘက်တော် ဝတ်အသင်းကြီး၏ ရွှေပြားသင်္ကန်းတော်များလှည့်လည် ပူဇော်ပွဲအခမ်းအနားမှ အကဝိုင်းများတွင် စတင်ပါဝင်ခဲ့ပြီး ''ပန်းတဉ်းမောင်''၊ ''ယဉ်ကျေးမောင်အကအဖွဲ့''များတွင် အရပ်လူရွှင်တော် ဦးသာလှ(ကွယ်လွန်)၊ ဦးဝင်းမောင်(ကွယ်လွန်)တို့နှင့်တွဲ၍ နယ်ပွဲများတွင် လှည့်လည်ကပြခဲ့ကြသည်။

ထို့နောက် အငြိမ့်များခေတ်ကောင်းစဉ်က ''ခင်မာချို''အငြိမ့်အဖွဲ့တွင် ယနေ့သရုပ်ဆောင် လူရွှင်တော် ကျော်ထူးနှင့်တွဲ၍ စတင်ပါဝင်လာခဲ့သည်ဟု မိသားစုဝင်တစ်ဦး၏ ပြောပြမှုအရ သိရသည်။

အငြိမ့်လောက၌ ကျော်ထူး၊ ရှေ့ရာ၊ အောင်ပန်း(ကွယ်လွန်)တို့မှာ အတွဲညီခဲ့ကြသည်။ မြဝတီရုပ်သံမှ ''လူရွှင်တော်ရွှေဖလား'' အစီအစဉ်ဖြင့် မျိုးဆက်သစ်လူရွှင်တော်မြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည်။ ရုပ်မြင်သံကြားကြော်ငြာကဏ္ဍ၌ သရုပ်ဆောင် မျိုးသန္တာထွန်းနှင့် တွဲ၍ ရိုက်ခဲ့သော ''ကေသီပန်သွေးပုပ်ချဆေး''ကြော်ငြာမှာ လူကြိုက်အများဆုံးကြော်ငြာတစ်ခုဖြစ်ခဲ့သည်။

စာပေလောကအတွက် ''နွားကျောင်းသားအိပ်မက် တစ်ဆယ့်ခြောက်ချက်''နှင့် ''ဟင်းချက်မစားတဲ့ရပ်ကွက်''စာအုပ်နှစ်အုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ကွယ်လွန်ချိန်၌ ဇနီးဖြစ်သူ ဒေါ်ခင်သီတာမြင့်၊ သမီး ယမုံခင်(ခ)ဝိုင်းချစ်နှင့် မြေးမောင်အာဂတို့ ကျန်ရစ်ခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

● *ကျောဖုံးမှ*

ဘရိုက်တန်အိမ်ကွင်း၌ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဘရိုက်တန်အသင်းသည် ရမှတ် ၁၁ မှတ်ဖြင့် တန်းဆင်းဇုန်အထက်နားတွင် ရပ်တည်နေသည့်အတွက် အနိုင်ရရှိရန်လိုအပ်နေသည်။ ရှက်ဖီးကလည်း နိုင်ပွဲရယူထားနိုင်ခြင်းမရှိသေးဘဲ တစ်ပွဲသရေကျကာ ၁၂ ပွဲအထိ ရှုံးနိမ့်ထားသည့်အတွက် အမှတ်ပေးဇယားအောက်ဆုံးနေရာတွင် ရပ်တည်နေသည်။ ထို့ကြောင့် ရှက်ဖီးလ်အသင်းသည် ယခု ဘရိုက်တန်အသင်းနှင့် ပွဲစဉ်တွင် ယခုနှစ် ပရီမီယာလိဂ် ပထမဆုံး နိုင်ပွဲရယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

ယနေ့ည၏ စိတ်ဝင်စားဖွယ်ရာပွဲစဉ်အဖြစ် စပါးအသင်းနှင့်လက်စတာအသင်းတို့ ထိပ်တိုက်ဆုံတွေ့နေခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်ကို ယနေ့ည ၈ နာရီ ၄၅ မိနစ်တွင် စပါးအိမ်ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ စပါးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် လီဗာပူးအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး အမှတ်ပေးဇယား ဆက်လက်ဦးဆောင်ခွင့်နှင့် လွဲချော်ခဲ့ရသည့်အတွက် ယခုလက်စတာအသင်းနှင့် ပွဲစဉ်ကို အနိုင်ရရှိရန် ကြိုးပမ်းလာဖွယ်ရှိနေသည်။ လက်စတာအသင်းကလည်း စပါးအသင်းနည်းတူ ပွဲစဉ် ၁၃ တွင် အဲဗာတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ နှစ်သင်းကြား အမှတ်ကွာဟမှုမှာ တစ်မှတ်သာရှိသည့်အတွက်လည်း ပြိုင်ဆိုင်မှုပြင်းထန်ကာ ပရိသတ်အကြိုက်တွေ့စေမည်ဖြစ်သည်။

နောက်ထပ်စိတ်ဝင်စားဖွယ်ရာပွဲစဉ်အဖြစ် ယနေ့ည ၁၁ နာရီတွင် ယှဉ်ပြိုင်ကစားမည့် မန်ယူအသင်းနှင့် လိဒ်စ်အသင်းတို့ ဆုံတွေ့နေခြင်းဖြစ်သည်။ အမှတ်ပေးဇယားရပ်တည်မှုတွင် မန်ယူအသင်းက ပရီမီယာလိဂ် ၁၂ ပွဲကစားအပြီး ရမှတ် ၂၃ မှတ် ရရှိထားကာ လိဒ်စ်က ၁၃ ပွဲတွင် ၁၇ မှတ်သာ ရရှိထားသည်။ ပွဲစဉ် ၁၃ တွင် နှစ်သင်းလုံး နိုင်ပွဲရယူထားနိုင်သည့်အတွက် ယခုပွဲစဉ်တွင် မည်သည့်အသင်းက အနိုင်ရလဒ်ကို ဖော်ဆောင်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဝက်စ်ဘရွန်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ ပွဲစဉ်ကို တနင်္လာနေ့ နံနက် ၁ နာရီ ၄၅ မိနစ်တွင် ဝက်စ်ဘရွန်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဝက်စ်ဘရွန်းအသင်းက ပွဲစဉ် ၁၃ တွင် မန်စီးတီးအသင်းနှင့် သရေကျထားပြီး အက်စ်တွန်ဗီလာအသင်းကလည်း ဘန်လေအသင်းနှင့် သရေကျထားသည်။ **အောင်ဇော်**

# လီဗာပူးတို့ အဝေးကွင်း၌ ပဲလေ့စ်ကို ဂိုးပြတ်နိုင်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၄)မှ ဒီဇင်ဘာ ၁၉ ရက် စနေနေ့ည အစောဆုံးပွဲစဉ်တစ်ပွဲဖြစ်သော ပဲလေ့စ်နှင့် လီဗာပူးပွဲစဉ်တွင် အဝေးကွင်း၌ ခုနစ်ဂိုး - ဂိုးမရှိဖြင့် လီဗာပူးအသင်း ဂိုးပြတ်အနိုင်ရရှိသည်။

ဒီဇင်ဘာပွဲကျပ်ကာလတွင် အသင်းကြီးများ အမှတ်ကွာဟမှုမရှိရေး ရုန်းကန်နေရပြီး ယနေ့ပွဲတွင် ပဲလေ့စ်အသင်းသည် ၄-၄-၂ ကစားကွက်တိုက်စစ်တွင် ဇာဟာနှင့် ဂျော်ဒန်အရူးတို့ ပွဲထွက်ခဲ့သည်။ လီဗာပူးအသင်းသည် ၄-၃-၃ ပုံစံဖြင့် တိုက်စစ်တွင် မီနာမီနို၊ ဖာမီနိုနှင့် မာနေးတို့ ပွဲထွက်ခဲ့သည်။ ပထမပိုင်းပွဲစပြီး သုံးမိနစ်တွင် မာနေး ဖန်တီးမှုမှတစ်ဆင့် မီနာမီနိုက လီဗာပူးအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ လီဗာပူးအတွက် ထပ်မံအနိုင်ဂိုးများကို ပွဲချိန် ၃၅ မိနစ်တွင် မာနေး၊ ၄၄ မိနစ်နှင့် ၆၈ မိနစ်တွင် ဖာမီနို၊ ၅၂ မိနစ်တွင် ဟန်ဒါဆန်၊ ၈၁ မိနစ်နှင့် ၈၄ မိနစ်တွင် ဆာလက်တို့က သွင်းယူခဲ့ကြသည်။ ယင်းပွဲတွင် လီဗာပူးအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၄ ကြိမ်ရရှိကာ ရှစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ဆောက်သမ်တန်နှင့် မန်စီးတီးပွဲတွင် မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

ပွဲစဉ်(၁၄)ဒီဇင်ဘာပွဲကျပ်ကာလ ဂိုးမိုးရွာသွန်းခဲ့သည့် လီဗာပူးအသင်းသည် ရမှတ် ၃၁ မှတ်ဖြင့် ဇယားထိပ်တွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ပဲလေ့စ်က ရမှတ် ၁၈ မှတ်သာ ရရှိထားသည်။ လာမည့် ပွဲစဉ်(၁၅)တွင် လီဗာပူးသည် အိမ်ကွင်း၌ ဝက်စ်ဘရွန်းကို ဧည့်ခံယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပဲလေ့စ်က အဝေးကွင်း၌ အက်စ်တွန်ဗီလာကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သီဟ**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၁၀ သန်း ကျော်လွန်လာပြီဖြစ်

**နယူးဒေလီ ဒီဇင်ဘာ ၁၉**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုပေါင်း ၁၀ သန်း ကျော်သွားပြီဖြစ်ပြီး ကမ္ဘာပေါ်တွင် အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယမြောက်ကူးစက်မှု အမြင့်ဆုံးနိုင်ငံလည်း ဖြစ်သည်။

ဒီဇင်ဘာ ၁၉ ရက်တွင် နောက်ထပ်ကူးစက်ခံရသူ ၂၅၁၅၂ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၁၀၀၀၄၅၉၉ ရှိလာပြီဟု အိန္ဒိယအစိုးရက အတည်ပြုပြောကြားခဲ့သည်။ သေဆုံးသူအရေအတွက်မှာ ၁၄၅၁၃၆ ဦးရှိပြီး အမေရိကန်နှင့် ဘရာဇီးတို့ပြီးလျှင် တတိယမြောက် သေနှုန်းအမြင့်ဆုံးနိုင်ငံ ဖြစ်ခဲ့သည်။

နေ့စဉ်ကူးစက်မှုနှုန်းမှာ စက်တင်ဘာလလယ်မှစကာ များပြားခဲ့ပြီး ၁၀၀၀၀၀ နီးပါး ရှိခဲ့သည်။ ထို့နောက် ကိုဗစ် -၁၉ ကူးစက်မှုများ လျော့ကျလာသည်ကို တွေ့ရပြီး ယခုလအတွင်း နေ့စဉ် ကူးစက်မှုနှုန်းမှာ ၂၀၀၀၀ နှင့် ၃၀၀၀၀ ကြား ကျဆင်းလာခဲ့သည်။ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့တွင် ကာကွယ်ဆေးထိုးပေးမှုများ စတင်နေပြီဖြစ်ရာ ကုမ္ပဏီသုံးခုသည် အိန္ဒိယတွင် အရေးပေါ်အခြေအနေ၌ ကာကွယ်ဆေးအသုံးပြုခွင့်အတွက် လျှောက်ထားလာသည်။

ဆေးဝါးစည်းကမ်းတင်းကျပ်သူများက စိစစ်မှုများ ပြုလုပ်နေသည်ဟု သိရသည်။ လာမည့်သီတင်းပတ်အတွင်း ကာကွယ်ဆေး အဆင်သင့်ဖြစ်လာမည်ဟုလည်း အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ဒီဇင်ဘာ ၄ ရက်တွင် ပြောခဲ့သည်။ သိပ္ပံပညာရှင်များ ရှေ့ဆက်ရန် အစိုးရက စောင့်ဆိုင်းနေသည်ဟုလည်း ပြောကြားခဲ့သည်။

အရေးပေါ်အသုံးပြုခွင့်အတွက် ခွင့်ပြုချက်ရပါက ကျန်းမာရေးဝန်ထမ်းများ အပါအဝင် ပထမအသုတ်ကို ကာကွယ်ဆေးထိုးပေးနိုင်ရန် အစိုးရက စီစဉ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



ခရီးသွားများကို အပူချိန်တိုင်းပေးနေသည့် ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

# ဆွစ်ဇာလန်နိုင်ငံတွင် ဖိုက်ဇာ-ဘိုင်အိုအင်န်တက်ချ်မှ ထုတ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသုံးပြုခွင့်ပေး

**ဂျီနီဗာ ဒီဇင်ဘာ ၁၉**

ဆွစ်ဇာလန်နိုင်ငံတွင် ဖိုက်ဇာ-ဘိုင်အို အင်န်တက်ချ်မှ ထုတ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို နှစ်လကြာ သုံးသပ်မှုများ ပြုလုပ်ပြီးနောက် ဆွစ်ဇာလန် ဆေးဘက် စည်းကမ်းထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့က ဒီဇင်ဘာ ၁၉ ရက်တွင် အတည်ပြုပေးလိုက်သည်ဟု သိရသည်။

ဆွစ်ဇာလန်နိုင်ငံကဲ့သို့ ချမ်းသာသည့်နိုင်ငံတွင် ကိုဗစ်-၁၉ ပထမဆုံး ကာကွယ်ဆေးအဖြစ် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ လူနာများအတွက် လုံခြုံစိတ်ချရရေးမှာ မရှိမဖြစ်လိုအပ်သည့် လိုအပ်ချက်ဟု ဆွစ်ဇာလန်ဆေးဘက်စည်းကမ်းထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့မှ ညွှန်ကြားရေးမှူး ရေမင် ဘရူဟင်က ပြောသည်။

ဆွစ်ဇာလန်နိုင်ငံတွင် လူဦးရေ ၈ ဒသမ ၆ သန်းရှိပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၅ ဒသမ ၈ သန်း ရရှိအောင် ပြင်ဆင်ထားသည်။ ဖိုက်ဇာ-ဘိုင်အို အင်န်တက်ချ်မှ ထုတ်သည့် ကိုဗစ် -၁၉ ကာကွယ်ဆေး သုံးသန်းနှင့် မော်ဒါနာမှ ထုတ်သည့် ကာကွယ်ဆေး ၇ ဒသမ ၅ သန်း ဝန်းကျင်နှင့် အက်စ်ထရာဇနီကာမှ ထုတ်လုပ်သည့် ကာကွယ်ဆေး ၅ ဒသမ ၃ သန်း ဝန်းကျင်ကို ဝယ်ယူနိုင်ရေး စာချုပ်ချုပ်ဆိုထားသည်ဟု သိရသည်။

**အေအက်ဖ်ပီ**




ဖိုက်ဇာ-ဘိုင်အိုအင်န်တက်ချ်မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး။

# ဖိလစ်ပိုင်နိုင်ငံတွင် မုန်တိုင်းကြောင့် နှစ်ဦး သေဆုံးကာ လူ ရာနှင့်ချီပြီး ဘေးလွတ်ရာသို့ ရှောင်ရှားရ

**မနီလာ ဒီဇင်ဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ရာ လူနှစ်ဦး သေဆုံးပြီး လူ ရာနှင့်ချီ၍ နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရကြောင်း သိရသည်။

စီဘူခရိုင် လာပူ-လာပူ ကျွန်းပေါ်ရှိ ကမ်းရိုးတန်းကျေးရွာတွင် ဒီဇင်ဘာ ၁၈ ရက် ညပိုင်းက လှိုင်းကြီးခဲ့ပြီး နေအိမ်များ ပျက်စီးသွားသဖြင့် လူပေါင်း ၂၉၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်သွားရသည်ဟု မြို့တော်ဝန် ဂျူနက်ချန်က ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။ ကယ်ဆယ်ရေးသမားများက အမျိုးသမီးကြီးနှစ်ဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး လူငယ်တစ်ဦးကိုမူ အပျက်အစီးပုံများအောက်မှ ပြန်လည်ရှာတွေ့ခဲ့ကာ ဒဏ်ရာများ ကုသပေးခဲ့သည်ဟု သိရသည်။

တောင်ပိုင်းကျွန်း မင်ဒါနာအိုရှိ လူပေါင်း ၁၅၀၀ ခန့်ကို နေအိမ်များမှ စွန့်ခွာပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် စေခိုင်းခဲ့ရသည်။ ရေကြီးမှုကြောင့် ကျေးရွာပေါင်း ၁၃ ရွာတွင် ရေကြီးမှုဖြစ်ပေါ်ခဲ့ရသည်ဟု ဖိလစ်ပိုင် အမျိုးသားသဘာဝဘေး လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီမှ ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း မုန်တိုင်းနှင့် တိုက်ဖွန်းမုန်တိုင်း ၂၀ ခန့် ဝင်ရောက်လေ့ရှိသည်။

**အေအက်ဖ်ပီ**

# ယီမင်နိုင်ငံတွင် အာဏာမျှဝေထားသည့် အစိုးရဖွဲ့စည်းရန် သမ္မတအမိန့်ပေး

**အေဒင် ဒီဇင်ဘာ ၁၉**

ယီမင်နိုင်ငံတွင် နိုင်ငံတကာက အသိအမှတ်ပြုထားသည့် သမ္မတ အဗ္ဗဒူမတ်ဆောဟာဒီက အာဏာခွဲဝေထားသည့် အစိုးရသစ်ဖွဲ့စည်းရန် အတွက် ဒီဇင်ဘာ ၁၈ ရက်တွင် အမိန့်ပေးခဲ့သည်ဟု သိရသည်။

ယီမင်နိုင်ငံ တောင်ပိုင်းနှင့် မြောက်ပိုင်းပြည်နယ်များ အကြားတွင် အာဏာညီညီမျှမျှ ဖြစ်စေမည့် အစိုးရသစ် ဖွဲ့စည်းရန်အတွက် ဝန်ကြီးချုပ်ဟောင်းကို သမ္မတက အမိန့်ပေးထားသည်ဟု သိရသည်။ ပြီးခဲ့သည့်နှစ်က ဆော်ဒီအာရေဗျနိုင်ငံ မြို့တော်ရီယာ့ဒ်တွင် ယီမင်နိုင်ငံ တောင်ပိုင်း လက်နက်ကိုင်အဖွဲ့များနှင့် အစိုးရတပ်များအကြား ငြိမ်းချမ်းရေး သဘောတူညီမှု လက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် အာဏာမျှဝေထားသည့် အစိုးရသစ်ဖွဲ့စည်းရန် ဖြစ်လာခြင်းဖြစ်သည်။

အစိုးရသစ်တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် ဗိုလ်ချုပ် မိုဟာမက် အယ်မက်ဒါရှီကိုခန့်အပ်ခဲ့ပြီး အစိုးရသစ်တွင် ဝန်ကြီး ၂၄ ဦး ပါဝင်သည်ဟု သိရသည်။ ယီမင်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် လူသိများ ကျော်ကြားသည့် နိုင်ငံရေးသမား အာမက် အဝဒ်ဘင် မူဘာရက်ကို ခန့်အပ်ခဲ့သည်။

၂၀၁၉ ခုနှစ်မှစတင်ကာ ယီမင်တောင်ပိုင်းအဖွဲ့များနှင့် ယီမင်အစိုးရတို့အကြား ပြန်လည်သင့်မြတ်ရေးအတွက် ဆော်ဒီက လှုပ်ရှားပေးခဲ့သည်။ ငြိမ်းချမ်းရေးစာချုပ်အတိုင်း အကောင်အထည်ဖော်ရန် အခက်အခဲများ ရှိနေသေးပြီး ဟူသီသူပုန်များကလည်း မြို့တော်ဆာနားကို ဆက်လက် ထိန်းချုပ်ထားဆဲဖြစ်သည်။

**ဆင်ဟွာ**



ယီမင်တောင်ပိုင်း အသွင်ကူးပြောင်းရေးကောင်စီအဖွဲ့ဝင်နှင့် ယီမင် ဒုတိယဝန်ကြီးချုပ် ဆယ်မန်အယ် ခန်ဘာရှီတို့ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၅ ရက်က ငြိမ်းချမ်းရေးသဘောတူညီမှုတွင် လက်မှတ်ရေးထိုးစဉ်။

# အစိုးရအဖွဲ့အစည်းများကို ပစ်မှတ်ထားကာ ကွန်ပျူတာဟက်ကာသမားများ နှောင့်ယှက်

**နယူးယောက် ဒီဇင်ဘာ ၁၉**

ကမ္ဘာအနှံ့ အစိုးရအဖွဲ့အစည်းများနှင့် နည်းပညာကုမ္ပဏီ ပေါင်း ၄၀ ကျော်ကို ပစ်မှတ်ထားကာ ဟက်ကာသမားများက ဝင်ရောက်နှောင့်ယှက်မှုများ ပြုလုပ်ခဲ့သည်ဟု မိုက်ခရိုဆော့ဖ် ကုမ္ပဏီက ပြောသည်။

အမေရိကန် ကုန်သွယ်ရေးဝန်ကြီးဌာနအပါအဝင် အမေရိကန်အစိုးရ အေဂျင်စီများကို မကြာသေးမီလများအတွင်း ဆိုက်ဘာတိုက်ခိုက်မှုနှင့် ကြုံတွေ့ခဲ့ရပြီးနောက် ယခုလိုအဖြစ်အပျက် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန် အခြေစိုက် အဖွဲ့အစည်းများကို ၈၀ ရာခိုင်နှုန်း ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု မိုက်ခရိုဆော့ဖ်ကုမ္ပဏီက ဒီဇင်ဘာ ၁၇ ရက်တွင် ပြောသည်။

သတင်းအချက်အလက်ဆိုင်ရာ နည်းပညာကဏ္ဍကို ၄၄ ရာခိုင်နှုန်းနှင့် အစိုးရအေဂျင်စီများကိုမူ ၁၄ ရာခိုင်နှုန်းပစ်မှတ်ထားကာ အချက်အလက်များ နှောင့်ယှက်မှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။ အင်န်ဂျီအိုအဖွဲ့အစည်းများကို ၁၈ ရာခိုင်နှုန်းနှင့် အစိုးရနှင့် စာချုပ်ပြုလုပ်ထားသည့် ကာကွယ်ရေးကုမ္ပဏီများကို ၉ ရာခိုင်နှုန်း ပစ်မှတ်ထားကာ နှောင့်ယှက်ခဲ့ကြကြောင်း ကမ္ဘာအနှံ့ရှိ အစိုးရများနှင့် အဖွဲ့အစည်းများအနေဖြင့် သတိထားကြရန် မိုက်ခရိုဆော့ဖ်က သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

# အီတလီနိုင်ငံတွင် ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလများ၌ ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်မည်

ရောမ ဒီဇင်ဘာ ၁၉

**အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသွားအလာကန့်သတ်ပိတ်ဆို့မှုကာလကို ဒီဇင်ဘာ ၂၄ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ သီတင်းပတ်နှစ်ပတ်ကြာ ချမှတ်မည်ဖြစ်ကြောင်း သိရသည်။**



အီတလီနိုင်ငံ ရောမမြို့တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားသူများကို တွေ့ရစဉ်။

အသွားအလာကန့်သတ်ပိတ်ဆို့မှု ကာလအတွင်း သွားလာလှုပ်ရှားမှုများကို ကန့်သတ်ထားမည်ဖြစ်ကြောင်းနှင့် လက်လီဈေးဆိုင်များနှင့် စားသောက်ဆိုင်များကို ပိတ်သွားမည်ဖြစ်ကြောင်း ကွန်တီက ပြောကြားလိုက်သည်။ သို့သော်လည်း ဆိုင်မှ မှာယူစားသောက်မှုကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

တခြားသူများအိမ်သို့ အလည်သွားခြင်းများကို အရွယ်ရောက်ပြီးသူများအတွက် နှစ်ဦးအထိကန့်သတ်ထားကြောင်းနှင့် အသက် ၁၄ နှစ်အောက်ကလေးများကို အတူလိုက်ပါခွင့်ပြုထားကြောင်း သိရသည်။

အဆိုပါ အသွားအလာ ကန့်သတ်ပိတ်ဆို့မှု ဆောင်ရွက်ချက်များကို ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ တဖြည်းဖြည်းချင်း ဖြေလျှော့ပေးမည်ဖြစ်သည်။ ပြည်သူများကို ဒေသတွင်းသွားလာခွင့်ပြုထားပြီး ဈေးဆိုင်များကို ဖွင့်လှစ်ခွင့်ပြုထားသည်။

ပြည်သူများအနေဖြင့် ခရစ္စမတ်လွန်ကာလတွင် မည်သည့်အတွက်ကြောင့် တင်းကျပ်သည့် ဆောင်ရွက်ချက်များ ချမှတ်ခဲ့သလဲဆိုသည်ကို နားလည်မည်ဟု ယူဆကြောင်း ကွန်တီက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်မှုများကို ထိန်းချုပ်လာနိုင်သောကြောင့် ယခုလအစောပိုင်းတွင် အီတလီသည် တချို့ဒေသများတွင် ကိုရိုနာဗိုင်းရပ်စ်ကန့်သတ်ချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရုပ်သိမ်းခဲ့သည်။ အီတလီနိုင်ငံတွင် နေ့ခင်းကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့သလို လက်လီဈေးဆိုင်များနှင့် တခြားအဖွဲ့အစည်းများကိုလည်း လုပ်ငန်းလည်ပတ် လုပ်ဆောင်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

သို့သော်လည်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုပမာဏ ၁၈၀၀၀ ခန့် တိုးလာပြီးနောက် ကိုဗစ်-၁၉ ကန့်သတ်မှုအသစ်များကို ပြန်လည်ကျင့်သုံးရမည့်သဘော ဖြစ်နေသည်။ ယခုအခါတွင် ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်သည့် အီတလီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် ဗြိတိန်ကို ကျော်လွန်သွားပြီဖြစ်သည်။ အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၇၀၀၀၀ နီးပါး ရောက်ရှိလာပြီဖြစ်သည်။

တခြားဥရောပနိုင်ငံများဖြစ်ကြသည့် ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို တားဆီးထိန်းချုပ်ရန် ခရစ္စမတ်မတိုင်မီ ကန့်သတ်ချက်များ တင်းကျပ်ထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးအစီအစဉ်က ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ဘီလီယံနီးပါး ရရှိမည်



ကိုဗစ်-၁၉ ကာကွယ်ဆေးထည့်ပုလင်းငယ်များကို တွေ့ရစဉ်။

ဂျီနီဗာ ဒီဇင်ဘာ ၁၉

**ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးကို အညီအမျှခွဲဝေပေးရန် အပြည်ပြည်ဆိုင်ရာ မူဘောင်တစ်ခု သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးအစီအစဉ်သည် ၂၀၂၀ ပြည့်နှစ်ကုန်တွင် ကာကွယ်ဆေး နှစ်ဘီလီယံနီးပါးရရှိရန် ယခုအခါတွင် သဘောတူညီချက် ရရှိခဲ့ပြီဖြစ်သည်။**

ကိုဗက်ကာကွယ်ဆေးအစီအစဉ်က ကာကွယ်ဆေး သယ်ယူပို့ဆောင်မှုများကို ၂၀၂၁ ခုနှစ် ပထမ သုံးလပတ်တွင် စတင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၈ ရက်က ပြောကြားလိုက်သည်။

ကိုဗက်အစီအစဉ်တွင် ဂျပန်နိုင်ငံအပါအဝင် နိုင်ငံနှင့်ဒေသ ၁၉၀ ပါဝင်သည်။ ကိုဗက်ကာကွယ်ဆေးအစီအစဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဂါဗီ ကာကွယ်ဆေး မိတ်ဖက်အဖွဲ့နှင့် တခြားအဖွဲ့များ ပူးတွဲဦးဆောင်လျက်ရှိသည်။

ကိုဗက် အစီအစဉ်သည် ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၀ မျိုးကို ထုတ်လုပ်နိုင်ရန် ထောက်ပံ့လျက်ရှိသည်။ ၎င်းတို့ထဲတွင် အက်စ်ထရာဇနီကာနှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး၊ မော်ဒါနာက ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ပါဝင်သည်။

ထို့အပြင် အမေရိကန်ဆေးကုမ္ပဏီ ဂျွန်ဆင်နှင့် ဂျွန်ဆင်၊ ပြင်သစ်ဆေးကုမ္ပဏီ ဆနိုဖီနှင့် ဗြိတိန်၏ ဂလက်ဇိုစမစ်ကလင် ကိုဗစ်ကာကွယ်ဆေးများလည်း ပါဝင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက မော်ဒါနာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်ပြု

ဝါရှင်တန် ဒီဇင်ဘာ ၁၉

အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက အမေရိကန် ဆေးကုမ္ပဏီ မော်ဒါနာ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ် သုံးစွဲခွင့် ပြုလိုက်ပြီဖြစ်သည်။

အဆိုပါခွင့်ပြုချက်ကို ဒီဇင်ဘာ ၁၈ ရက်က သဘောတူခဲ့ခြင်းဖြစ်သည်။ အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက အမေရိကန် ဆေးကုမ္ပဏီ ဖိုက်ဇာနှင့် ဂျာမန်မိတ်ဖက် ဘိုင်အိုအင်န်တက်ချ်တို့မှ ထုတ်လုပ်လိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးကို အတည်ပြုပေးလိုက်ပြီးနောက်ပိုင်းတွင် မော်ဒါနာမှ ထုတ်လုပ်လိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးသည် အမေရိကန်နိုင်ငံတွင် ဒုတိယမြောက် အရေးပေါ် သုံးစွဲခွင့်ပြုလိုက်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ဖြစ်သည်။

မော်ဒါနာ ကိုဗစ်-၁၉ ကာကွယ်ဆေး ဖြန့်ချိမှုများကို မကြာမီ စတင်နိုင်တော့မည်ဖြစ်ကြောင်း အမေရိကန်အရာရှိများက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ပြင်သစ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုများ ပြန်လည်များပြားလျက်ရှိ

**ပါရီ ဒီဇင်ဘာ ၁၉**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ကာကွယ်တားဆီးသည့် တင်းကျပ်သော ကန့်သတ်ပိတ်ဆို့မှုများကြောင့် ပြင်သစ်နိုင်ငံတွင် မကြာသေးမီက ကိုဗစ်-၁၉ ကူးစက်မှုအရေအတွက် ကျဆင်းလာခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်မှုများ ပြန်လည်များပြားလာခဲ့သည့်အတွက် အခြေအနေများ ဆက်လက်ဆိုးရွားလာနိုင်ကြောင်း ကျွမ်းကျင်သူများက ဒီဇင်ဘာ ၁၈ ရက်တွင် သတိပေးပြောကြားလိုက်သည်။

**သေဆုံးသူ ၆၀၀၀၀ ကျော်လာ**

ပြင်သစ်နိုင်ငံတွင် ဒီဇင်ဘာ ၁၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၆၇၄ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၂၄၄၂၉၉၀ ရှိလာခဲ့သည်။ ဒီဇင်ဘာ ၁၈ ရက်က ကိုရိုနာဗိုင်းရပ်စ်ကြောင့် နောက်ထပ်သေဆုံးသူ ၆၁၀ ရှိလာမှုနှင့်အတူ ကိုရိုနာဗိုင်းရပ်စ်နှင့်ဆက်စပ်ပြီး သေဆုံးသူပေါင်း ပထမဆုံးအကြိမ်အနေဖြင့် ၆၀၀၀၀ ကျော်လွန်ရောက်ရှိခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးအေဂျင်စီက ပြောကြားခဲ့သည်။

**ဆက်လက်ကူးစက်ပျံ့နှံ့**

ကိုဗစ်-၁၉ ကန့်သတ်ထိန်းချုပ်မှုများ လျှော့ပေါ့လိုက်သည်နှင့်တစ်ပြိုင်နက် ကိုရိုနာဗိုင်းရပ်စ်က နောက်တစ်ခါ ပြန်လည်စတင်ဖြစ်ပွားလာခဲ့ကြောင်း၊ လူဦးရေထက်ဝက်ကျော်ခန့် ရောဂါ ကူးစက်မှုကို ခံနိုင်ရည်မရှိပါက ကိုဗစ်-၁၉ ရောဂါသည် ဆက်လက်ကူးစက်ပျံ့နှံ့နေဦးမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံ၏ အရေးပါသော သုတေသနဌာနများထဲမှ တစ်ခုဖြစ်သည့် ပါ့စ်တာအင်စတီကျူမှ ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ပညာရှင် အာနိုးဖွန်တာနက်က ပြောကြားလိုက်သည်။

တစ်နေ့တည်းတွင် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိသူပေါင်းသည် နိုဝင်ဘာ ၆ ရက်က အမြင့်ဆုံးတွေ့ရှိခဲ့သည်။ လက်ရှိ ပျမ်းမျှတစ်နေ့လျှင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းသည် ၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

သို့သော်လည်း နိုဝင်ဘာ ၂၈ ရက်က ဈေးဆိုင်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်ပြီးနောက် ကိုဗစ်-၁၉ အလားအလာသည် အကျဘက်သို့ ရောက်ရှိခဲ့သည်။ လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်က ပြင်သစ်နိုင်ငံတွင် တစ်နေ့လျှင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၀၀၀ မှ ၁၄၀၀၀ အထိ ရှိလာကြောင်း ဖော်ပြခဲ့သည်။ အဆိုပါ ပမာဏသည် အစိုးရရည်မှန်းချက်ထားသည့် တစ်နေ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၅၀၀၀ အထက် ရောက်ရှိနေကြောင်း သိရသည်။

**ဘေးကျပ်နံကျပ်အခြေအနေ**

ကိုဗစ်-၁၉ ကူးစက်မှုပမာဏ ကျဆင်းမှုသည် ရပ်တန့်သွားခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ်များသည် ခရစ္စမတ်အားလပ်ရက် ကာလထဲသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဘေးကျပ်နံကျပ်အခြေအနေနှင့် ကြုံတွေ့လျက်ရှိကြောင်း ဖွန်တာနက်က ပြင်သစ်ရေဒီယိုသို့ ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# ဆက်လက်စောင့်ဆိုင်းရဦးမည့် တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ်- ၁၉ ကာကွယ်ဆေး ဝေမျှနိုင်မည့်အချိန်

ခြူးစန္ဒီနွေး

**ကိုဗစ် -၁၉ ကာကွယ်ဆေးတွေ ပေါ်လာတဲ့အချိန် နိုင်ငံအသီးသီးဟာ မိမိတို့နိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ပြည်သူတွေအတွက် ကာကွယ်ဆေးထိုးပေးနိုင်ဖို့ ကြိုးပမ်းလာကြပါတယ်။ ဒါတောင် နိုင်ငံတိုင်းတော့ မလုပ်နိုင်သေးပါဘူး။ ဒါဆိုရင် တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ဖြန့်ဝေပေးနိုင်ဖို့ ဘယ်လောက်အထိ စောင့်ဆိုင်းရဦးမှာလဲ။**

**ဒုတိယမြောက်ကာကွယ်ဆေး**

အမေရိကန်မှာတော့ အစားအသောက်နဲ့ ဆေးဝါး ကွပ်ကဲရေးဌာန (FDA) ကနေ မော်ဒါနာကုမ္ပဏီကထုတ်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသုံးပြုခွင့်အတွက် မီးစိမ်း ပြလိုက်ပါပြီ။ အဲဒါကြောင့် သန်းနဲ့ချီတဲ့ကာကွယ်ဆေးကို အမေရိကန်နိုင်ငံတစ်လွှား ဖြန့်ဝေခွင့်ရသွားပါပြီ။ သူ့ထက်ငါဦးအောင် ကာကွယ်ဆေး အပြိုင်ထုတ်နေကြတဲ့ အချိန် မော်ဒါနာကထုတ်တဲ့ ကာကွယ်ဆေးဟာ ဒုတိယ မြောက်အသိအမှတ်ပြုခံရတဲ့ကာကွယ်ဆေးဖြစ်လာပြီး ဆေးထုတ်လုပ်သူတွေအကြား ယှဉ်ပြိုင်မှုတွေ များလာပါတယ်။ အမေရိကန်မှာ နောက်တစ်ကျော့ကာကွယ်ဆေး ဦးစားပေးထိုးခံရမယ့်သူတွေထဲမှာ အသက် ၆၅ နှစ်နဲ့ အထက် လူတွေ၊ ရောဂါနဲ့ထိတွေ့မှုများတဲ့သူတွေ၊ မရှိမဖြစ် လုပ်သားတွေကို ဦးစားပေးအနေနဲ့ ထိုးပေးသင့်တယ်လို့ ငြင်းခုံမှုတွေလည်း ပေါ်ပေါက်နေပါတယ်။

**မလုံလောက်သေး**

ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလမှာ ဒုတိယအကျော့ ကာကွယ်ဆေးထိုးပေးမှုတွေ စတင်မှာဖြစ်ပြီး ကာကွယ်ဆေးနှစ်မျိုး ထွက်ပေါ်လာတာတောင် ကျန်းမာရေး လုပ်သားတွေနဲ့ ဒေသခံတွေကို ဦးစားပေးထိုးပေးဖို့ မလုံလောက်သေးပါဘူး။ တက္ကစီမောင်းသူတွေ၊ ဆံပင်ညှပ်ဆရာတွေ၊ အလောင်းပြင်ဆင်ပေးသူတွေနဲ့ စားသောက်ဆိုင်ဝန်ထမ်းတွေကလည်း နောက်တစ်ကျော့ ကာကွယ်ဆေးကို ဦးစားပေးထိုးပေးတဲ့နေရာမှာ သူတို့လည်း ပါဝင်သင့်တယ်လို့ ပြောလာကြပါတယ်။ ကူးစက်မှုတွေတိုးပြီး သေဆုံးသူတွေ များနေတဲ့အချိန်၊ စီးပွားရေး လုပ်ငန်းတွေလည်း ထိခိုက်နေတဲ့အချိန်မှာ ကာကွယ်ဆေးကို လျင်လျင်မြန်မြန် ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းလာကြပါတယ်။

**အမေရိကန်ရဲ့ပြင်ဆင်မှု**

အမေရိကန်မှာတော့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာ ကူးစက်မှုနှစ်သိန်းကျော်အထိ တွေ့ရှိခဲ့ပြီး ယခင်နှစ်ပတ်နဲ့ နှိုင်းယှဉ်လိုက်ရင် ၁၈ ရာခိုင်နှုန်း များပြားလာတာကို တွေ့ရမှာပါ။ မော်ဒါနာကထုတ်တဲ့ ကာကွယ်ဆေးဟာ အမေရိကန် အက်ဖ်ဒီအေ၏ ခွင့်ပြုချက်ရသွားပြီဖြစ်တာကြောင့် အမေရိကန်မှာတော့ ဆေးအရေအတွက် ၅ ဒသမ ၉ သန်းကို ဒီဇင်ဘာ ၂၀ ရက်မှာ စတင်ဖြန့်ဝေသွားတော့မှာပါ။ ဖိုက်ဇာဆေးနဲ့ မတူတာကတော့ မော်ဒါနာကထုတ်တဲ့ဆေးကို သိမ်းဆည်းဖို့ဆိုရင် အအေးခတ် လွန်ကဲစွာ ထိန်းသိမ်းထားဖို့ မလိုအပ်ပါဘူး။ ဒါကြောင့်လည်း ကျေးလက်ဒေသက ဆေးရုံတွေအထိ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးနိုင်ဖို့ မျှော်လင့်ထားကြပါတယ်။ ဒါကတော့ အမေရိကန်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုတွေပါ။

**ဝင်ငွေနိမ့်နိုင်ငံတွေအတွက် ကာကွယ်ဆေး**

ဥရောပမှာလည်း ဒီဇင်ဘာ ၂၇ ရက်ကစပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးပေးတော့မှာပါ။ ချမ်းသာတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံအများစုမှာတော့ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ထိုးပေးနိုင်ဖို့ စီစဉ်နေကြသလို၊ တချို့ကလည်း ကာကွယ်ဆေးကို စတင်ထိုးပေးနေပါပြီ။ ဝင်ငွေ အလယ်အလတ်နဲ့ ဝင်ငွေနိမ့်နိုင်ငံတွေအတွက် ကိုဗစ်- ၁၉ ကာကွယ်ဆေးဟာ ဘယ်တော့ကျမှ ရရှိမှာပါလဲ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ စီစဉ်ပေးမှုနဲ့ ပြုလုပ်ထားတဲ့ ကိုဗက်အစီအစဉ်မှာ ပါဝင်ထားတဲ့ နိုင်ငံတွေကတော့ ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်းမှာမှ ကာကွယ်ဆေးရရှိမှာပါ။ ဒီအစီအစဉ်ဟာ အလယ်အလတ်နဲ့ ဆင်းရဲတဲ့နိုင်ငံတွေ ကာကွယ်ဆေးရရှိမှုမှာ ကျန်ရစ်မနေခဲ့ရအောင် စီစဉ်ထားတဲ့ အစီအစဉ်တစ်ခုပါ။




**“တစ်ချိန်တည်းမှာပဲ နေရာတိုင်းကိုရောက်အောင် ဖြန့်ဝေပေးနိုင်မှ သာလျှင် ကပ်ရောဂါကြီးကို အမှန်တကယ် အဆုံးသတ်နိုင်မယ်လို့ သူက ဆက်ပြောပါတယ်။ ဆိုလိုတာကတော့ နိုင်ငံတချို့က လူတချို့ကို ကာကွယ်ဆေးထိုးပေးနိုင်တာထက်စာရင် နိုင်ငံတိုင်းက လူတချို့ကို ထိုးပေးနိုင်တာက ပိုပြီး အကျိုးသက်ရောက်မှုရှိမယ်လို့ ပြောလိုက်တာပါပဲ”**

**မျှဝေပေးနိုင်အောင်ကြိုးပမ်း**

ဒီဇင်ဘာ ၁၈ ရက်မှာတော့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး အဲဒီပွဲကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဝန်ထမ်းတွေ၊ ကာကွယ်ဆေးမိတ်ဖက်အဖွဲ့အစည်းဖြစ်တဲ့ Gavi နဲ့ တခြားသောအဖွဲ့အစည်းတွေ တက်ရောက်ကြပြီး AstraZeneca နဲ့ Johnson & Johnson အစရှိတဲ့ ကာကွယ်ဆေးထုတ်လုပ်နေတဲ့ ကုမ္ပဏီတွေနဲ့ သဘောတူညီမှု ပြုလုပ်ထားတယ်ဆိုတာကို ကြေညာခဲ့ပါတယ်။ ပြင်သစ်နဲ့ ကနေဒါက တက်ရောက်လာကြတဲ့ အရာရှိတွေကတော့ ချမ်းသာတဲ့နိုင်ငံတွေဆီက ပိုလျှံနေတဲ့ ကာကွယ်ဆေးတွေကို ကိုဗက်အစီအစဉ်ကနေတစ်ဆင့် မျှဝေပေးနိုင်ဖို့ ကြိုးပမ်းနေတယ်လို့ ပြောခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ဘယ်အချိန်ကျမှ စတင်မလဲဆိုတဲ့ အသေးစိတ် အချက်အလက်တွေကိုတော့ ရှင်းလင်းခဲ့ခြင်း မရှိပါဘူး။

**အကျိုးသက်ရောက်မှုရှိမယ်**

ကာကွယ်ဆေးတွေ ထွက်ပေါ်လာတာဟာ ကျွန်တော်တို့အတွက်တော့ မျှော်လင့်ချက်အလင်းရောင်ပဲလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာနွန် ဂီဘရီယက်ဆုက ပြောပါတယ်။ တစ်ချိန်တည်းမှာပဲ နေရာတိုင်းကိုရောက်အောင် ဖြန့်ဝေပေးနိုင်မှ သာလျှင် ကပ်ရောဂါကြီးကို အမှန်တကယ် အဆုံးသတ်နိုင်မယ်လို့ သူက ဆက်ပြောပါတယ်။ ဆိုလိုတာကတော့ နိုင်ငံတချို့က လူတချို့ကို ကာကွယ်ဆေးထိုးပေးနိုင်တာထက်စာရင် နိုင်ငံတိုင်းက လူတချို့ကို ထိုးပေးနိုင်တာက ပိုပြီး အကျိုးသက်ရောက်မှုရှိမယ်လို့ ပြောလိုက်တာပါပဲ။

**ကာကွယ်ဆေးကြိုတင်ဝယ်ယူမှုများ**

နိုဝင်ဘာလလယ်ကတည်းက ချမ်းသာတဲ့နိုင်ငံတွေဟာ ကာကွယ်ဆေးတွေကို ၅၁ ရာခိုင်နှုန်းအထိ သိုလှောင်ထားနိုင်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ ဒါပေမယ့် အဲဒီနိုင်ငံတွေမှာ နေထိုင်ကြတဲ့ပြည်သူတွေကတော့ ကမ္ဘာ့လူဦးရေရဲ့ ၁၄ ရာခိုင်နှုန်းသာရှိတယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသီနှစ်ဦးရဲ့ သုတေသနပြုချက်တွေအရ သိရပါတယ်။ အစောပိုင်းကာလတုန်းကလည်း ဒျူ့ခ်တက္ကသိုလ် သုတေသီတွေရဲ့ လေ့လာမှုအရ ဝင်ငွေနည်းပါးတဲ့တိုင်းပြည်က ပြည်သူတွေဟာ ၂၀၂၄ ခုနှစ် မတိုင်ခင်အထိ ကိုဗစ် -၁၉ ကာကွယ်ဆေးကို စောင့်မျှော်ရဖွယ်ရှိတယ်လို့ ဖော်ပြခဲ့ကြပါတယ်။ ကိုဗက်အစီအစဉ်ကတော့ ဆေးထုတ်လုပ်ရေးကုမ္ပဏီကြီးတွေနဲ့ သဘောတူညီမှုပြုလုပ်ထားတာတွေကို ကြေညာခဲ့ပါတယ်။ AstraZeneca ကုမ္ပဏီနဲ့ ကြိုတင်ငွေပေးချေပြီး ဝယ်ယူထားမှုအရ ကာကွယ်ဆေးသန်း ၁၇၀ ရရှိမှာဖြစ်ပြီး Johnson & Johnson ကုမ္ပဏီနဲ့တော့ ဆေးသန်း ၅၀၀ ဝယ်ယူနိုင်အောင် နားလည်မှုစာချွန်လွှာ ပြုလုပ်ထားတယ်လို့ ရှင်းပြခဲ့ပါတယ်။

**တွက်ချက်နေဆဲ**

၂၀၂၁ နှစ်ကုန်ပိုင်းရောက်တဲ့အခါမှာတော့ ဆင်းရဲတဲ့နိုင်ငံပေါင်း ၉၂ နိုင်ငံဆီ အလှူရှင်တွေက လှူဒါန်းထားတဲ့ ဆေးအရေအတွက် ၁ ဒသမ ၃ ဘီလီယံ ရောက်ရှိနိုင်လိမ့်မယ်လို့ ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီက ဒီဇင်ဘာ ၁၈ ရက်မှာပဲ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီကိန်းဂဏန်းတွေဟာ ခန့်မှန်းခြေသက်သက်ပါပဲ။ ကာကွယ်ဆေးအရေအတွက်ကို ဆက်လက်တွက်ချက်နေဆဲပဲလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောပါတယ်။

**ငွေကြေးတွေလိုအပ်နေဆဲ**

ကနေဒါနိုင်ငံက အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ကရီနာဂွတ်ကတော့ ကာကွယ်ဆေး လှူဒါန်းတဲ့အစီအစဉ်အတွက် ကနေဒါနိုင်ငံက ငွေကြေးထောက်ပံ့ပေးသွားမယ်လို့ ကတိပြုခဲ့ပါတယ်။ လျင်လျင်မြန်မြန်နဲ့ လူတိုင်းဆီကို ကာကွယ်ဆေးရောက်ရှိဖို့ ကြိုးစားသွားမှာပါလို့ သူက ပြောပါတယ်။ ပြင်သစ်နိုင်ငံကလည်း ကာကွယ်ဆေးမျှဝေတဲ့အစီအစဉ်မှာ ထောက်ပံ့ပါဝင်သွားမှာဖြစ်ပြီး တခြားသော ချမ်းသာတဲ့နိုင်ငံတွေလည်း အလားတူ လုပ်ဆောင်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။ ဝင်ငွေနိမ့်တဲ့နိုင်ငံတွေအတွက် ကာကွယ်ဆေးထောက်ပံ့မှုတွေ ပြုလုပ်သွားမှာဖြစ်ပေမယ့် ရန်ပုံငွေဟာ ဘယ်လောက်အထိပဲ ခံမလဲဆိုတာကတော့ အဓိကကျတဲ့ မေးခွန်းဖြစ်လာခဲ့ပါတယ်။ တစ်ကမ္ဘာလုံးအနှံ့ ကာကွယ်ဆေးကို ဖြန့်ဖြူးပေးနိုင်ဖို့ဆိုရင် ဆေးတွေလိုအပ်နေသေးသလို ငွေကြေးတွေလည်း လိုအပ်နေဆဲပါပဲ။ ။

**ကိုးကား – နယူးယောက်တိုင်းမ်၊ ဝါရှင်တန်ပို့စ်**

---

## နိုင်ငံတကာသတင်းတိုတွာ

### ကိုလံဘီယာသမ္မတ ကိုဗစ်-၁၉ ကူးစက်မှုတားဆီးရန် ကျန်းမာရေးအရေးပေါ်ကာလ ထပ်မံတိုးမြှင့်

**ဘိုဂိုတာ ဒီဇင်ဘာ ၁၉**

ကိုလံဘီယာတွင် ဒီဇင်ဘာ ၁၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၂၁၉၆ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၄၆၈၇၉၅ ဦး ရှိလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ဒီဇင်ဘာ ၁၇ ရက်က ပြောကြားလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၂၇ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၃၉၇၈၇ ဦး တိုးလာကြောင်း ဖော်ပြသည်။

တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၃၄၃၈၁၉ ဦးရှိလာကြောင်း ကျန်းမာရေးနှင့်လူမှုကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကိုလံဘီယာသမ္မတ အီဗန်ဒုက ကျန်းမာရေးအရေးပေါ်ကာလကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ တိုးမြှင့်လိုက်ပြီး ပြည်သူများအား မလိုအပ်ဘဲ လူစုလူဝေးမလုပ်ကြရန်နှင့် ချမှတ်ထားသည့် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လိုက်နာကြရန် တိုက်တွန်းလိုက်သည်။

**ဆင်ဟွာ**

### ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ပညာရေးကျောင်းများကို ဇန်နဝါရီ ၁၆ ရက်အထိ ဆက်လက်ပိတ်ထားဦးမည်

**ဒါကာ ဒီဇင်ဘာ ၁၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပညာရေးကျောင်းများကို ပိတ်ထားသည့် အချိန်ကာလအား တိုးမြှင့်ခဲ့ကြောင်း သိရသည်။ လတ်တလော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရာသီဥတုအေးလာပြီး ကိုဗစ်- ၁၉ ကူးစက်မှုများ များလာသည့်အတွက် ကျောင်းများပိတ်ထားသည့်ကာလကို တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၁၆ ရက်အထိ ကျောင်းများကို ပိတ်ထားဦးမည်ဟု ဘင်္ဂလားဒေ့ရှ် ပညာရေးဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ယခင်က ကျောင်းပိတ်ရက်ကို ဒီဇင်ဘာ ၁၉ ရက်အထိဟု သတ်မှတ်ထားရာမှ အချိန်တိုးမြှင့်လိုက်ခြင်း ဖြစ်သည်။

ကိုဗစ်- ၁၉ ကြောင့် ပညာရေးကျောင်းများ ပြန်ဖွင့်ရန် အခွင့်မသာသေးဟု ဘင်္ဂလားဒေ့ရှ်ပညာရေးဝန်ကြီး ဒီပူမိုနီက ပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ်လ ၁၆ ရက်၌ ကျောင်းများပိတ်ထားရန် ဦးစွာကြေညာခဲ့ခြင်း ဖြစ်သည်။

**ဆင်ဟွာ**

# စီးပွားရေးယန္တရားကြီး ပြန်ပြီး လည်ပတ်ဖို့ ....



စီးပွားရေးပြန်ပြီးတော့ နာလန်ထူနေတဲ့နေရာတွေကို ကျွန်မတို့ ဦးစားပေးပြီးတော့ ကာကွယ်ဆေးတွေ ထိုးသင့်ရင်လည်း ထိုးပေးရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ စီးပွားရေးယန္တရားကြီး ပြန်ပြီးတော့ လည်ပတ်ဖို့ဆိုတာဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ဒီအချိန်မှာ စီးပွားရေးယန္တရား ပြန်ပြီးတော့ လည်ပတ်နိုင်တဲ့ အခြေအနေရှိတဲ့ဒေသတွေ၊ ပြောချင်တာကတော့ ကိုဗစ်ရောဂါနဲ့ပတ်သက်ပြီးတော့ ထိန်းချုပ်ထားနိုင်တဲ့ ဒေသတွေမှာဆိုရင် ပိုပြီးတော့ စောစောစီးစီး ကာကွယ်ဆေးထိုးပေးနိုင်မယ့် အခြေအနေမျိုးလည်း ဖြစ်ပေါ်နိုင်ပါတယ်။ ဒါကတော့ ကျွန်မတို့ကတော့ အားလုံးအတွက် မျှတအောင်လုပ်မယ်၊ အားလုံးကနေလည်း ကာကွယ်ဆေးတော့ရမှာပဲ၊ ဒါပေမယ့် ဘယ်တော့၊ ဘယ်သူတွေကို ဦးစားပေးရမလဲဆိုတာတော့ နိုင်ငံရဲ့ လိုအပ်ချက်အရ၊ နောက်ပြီးတော့ ကျွန်မတို့ရဲ့ လုပ်ဆောင်နိုင်တဲ့ အင်အားအရပေ့ါ။ အဲဒါကိုကျွန်မတို့ ဆုံးဖြတ်ရမှာပါ။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၁–၁၂–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

*❖ကျောဖုံးမှ*

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၄) ခု | (၁၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၁) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၈၅) ခု | (၁၇၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၂၀၇) ခု | (၅၅၉) ဦး |
| **စုစုပေါင်း** | (၂၂,၅၉၀) ခု | (၉၈၉) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| | ၁၀–၁၂–၂၀ | ၁၁–၁၂–၂၀ | ၁၂–၁၂–၂၀ | ၁၃–၁၂–၂၀ | ၁၄–၁၂–၂၀ | ၁၅–၁၂–၂၀ | ၁၆–၁၂–၂၀ | ၁၇–၁၂–၂၀ | ၁၈–၁၂–၂၀ | ၁၉–၁၂–၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၅.၉ | ၆.၆ | ၅.၆ | ၆.၁ | ၆.၁ | ၄.၈ | ၅.၃ | ၅.၁ | ၄.၆ | ၄.၄ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၁၀–၁၂–၂၀၂၀) ရက်နေ့မှ (၁၉–၁၂–၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာ အရေအတွက်မှာ အနည်းဆုံး (၁၈,၅၆၄) ခုမှ အများဆုံး(၂၄,၅၀၁) ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၂၂,၂၂၁)ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက် ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၁၉–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၂,၅၉၀) ဦး | (၁,၅၇၄,၁၂၈) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၉၈၉) ဦး | (၁၁၅,၁၈၇) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၂၀၂) ဦး | (၉၄,၁၁၈) ဦး |
| သေဆုံးလူနာ | (၂၆) ဦး | (၂,၄၂၄) ဦး |

- ယနေ့ **သေဆုံးသူ (၂၆) ဦး**မှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၂၂) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၂၀၂) ဦးတွင်–
  - o ပြည်သူ့ဆေးရုံများ – (၇၂၉) ဦး
  - o COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၄၇၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၅၂၅) ဦးတွင်–
  - o Hotel Quarantine – (၂၁၉) ဦး
  - o Facility Quarantine – (၂၉၁) ဦး
  - o Community Based Facility Quarantine – (၉၃၄) ဦး
  - o Anosmia Center – (၈၁) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာနေထိုင်ပြီး လူစုလူဝေးရှိရာနေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာနေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေတပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့်ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၉–၁၂–၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁၈–၁၂–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၁၆) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၄၇ |
| | | သဃ်န်းကျွန်း | ၃၂ |
| | | မြောက်ဥက္ကလာပ | ၃၀ |
| | | သန်လျင် | ၂၁ |
| | | လှည်းကူး | ၂၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၀ |
| | | ရွှေပြည်သာ | ၁၉ |
| | | အင်းစိန် | ၁၈ |
| | | တိုက်ကြီး | ၁၈ |
| | | ကမာရွတ် | ၁၆ |
| | | မှော်ဘီ | ၁၅ |
| | | တာမွေ* | ၁၃ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၁ |
| | | တောင်ဥက္ကလာပ | ၁၀ |
| | | မရမ်းကုန်း | ၁၀ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၀ |
| | | လှိုင်သာယာ | ၁၀ |
| | | မင်္ဂလာတောင်ညွန့် | ၁၀ |
| | | ကျောက်တန်း | ၉ |
| | | အလုံ | ၉ |
| | | ဗိုလ်တထောင် | ၈ |
| | | လှိုင် | ၈ |
| | | ဗဟန်း | ၈ |
| | | ရန်ကင်း | ၇ |
| | | ကြည့်မြင်တိုင် | ၆ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၄ |
| | | သာကေတ | ၄ |
| | | ခရမ်း | ၄ |
| | | စမ်းချောင်း | ၄ |
| | | ပုဇွန်တောင် | ၄ |
| | | ဒလ | ၃ |
| | | ဒဂုံ | ၃ |
| | | လသာ | ၃ |
| | | ပန်းဘဲတန်း | ၃ |
| | | လမ်းမတော် | ၂ |
| | | ထန်းတပင် | ၂ |
| | | ကော့မှူး | ၁ |
| | | ကွမ်းခြံကုန်း | ၁ |
| | | ကျောက်တံတား | ၁ |
| | | ဒေါပုံ | ၁ |
| | | သုံးခွ | ၁ |
| | | စုစုပေါင်း | ၄၂၇ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းမြသာစည် | ၇၂ |
| | | အောင်မြေသာစံ | ၅၆ |
| | | ချမ်းအေးသာစံ | ၅၈ |
| | | မဟာအောင်မြေ | ၄၅ |
| | | မြင်းခြံ | ၄၃ |
| | | အမရပူရ | ၂၁ |
| | | ပြည်ကြီးတံခွန် | ၂၁ |
| | | တောင်သာ | ၇ |
| | | ရမည်းသင်း | ၇ |
| | | စဉ့်ကိုင် | ၆ |
| | | ပုသိမ်ကြီး | ၅ |
| | | ပြင်ဦးလွင် | ၃ |
| | | ပျော်ဘွယ် | ၃ |
| | | သပိတ်ကျင်း | ၃ |
| | | ကျောက်ဆည် | ၁ |
| | | မိတ္ထီလာ | ၁ |
| | | ငါန်းဇွန် | ၁ |
| | | နွားထိုးကြီး | ၁ |
| | | သာစည် | ၁ |
| | | စုစုပေါင်း | ၃၅၅ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၄၃ |
| | | လက်ပံတန်း | ၁၁ |
| | | သာယာဝတီ | ၁၀ |
| | | ရွှေတောင် | ၈ |
| | | အုတ်ဖို | ၆ |
| | | ပြည် | ၅ |
| | | မိုးညို | ၂ |
| | | ပန်းတောင်း | ၁ |
| | | သနပ်ပင် | ၁ |
| | | ဝေါ | ၁ |
| | | ဇီးကုန်း | ၁ |
| | | စုစုပေါင်း | ၈၉ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၁၆ |
| | | ဒေးဒရဲ | ၁၁ |
| | | ညောင်တုန်း | ၇ |
| | | မော်လမြိုင်ကျွန်း | ၄ |
| | | ဓနုဖြူ | ၂ |
| | | ကျိုက်လတ် | ၂ |
| | | လပွတ္တာ | ၂ |
| | | မြောင်းမြ | ၂ |
| | | ဖျာပုံ | ၁ |
| | | သာပေါင်း | ၁ |
| | | ဇလွန် | ၁ |
| | | စုစုပေါင်း | ၄၉ |
| ၅။ | ကရင်ပြည်နယ် | မြဝတီ | ၃၈ |
| | | ဘားအံ | ၉ |
| | | လှိုင်းဘွဲ့ | ၁ |
| | | စုစုပေါင်း | ၄၈ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၆ |
| | | ကလေး | ၅ |
| | | ဆားလင်းကြီး | ၅ |
| | | မုံရွာ | ၄ |
| | | ကန့်ဘလူ | ၃ |
| | | ရွှေဘို | ၃ |
| | | နန်းယွန်း | ၂ |
| | | တန့်ဆည် | ၂ |
| | | ဝန်းသို | ၂ |
| | | ဟုမ္မလင်း | ၁ |
| | | စုစုပေါင်း | ၃၃ |
| ၇။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁၃ |
| | | ချောက် | ၇ |
| | | တောင်တွင်းကြီး | ၆ |
| | | ပွင့်ဖြူ | ၂ |
| | | မင်းဘူး | ၁ |
| | | မင်းလှ | ၁ |
| | | ပခုက္ကူ | ၁ |
| | | စုစုပေါင်း | ၃၁ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၈ |
| | | သထုံ | ၅ |
| | | ဘီးလင်း | ၂ |
| | | ကျိုက်မရော | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၉။ | နေပြည်တော် | ဇေယျာသီရိ | ၆ |
| | | ပုဗ္ဗသီရိ | ၂ |
| | | တပ်ကုန်း | ၂ |
| | | ဇမ္ဗူသီရိ | ၂ |
| | | လယ်ဝေး | ၁ |
| | | ဥတ္တရသီရိ | ၁ |
| | | ပျဉ်းမနား | ၁ |
| | | စုစုပေါင်း | ၁၅ |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ | ၆ |
| | | စစ်တွေ | ၃ |
| | | အမ်း | ၂ |
| | | ကျောက်တော် | ၁ |
| | | မောင်တော | ၁ |
| | | ရသေ့တောင် | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၁၅ |
| ၁၁။ | ကချင်ပြည်နယ် | ဖားကန့် | ၁၀ |
| | | မြစ်ကြီးနား | ၁ |
| | | ဆွမ်ပရာဘွမ် | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၁၂။ | ရှမ်းပြည်နယ် | ပင်လောင်း | ၃ |
| | | မူဆယ် | ၂ |
| | | မိုင်းပျဉ်း | ၁ |
| | | မိုင်းယောင်း | ၁ |
| | | မိုးနဲ | ၁ |
| | | ညောင်ရွှေ | ၁ |
| | | ပင်းတယ | ၁ |
| | | တာချီလိတ် | ၁ |
| | | တောင်ကြီး | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၁၃။ | ချင်းပြည်နယ် | တီးတိန် | ၄ |
| | | ဖလမ်း | ၁ |
| | | ဟားခါး | ၁ |
| | | ပလက်ဝ | ၁ |
| | | တွန်းဇံ | ၁ |
| | | စုစုပေါင်း | ၈ |
| ၁၄။ | တနင်္သာရီတိုင်းဒေသကြီး | ကော့သောင်း | ၃ |
| | | ဘုတ်ပြင်း | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၅။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | မယ်စဲ့ | ၁ |
| | | စုစုပေါင်း | ၂ |
| | (၁၈–၁၂–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၁၁၆) ဦး |

* မြို့နယ်မှ(၂)ဦးသည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာကန့်သတ်ထားရှိခြင်း ဖြစ်ပါသည်။

မှတ်ချက်။ (၁၈–၁၂–၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ(၁,၁၁၆)ဦးတွင် အနံ့မရရှိသူ (၂၀၀) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား**

**နေပြည်တော် ဒီဇင်ဘာ ၁၉**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

## ၁၉-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၇၈၈၈၃၅၃ | ၁၀၃၉၄၂၈၆ | ၃၂၀၈၄၅ |
| ၂။ | အိန္ဒိယ | ၁၀၀၀၅၈၅၀ | ၉၅၅၀၇၁၂ | ၁၄၅၁၇၈ |
| ၃။ | ဘရာဇီး | ၇၁၆၃၉၁၂ | ၆၁၉၈၁၈၅ | ၁၈၅၆၈၇ |
| ၄။ | ရုရှား | ၂၈၁၉၄၂၉ | ၂၂၅၄၇၄၂ | ၅၀၃၄၇ |
| ၅။ | ပြင်သစ် | ၂၄၄၂၉၉၀ | ၁၈၂၆၅၆ | ၆၀၂၂၉ |
| ၆။ | တူရကီ | ၁၉၈၂၀၉၀ | ၁၇၅၃၅၅၂ | ၁၇၆၁၀ |
| ၇။ | ဗြိတိန် | ၁၉၇၇၁၆၇ | စိစစ်ဆဲ | ၆၆၅၄၁ |
| ၈။ | အီတလီ | ၁၉၂၁၇၇၈ | ၁၂၂၆၀၈၆ | ၆၇၈၉၄ |
| ၉။ | စပိန် | ၁၈၁၇၄၄၈ | စိစစ်ဆဲ | ၄၈၉၂၆ |
| ၁၀။ | အာဂျင်တီးနား | ၁၅၃၁၃၇၄ | ၁၃၅၆၇၅၅ | ၄၁၆၇၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၉- ၁၂ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၅၇၉၄၈ | ၅၃၆၂၆၀ | ၁၉၆၅၉ |
| ဖိလစ်ပိုင် | ၄၅၈၀၄၄ | ၄၂၁၀၈၆ | ၈၉၁၁ |
| မြန်မာ | ၁၁၅၁၈၇ | ၉၄၁၁၈ | ၂၄၂၄ |
| မလေးရှား | ၉၁၉၆၉ | ၇၆၂၄၂ | ၄၃၃ |
| စင်ကာပူ | ၅၈၄၀၃ | ၅၈၂၆၅ | ၂၉ |
| ထိုင်း | ၄၃၃၁ | ၄၀၂၉ | ၆၀ |
| ဗီယက်နမ် | ၁၄၁၁ | ၁၂၆၉ | ၃၅ |
| ကမ္ဘောဒီးယား | ၃၆၂ | ၃၄၅ | ၀ |
| ဘရူနိုင်း | ၁၅၂ | ၁၄၉ | ၃ |
| လာအို | ၄၁ | ၃၆ | ၀ |

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**ကျောက်မဲ ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ခိုးမုန်းကျေးရွာရှိ ကျန်းမာရေးစစ်ဆေးရေးဂိတ် Check Point -2 ၌ ယနေ့ မွန်းတည့် ၁၂ နာရီခန့်က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့်အဖွဲ့က မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ် စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးတို့က ကျောက်မဲမြို့ရှိ ကျန်းမာရေး စစ်ဆေးရေးဂိတ်များအတွက် အလှူငွေကျပ် ၁၀ သိန်း၊ ကြက်ဥ၊ ခေါက်ဆွဲ၊ နှာခေါင်းစည်းများနှင့် လက်အိတ်များ ထောက်ပံ့ပေးအပ်ရာ ခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်နှင့် တာဝန်ရှိသူများက လက်ခံရယူကြောင်း သိရသည်။(ဝဲပုံ) **မိုင်းထွန်း(ပြန်/ဆက်)**

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည် အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မတ္တရာမြို့နယ်တွင် သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသော A အဆင့် စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကို ဆိုင်ထိုင်စားစနစ် ပြန်လည်ခွင့်ပြုမည်

**မတ္တရာ ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များအား ဆိုင်ထိုင်စားစနစ် ပြန်လည်ဖွင့်ခွင့်ပြုနိုင်ရေးအတွက် ဈေးဆိုင်ပိုင်ရှင်များနှင့် တွေ့ဆုံအသိပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်က မတ္တရာမြို့ ဘုရင့်နောင်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မတ္တရာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစန်းအောင် က ရောဂါပိုးတွေ့ရှိသူနှင့် ထိစပ်ခဲ့သူများသည့် ဈေးဆိုင်များ ယာယီပိတ်သိမ်းခဲ့မှု၊ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့မှု၊ ဈေးဆိုင်များကို ရှောင်တခင်စစ်ဆေးပြီး နှာခေါင်းစည်းတပ်ဆင်၍ ရောင်းချခြင်းမရှိသည့် ဈေးဆိုင်များကို ဒဏ်ငွေဆောင် ပြစ်ဒဏ်ချမှတ်ခြင်း အခြေအနေများ၊ ယခု ပြန်လည်ဖွင့်လှစ်ခွင့်ပြုရာတွင်လည်း သတ်မှတ်စည်းကမ်းချက်နှင့် ကိုက်ညီသည့် A အဆင့် သတ်မှတ်ခံရသော ဆိုင်များကိုသာ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ စည်းကမ်းချက်နှင့် မကိုက်ညီဘဲ ဖွင့်လှစ်သည့်ဆိုင်များကို ပထမအကြိမ်တွင် ဒဏ်ငွေသုံးသောင်းကျပ်၊ ဒုတိယအကြိမ်တွင် ဆိုင်သုံးရက်ပိတ်သိမ်းခြင်းနှင့် တတိယအကြိမ် စစ်ဆေးတွေ့ရှိပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာရဲမြတ်က မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ပိုးတွေ့လူနာများကို ဆေးရုံတွင် ထားရှိ၍ ကုသပေးနေမှုများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးက သတ်မှတ်ထားသော စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

စည်းကမ်းချက်များနှင့် ကိုက်ညီသော စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကို ဒီဇင်ဘာ ၁၉ ရက်မှ စတင်၍ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပြီး စည်းကမ်းချက်များလိုက်နာခြင်း ရှိ/မရှိ ကို ပူးပေါင်းအဖွဲ့များနှင့် လိုက်လံစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် အနုတ် ၅ ဒီဂရီစင်တီဂရိတ်၊ မင်းတပ်မြို့၊ တီးတိန်မြို့၊ ရမ်ကလောင်းနှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ တို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ပေါက်တောမြို့နယ် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေ ပဉ္စမအကြိမ် ငွေထုတ်ချေးပေး

**ပေါက်တော ဒီဇင်ဘာ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဟင်းခရော်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးအပ်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ပေါက်တောမြို့နယ် ဟင်းခရော်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၈၅ သိန်းကို စိုက်ပျိုးရေးတွင် ၂၈ ဦး၊ မွေးမြူရေးတွင် ၁၉ ဦး၊ ရေလုပ်ငန်းတွင် ၁၀ ဦး၊ အရောင်းအဝယ်တွင် ၁၁ ဦး စုစုပေါင်းအသင်းသား ၆၈ ဦးတို့အား ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များက ထုတ်ချေးပေးမှုကို မြို့နယ်ဦးစီးမှူး ဦးဦးသန်းထွန်းနှင့် ဝန်ထမ်းများက သွားရောက်ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ အဆိုပါ ငွေချေးထုတ်ပေးခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်နှင့်အညီ ထုတ်ချေးပေးကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း လူစုလူဝေးမဖြစ်စေရေးအတွက် အများပြည်သူ စုဝေးတတ်သောနေရာများကို ခေတ္တပိတ်ထားမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရစ္စမတ်ကာလနှင့် နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း လူစုလူဝေးမဖြစ်စေရေးအတွက် အများပြည်သူ စုဝေးတတ်သောနေရာများကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များကို နေအိမ်တွင်နေထိုင်ခြင်းအစီအစဉ် သတ်မှတ်ထားသော်လည်း ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များအား လိုက်နာခြင်းမရှိဘဲ ပြင်ပ၌ သွားလာနေကြကြောင်း သိရသည်။

ထိုသို့သွားလာနေခြင်းကို လိုအပ်သော သတိပေးစစ်ဆေးတင်းကျပ်မှုများ ဆောင်ရွက်ရန် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီက သက်ဆိုင်ရာအဖွဲ့၊ တိုင်းဒေသကြီးအဖွဲ့အစည်းများထံ အကြောင်းကြားထားသည့်အတွက် ခရစ္စမတ်ကာလနှင့် နှစ်သစ်ကူးရုံးပိတ်ရက်ကာလများအတွင်း လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် အများပြည်သူစုဝေးတတ်သော နေရာများဖြစ်သည့် ပြည်သူ့ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ အင်းလျားကန်ပေါင်၊ ပန်းခြံနှင့် ကစားကွင်းများအားလုံးကို ဒီဇင်ဘာ ၂၁ ရက်မှ ၃၁ ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်သည် နေအိမ်တွင်နေထိုင်ခြင်းအစီအစဉ်၌ပါဝင်နေပြီး လှည်းတန်းလမ်းတစ်လျှောက်နှင့် အင်းစိန်လမ်းမတို့တွင် ညနေပိုင်း လမ်းဘေးဈေးသည်များ များပြားနေသည့်အတွက် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက စည်းကမ်းသတ်မှတ်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

## ဒေးဒရဲမြို့နယ် ကွန်ပလိုင်းကျေးရွာအတွင်းရှိ ပြည်သူများအား အခြေခံစားသောက်ကုန်များ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၉

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလ ဆောင်ရွက်နေစဉ်အတွင်း တစ်ဖက်တစ်လမ်းမှ ကူညီသည့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကွန်ပလိုင်းကျေးရွာအတွင်းရှိ အသွားအလာကန့်သတ်ထားသည့် ပြည်သူများအား ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တနိမလ ဦးဆောင်၍ တပည့်ဒါယကာ၊ ဒါယိကာမများက အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းမှုကို ဒေးဒရဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါလှူဒါန်းမှုကို ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တနိမလ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်ဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဟိန်းတို့က ဆန်၊ ဆီ၊ ဆား၊ အားလူး၊ ကြက်သွန်၊ ပါးစပ်နှာခေါင်းစည်း၊ ခေါက်ဆွဲခြောက်တို့ကို ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ဝဲအောက်ပုံ)**



အဆိုပါ ထောက်ပံ့ပေးအပ်မှုတွင် ဘုန်းကြီးကျောင်းများအတွက် စားသောက်ဖွယ်ရာများအပြင် ဆန်၊ ဆီ၊ ဆား၊ အာလူး၊ ကြက်သွန်၊ ခေါက်ဆွဲခြောက်၊ ပါးစပ်နှာခေါင်းစည်းများ လှူဒါန်းခြင်း၊ အိမ်ထောင်တစ်စုလျှင် ဆန်ငါးပြည်၊ ဆီ တစ်ပိဿာ၊ ဆား တစ်ထုပ်၊ အာလူး တစ်ပိဿာငါးဆယ်သား၊ ကြက်သွန် တစ်ပိဿာငါးဆယ်သား၊ ပါးစပ်နှာခေါင်းစည်း တစ်ထုပ်၊ ခေါက်ဆွဲခြောက် တစ်ပုံးနှုန်းဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၈၀ ဖိုးခန့်ကို အိမ်ထောင်စုပေါင်း ၂၀၀ အား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

## ရိဒ်ရေကန်နှင့် ဘွာန်နဲလ်(ခ)လင်နူးပါတောင်သို့ လာရောက်လည်ပတ်ကြသော ခရီးသွားပြည်သူများအတွက် ပါးစပ်နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ လှူဒါန်း

ရိခေါဒါရ် ဒီဇင်ဘာ ၁၉

ချင်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ စီစဉ်မှုဖြင့် ရိခေါဒါရ်မြို့ဒေသနှင့် အနီးတစ်ဝိုက်ရှိ အထင်ကရနေရာဒေသများဖြစ်သည့် ရိဒ်ရေကန်နှင့် ဘွာန်နဲလ်(ခ)လင်နူးပါတောင်တို့၌ လာရောက်လည်ပတ်ကြသည့် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေး ရည်ရွယ်ချက်ဖြင့် ပါးစပ်နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ ပေးအပ်လှူဒါန်းခြင်းကို ဒီဇင်ဘာ ၁၈ ရက်က ဆောင်ရွက်သည်။

ပေးအပ်လှူဒါန်းမှုနှင့် ပတ်သက်ပြီး ချင်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အဖွဲ့ဝင် ဦးဆလိုင်းသိန်းဌေးလွင်က "ကျွန်တော်တို့ ရိခေါဒါရ်မြို့နဲ့ အနီးတစ်ဝိုက်ရှိ အထင်ကရ နေရာဒေသများဖြစ်တဲ့ ရိဒ်ရေကန်နဲ့ ဘွာန်နဲလ်(ခ)လင်နူးပါတောင်တွေကို လာရောက်လည်ပတ်သူတွေအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေး ရည်ရွယ်ချက်နဲ့ ချင်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီရဲ့ စီစဉ်မှုနဲ့ ဆောင်ရွက်သွားတာ ဖြစ်ပါတယ်။ ပါးစပ်နှာခေါင်းစည်းနဲ့ လက်သန့်ဆေးရည်တွေ ပေးအပ်လှူဒါန်းရာမှာ ချင်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူးနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက သွားရောက်လှူဒါန်းပေးတာ ဖြစ်ပါတယ်" ဟု ပြောသည်။

ဘွာလ်နဲလ်(ခ)လင်နူးပါတောင်သို့ ခရီးသွားပြည်သူများအား ပါးစပ်နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ ပေးအပ်လှူဒါန်းနိုင်ရေးအတွက် တောင်ခြေရွာဖြစ်သည့် မွှန်လွကျေးရွာသို့သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဘွာန်နဲလ် (ခ) လင်နူးပါတောင် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ လှူဒါန်းပေးရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ရိခေါဒါရ် တိုက်နယ်ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာစန်းမာက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ထုတ်ပြန်ချက်များ၊ လိုက်နာရမည့်အချက်များ၊ ပါးစပ်နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည် အသုံးပြုပုံနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူးက ပါးစပ်နှာခေါင်းစည်း အခု ၁၀၀၀၊ လက်ဆေးဆပ်ပြာရည် ဘူးကြီး ခုနစ်ဘူးနှင့် ဘွာန်နဲလ်(ခ) လင်နူးပါတောင် ခြေလျင်တောင်တက်လမ်းပြုပြင်ရန် အနည်းငယ်ကျန်ရှိသည့်နေရာများ ဆောင်ရွက်ရန်အတွက် ချင်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကိုယ်စား ပေးအပ်လှူဒါန်းရာ မွှန်လွကျေးရွာအုပ်ချုပ်ရေးမှူး ဦးလာလ်ဇဲန်းက လက်ခံခဲ့ကြောင်း၊ ဆက်လက်၍ ရိဒ်ရေကန်သို့ လာရောက်လည်ပတ်သူများအတွက် ပါးစပ်နှာခေါင်းစည်း အခု ၅၀၀ နှင့် လက်ဆေးဆပ်ပြာရည် ဘူးကြီး နှစ်ဘူးတို့ ပေးအပ်လှူဒါန်းရာ ရိခေါဒါရ်မြို့ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလာလ်ချန့်လျန်က လက်ခံယူသည်။



ရိဒ်ရေကန်နှင့် ဘွာန်နဲလ် (ခ) လင်နူးပါတောင်တို့သည် မီဇိုချင်းလူမျိုးတို့၏သမိုင်းဝင်နေရာများဖြစ်ပြီး လေ့လာရေးခရီး၊ အပန်းဖြေခရီးဖြင့် နှစ်စဉ် လာရောက်လည်ပတ်သူများပြားသည့် အထင်ကရနေရာဒေသများဖြစ်ကြောင်း သိရသည်။

လာလ်ပက်လောမ် (ပက်ကာ)

## ဂျာမနီနိုင်ငံသားများနှင့် ဂျာမနီသံရုံးမှ လှူဒါန်းမှုဖြင့် ဒလမြို့နယ်ရှိ အခြေခံလူတန်းစားအိမ်ထောင်စုများကို စားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၉

ဂျာမနီနိုင်ငံသားများနှင့် ဂျာမနီသံရုံးမှ လှူဒါန်းမှုဖြင့် အခြေခံစားသောက်ကုန်များကို We Love Yangon လူထုအခြေပြုပရဟိတအသင်းမှ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော ကာလအတွင်း အခြေခံလက်လုပ်လက်စား ပြည်သူများ၏ စားသောက်ရေးအခက်အခဲရှိသော အိမ်ထောင်စု ၂၀၀ အတွက် အခြေခံစားသောက်ကုန်များကို ယနေ့ မွန်းလွဲ ၂ နာရီက ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့လှူဒါန်းပေးသည်။

ထိုသို့လှူဒါန်းရာတွင် ညောင်ကုန်းရပ်ကွက်ရှိ အိမ်ထောင်စု ၄၀၊ အံ့ကြီးအနောက်ရပ်ကွက်ရှိ အိမ်ထောင်စု ၅၀၊ ကမာကဆစ်ရပ်ကွက်ရှိ အိမ်ထောင်စု ၃၀၊ ကျန်စစ်သားရပ်ကွက်၂၀၊ သမ္မတကမ်းခြေ ရပ်ကွက်ရှိ အိမ်ထောင်စု ၂၀ နှင့် ညောင်လေးပင်ကျေးရွာရှိ အိမ်ထောင်စု ၄၀ စုစုပေါင်း အိမ်ထောင်စု ၂၀၀ အတွက် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ငါးသေတ္တာ ၁၀ ဘူး၊ ခေါက်ဆွဲခြောက် အထုပ် ၃၀ ပါ တစ်ဖာ စသည်တို့ပါဝင်သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်များကို ဒေသခံပြည်သူများ၏လက်ဝယ်အရောက် လှူဒါန်းသည်။ **(အောက်ပုံ)**

အဆိုပါ လှူဒါန်းရာသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်(၁) ဦးကျော်လင်း၊ We Love Yangon-Dala အဖွဲ့တို့မှ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)




### ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၁၉

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# ခရီးသွား ဟင်းလေးအိုးကြီးစာအုပ်ထွက်ရှိ





**နေပြည်တော် ဒီဇင်ဘာ ၁၉**

စာရေးဆရာ သတိုးလွင်(ပထဝီဝင်) ရေးသားသည့် ခရီးသွားဟင်းလေး အိုးကြီးစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် နှစ်ပေါင်း ၃၀ နီးပါး ခရီးသွားလုပ်ငန်း အတွေ့အကြုံရှိခဲ့သော ခရီးသွားလုပ်ငန်းရှင် တစ်ဦး၏ကိုယ်တွေ့ခံစားချက်များကို တစ်ထိုင်တည်း အရသာရှိရှိ ဟင်းလေးအိုးကြီးကဲ့သို့ ခံစားနိုင်မည့် ခရီးသွားဆိုင်ရာ စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်တွင် ဆရာက ခရီးသွား လျှပ်တပြက်၊ ခရီးသွားလုပ်ငန်း အီဗော်လူးရှင်း၊ ခရီးသွားဋီကာ၊ ခရီးသွားလုပ်ငန်း မှတ်တိုင်တချို့ဟူ၍ အပိုင်းလေးပိုင်းဖြင့် စိတ်ဝင်စားဖွယ် ရေးသားဖွဲ့နွဲ့ထားသည်။ စာအုပ် တန်ဖိုးမှာ ငွေကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**







# ကြက်သွန်အဟောင်းများ အထားမခံချိန်ဖြစ်သဖြင့် ကြက်သွန်သစ်ပေါ်ချိန်တွင် ဈေးလျှော့ရောင်းချနေရ

**မြင်းခြံ ဒီဇင်ဘာ ၁၉**

ကြက်သွန်အဟောင်းများ အထားမခံချိန်ဖြစ်ပြီး ကြက်သွန်အသစ်များပေါ်ချိန် ဖြစ်သဖြင့် အဟောင်းများကို ဈေးလျှော့ရောင်းချနေရကြောင်း ကုန်သည်များထံက သိရသည်။

"ကြက်သွန်အဟောင်းက အထားမခံတော့ဘူး။ ရာသီကုန်သွားပြီ။ မိုးကြက်သွန်တွေ ပေါ်လာပြီ။ ဒီတော့ အဟောင်းတွေက ဈေးအေးကုန်တယ်။ အသစ်တွေက ပိုအရောင်းသွက်နေတာပေါ့။ အဟောင်းတွေက ဥတွေကနေ အညှောင့်တွေထွက် အပင် ကွဲထွက်လာတယ်။ အဲဒီတော့ အထားလည်းမခံတော့ဘူး။ နိုင်ငံခြားကိုလည်း တင်ပို့လို့က မရတော့ဘူးလေ။ သယ်ယူတဲ့အခါကျတော့လည်း အမြိတ်တွေထွက်နေတဲ့အခါကျတော့ ပျော့ကုန်တာပေါ့။ ဒါကြောင့် လူတွေက သိပ်မသုံးချင်ကြတော့ဘူး" ဟု ကြက်သွန်စီးပွားဖြစ်စိုက်ပျိုးသူ ဦးဝင်းမြင့်ဌေးက ပြောသည်။

ယခုကာလသည် အောက်တိုဘာလပိုင်းက စတင်စိုက်ပျိုးခဲ့သည့် မိုးကြက်သွန် (ဥစိုက်၊ ပင်ထောင်) များ ပေါ်ချိန်ဖြစ်ပြီး ဒီဇင်ဘာလကုန် ဇန်နဝါရီလဆန်းတွင် ကြက်သွန်စိုက်ပျိုးရာသီသို့ ပြန်လည်ရောက်ရှိတော့မည်ဖြစ်သည်။

တောင်သူ - ဒိုင်သွင်းဈေး အနေဖြင့် နွေကြက်သွန် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၊ ၂၅၀၊ ၃၅၀ အထိ ဈေးနှုန်းများ ကျဆင်းနေပြီး၊ မိုးကြက်သွန် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၊ ၇၅၀၊ ၈၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၁၂ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၁၁၉၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၁၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ဈေးပိတ် |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ဈေးပိတ် |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ဈေးပိတ် |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၀၀/၆၅၅ ကျပ် | ၆၅၀/၆၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၁၀/၆၇၀ ကျပ် | ၆၆၅/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၇၅/၆၁၅ ကျပ် | ၆၄၅/၆၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၉၅/၇၃၀ ကျပ် | ၇၇၅/၇၉၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၄၈ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၅၃ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၆ . ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၆ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၃ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၆ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၅၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၄ . ၃၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၃၀၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၉၀၀ | ၁၂၄၂ | ၁၂၁၇၃၆၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၆၂၈ | ၂၃၆၆၄၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၂ | ၁၆၆၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၀၀၀ | ၂၂၅၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၂၃ | ၃၄၅၁၅၀ |
| EFR | ၃၇၀၀ | ၃၆၅၀ | ၁၇၁၇ | ၆၃၀၂၉၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |


mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS


နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


ဘာဘတင် ရေ...မီးသတ်ကို ဖုန်းဆက် အကြောင်းကြားမှ ဖြစ်တော့မယ်...
ဘယ်မှာ မီးလောင် နေလို့လဲ ဟေ...
မြွေကြီး...လမ်း ထိပ်မှာ မြွေကြီး တွေ့ခဲ့လို့...
ဟာ..
HTOO




တောပတ်


ဆေးလိပ်- အရက်နဲ့ မူးယစ်ဆေးဝါးတွေလေ!
ဆေးလိပ်သောက်တာလည်း ကျန်းမာရေးကို ထိခိုက်စေတယ်-
ဒါကြောင့် "ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေသည်" လို့ အသိလေးတာလေ!-
ဟားဟား!! မင်းပြောတာလည်း ဟုတ်တာပဲ-


သက်စု
ဇော်နီ
နှစ်ဟောင်း ကုန်လို့ နှစ်သစ် ကူးတော့မယ်၊
နှစ်သစ်ရောက်ရင် အားလုံး အသစ်က ပြန်စ မယ်၊၊
ဘာ အသစ်လဲ၊
မကောင်းတဲ့ အမူအကျင့်တွေ၊ အပြော အဆိုတွေ၊ စိတ်သဘောထားတွေ၊၊ နှစ်ဟောင်းမှာ ထားခဲ့မယ်၊
ဆရာကိုပေါက် ပြောသလို အကောင်းတွေ ထုတ်သုံး တော့မယ်ပေါ့၊၊၊
သိမ်း မထားနဲ့
လူကြီးမိဘ၊ ဆရာသမားနဲ့ သူငယ်ချင်းတွေကို ချိုသာ ယဉ်ကျေးတဲ့စကား ပြောမယ်၊
အလိုက်သိသိနဲ့ ကူညီ ပေးမယ်၊၊
တကယ်!
အေး၊
ဖိုက်ဆံ အိတ် မေ့ခဲ့လို့၊၊၊
ဖိုက်ကလည်း ဆာ အာ.
ဟယ်.. ခုပဲ ချိုသာမယ် ကူညီမယ်ဆို၊၊
သေလိုက်!
နောက်နှစ်သစ်မှ ဟဲ့၊


ကာတွန်းကိုမိုး
သားပု
အီး ဟီး ဟီး အိမ်အပြင် ထွက်ချင်တယ်..
ကဲ.. ဒီလောက်တောင်ထွက် ချင်တဲ့အကောင် အပြင်ထွက် လို့ရအောင်လုပ်ပေးမယ်..
အမြန်လုပ်ပေးကွာ..
ဟား မိုက်တယ်ဟေး လုံခြုံတယ်ဟ...
ဟီး... အပြင်ထွက်မရတော့ အာရုံစား မရ.. ငတ်ပြီ...

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကလေးတို့အတွက် လက်တွေ့ကျတဲ့သင်ခန်းစာတွေ (အပိုင်း-၁)

ကေ – ဂျူဝယ်လ်

**မင်္ဂလာပါကလေးတို့ရေ။ သာယာလှပတဲ့ဆောင်းရာသီမှာ အားလုံးပျော်ရွှင်ကြပါစေလို့ မမက နှုတ်ဆက်ပါတယ်။ ဒီတစ်ပတ်မှာ မမက ကမ္ဘာ့နိုင်ငံအသီးသီးက ကလေးမိဘတွေနဲ့ ကလေးလေးတွေကို ပညာပေးနေတဲ့ မိဘဆိုတဲ့ မဂ္ဂဇင်းတစ်ခုရဲ့ ဆောင်းပါးတစ်ပုဒ်ထဲက အကြောင်းအရာလေးတွေကို ဗဟုသုတအနေနဲ့မျှဝေပေးလိုပါတယ်။ သူက ကလေးတွေ သိထားတာတွေထက် ပိုပြီးသိသင့်သိထိုက်တဲ့၊ မေမေတို့၊ ဖေဖေတို့ မေ့နေတတ်တဲ့ ကလေးတို့သိထားရမယ့် အကြောင်းအရာတွေကို တစ်ပတ်တစ်မျိုး မရိုးအောင်တင်ဆက်နေတဲ့ မဂ္ဂဇင်းတစ်ခုပါ။ ကလေးတွေက လောကမှာ ရပ်တည်ဖို့အတွက် ပညာကို ကြိုးစားသင်ယူကြရသလို တစ်ဖက်မှာလည်း ဘဝထဲမှာ နေထိုင်ဖြတ်သန်းဖို့ လက်တွေ့ကျတဲ့ ဘဝသင်ခန်းစာတွေကိုလည်း ယူကြရမယ်ဆိုတာကို ပြောထားတာပဲ ဖြစ်ပါတယ်။**

သားတို့၊ သမီးတို့အားလုံး ဖုန်းကိုင်ဖူးကြတယ် မဟုတ်လား။ အမှန်ပဲကလေးတို့ရေ၊ အွန်လိုင်းလုံခြုံရေးကုမ္ပဏီတစ်ခုရဲ့ စစ်တမ်းမှာ အသက် ၃ နှစ်ကနေ ၅ နှစ်အောက် ကလေး ၁၀၀ မှာ အယောက် ၆၀ လောက်က ဖုန်းကိုင်တတ်နေကြပြီတဲ့။ ဒါပေမယ့် အဲဒီကလေး ၁၀၀ ထဲက ၁၅ ယောက်လောက်ကပဲ သူတို့ရဲ့ မနက်စာကို သူတို့ဘာသာ သူတို့ ပြင်ဆင်ကြတယ်။ ကျန်တဲ့ကလေးတွေအကုန်လုံးက မိဘတွေ အဆင်သင့်ပြင်ဆင်ပေးတာကိုပဲ စားကြတာတဲ့။ ကလေးတို့ကရော ဘယ်လိုကလေးမျိုးလဲ မမသိချင်လိုက်တာ။ အဲဒီတော့ ကျောင်းစာတွေ သင်ယူသလိုပဲ လူ့လောကကြီးထဲမှာ နေတတ်ဖို့ နည်းလမ်းတွေထဲက နည်းလမ်းအချို့ကို မမက ဒီတစ်ပတ်မှာ ကလေးတို့အတွက် ရွေးချယ်ပြောပြပေးမယ်နော်။



### အဝတ်လျှော်နိုင်ပြီလား

မမနဲ့သိတဲ့ တက္ကသိုလ်ကျောင်းသားလေးတစ်ယောက်ဆိုရင် သူ့အဝတ်ကို သူမလျှော်တတ်ဘူး။ တစ်ခါမှလည်း မလျှော်ခဲ့ရဘူးတဲ့။ ကလေးတို့ရော ကလေးတို့ရဲ့ ဆော့ကစားထားလို့ ညစ်ပတ်နေတဲ့အဝတ်တွေကို ဘယ်သူက လျှော်ပေးနေသလဲ၊ မေမေတို့နဲ့ အိမ်က မိသားစုကပဲ လုပ်ပေးနေကြတာ မဟုတ်လား။ အမှန်က ကလေးတို့ တတ်နိုင်တဲ့ ဘောင်းဘီ၊ အင်္ကျီလေးတွေ၊ မျက်နှာသုတ်ပဝါနဲ့ လက်ကိုင်ပဝါတွေ၊ ခြေအိတ်နဲ့ ဦးထုပ်စတာတွေကို ကလေးတို့ကိုယ်တိုင် တတ်နိုင်သလောက် လျှော်ဖွပ်ကြည့်လိုက်ဖို့ တိုက်တွန်းပါရစေ။ ကိုယ်တိုင် လျှော်ဖွပ်ကြရတဲ့ကလေးတွေဟာ သူတို့အဝတ်အစားတွေကို ပိုပြီးတန်ဖိုးထားတတ်လာသတဲ့။ မိဘကို ကူညီရာလည်း ရောက်တဲ့အပြင် မတော်တဆများ ကလေးတို့ဟာ မိဘနဲ့ဝေးတဲ့နေရာတစ်ခုကို ရောက်သွားတဲ့အခါမှာလည်း အဝတ်အစားလျှော်ဖွပ်တတ်တဲ့အတွက် သူများအကူအညီကို မလိုတော့ဘူးပေါ့ကွယ်။ အခုခေတ် မြို့ကြီးတွေမှာ နေကြတဲ့ကလေးတွေအတွက် အဝတ်လျှော်စက်တွေလည်း အိမ်တွေမှာ ရှိနိုင်ပါတယ်။ ဒါကတော့ အတော်လေးအလုပ်ပြီးစေပြီး ကလေးတို့ကိုယ်တိုင်လည်း တစ်အိမ်လုံးရဲ့ အဝတ်တွေကို စက်နဲ့ လျှော်နိုင်တဲ့အထိ အိမ်ရဲ့တာဝန်ကိုယူနိုင်ပါသေးတယ်နော်။ ဒါကြောင့် ဒီနေ့ကစပြီး ကိုယ့်အဝတ်အစားတွေထဲက လျှော်ဖွပ်လို့လွယ်မယ့်အရာတွေကို ကိုယ်တိုင်လျှော်လိုက်ပါတော့နော်။

### လက်ဆောင်လေးတွေကို ကိုယ်တိုင်ဖန်တီးလိုက်ပါ

ဒီကာလက နှစ်သစ်ကူးခါနီးအချိန်ဆိုတော့ လက်ဆောင်ပေးကြတဲ့ခလေ့က အခြားနိုင်ငံတွေမှာ အတော်လေး ခေတ်စားတယ်။ မမတို့ဆီမှာတော့ လူကြီးသူမတွေကို သီတင်းကျွတ်ကာလမှာ ကန်တော့ကြတယ်၊ လက်ဆောင်လေးတွေ ပေးကြတယ်။ မွေးနေ့တို့၊ အထိမ်းအမှတ်နေ့တို့ဆိုရင် အမှတ်တရလက်ဆောင်လေးတွေ ပေးကြတယ်။ ကလေးတို့ရော မွေးနေ့လက်ဆောင်လေးတွေ ရဖူးတယ် မဟုတ်လား။ ကလေးတို့ကရော သူများတွေအတွက် လက်ဆောင်လေးတွေ ကိုယ်တိုင်ထုပ်ပိုးပြင်ဆင်ပြီး ပေးဖူးကြပြီလား။ သူငယ်တန်း(KG)ဆိုရင်တောင် စက္ကူလေးတွေကို ကတ်ကြေးလေးတွေနဲ့ဖြတ်ပြီး ကော်လေးတွေ ကပ်တတ်နေကြပြီမဟုတ်လား။ လက်ဆောင်ပေးဖို့ ပြင်ဆင်ရတာက သိပ်ကိုပျော်စရာကောင်းပြီး ကလေးတို့ စိတ်ကူးတွေကို ဆန်းသစ်လာစေတယ်။ သူများအတွက် မျှဝေတတ်တဲ့ စိတ်ထားကောင်းလေးတွေရလာနိုင်သလို လိုအပ်သလို ဖြတ်တာ၊ ညှပ်တာလုပ်ကြရတဲ့အတွက် စဉ်းစားတွေးခေါ်တဲ့ ဦးနှောက်ကလေးကလည်း ပိုပြီးကျန်းမာသန်စွမ်း လာတတ်တယ်။ ဒါကြောင့် သူများအတွက် တန်ဖိုးမကြီးဘဲ ကိုယ်တိုင်လည်း ဖန်တီးလို့ရမယ့် လက်ဆောင်လေးတွေ တီထွင်ကြည့်ကြပါနော်။

### အဝေးရောက်နေတဲ့သူတွေကို ပေးဖို့စာရေးပါ

စာရေးခြင်းဟာ ကလေးဘဝမှာ ပျော်စရာကောင်းတဲ့ လုပ်ဆောင်ချက်တစ်ခုဖြစ်သလို ကလေးတို့ အတန်းပညာတွေ သင်ယူတဲ့အခါ ပိုပြီးလွယ်လွယ်ကူကူ သင်ယူနိုင်တယ်လို့ ကလေးတွေကို စောင့်ကြည့်ပြီး လေ့လာတဲ့ ပညာရှင်တွေက ပြောကြပါတယ်။ ကလေးဘဝမှာ ကိုယ့်ခံစားချက်တွေ၊ ကိုယ်စဉ်းစားထားတာတွေကို စာလုံးလေးတွေအဖြစ် ရေးသားနိုင်ဖို့ လိုပါတယ်။ စာလုံးလေးတွေ မပေါင်းတတ်သေးဘူးဆိုရင်တောင် ပန်းချီလေးတွေ ရေးဆွဲပြီး ကိုယ့်ခံစားချက်ကို ပြသထုတ်ဖော်နိုင်ရမှာဖြစ်ပါတယ်။ ဥပမာပြောရရင် ကလေးတို့က ကမ်းခြေတစ်ခုခုကို ခရီးထွက်ချင်တဲ့ စိတ်ပေါ်လာတဲ့အခါ ကမ်းခြေမှာရှိနိုင်တဲ့ ခရုလေးတွေ၊ လှိုင်းလုံးကြီးတွေ၊ အုန်းပင်တွေ၊ ငါးလေးတွေနဲ့ ရေပြင်ပြာပြာကြီးအကြောင်းကို စာအဖြစ်ချရေးကြည့်နိုင်ပါတယ်။ စာရေးတဲ့အခါ ယဉ်ယဉ်ကျေးကျေးနဲ့ လှလှပပအသုံးအနှုန်းလေးတွေဖြစ်လာအောင် ကလေးတို့ကြိုးစားရေးကြည့်ရင်း သိပ်ကိုတော်တဲ့ စာရေးဆရာတွေ ဖြစ်လာနိုင်ပါသေးတယ်။ မမတို့နိုင်ငံမှာ မရှိသေးပေမယ့် အခြားနိုင်ငံတွေမှာဆိုရင် ကလေးတို့အတွက် စာတိုက်ပုံးလေးတွေရှိတယ်။ သူတို့နိုင်ငံရဲ့ ခေါင်းဆောင်ဆီ၊ ခရစ္စမတ်ဘိုးဘိုးကြီးဆီစတာတွေကို စာရေးပြီးပေးပို့လို့ရအောင် လုပ်ပေးထားကြတယ်။ အမှန်တော့လူကြီးတွေက ကလေးတွေရဲ့ စိတ်ကူးလေးတွေ၊ ခံစားချက်တွေကို အလေးထားပြီး ပျော်အောင်လုပ်ပေးကြတာပေါ့ကွယ်။ ဒါကြောင့် ကလေးတို့လည်း စာလေးတွေရေးပြီး အချင်းချင်းမျှဝေကြည့်လိုက်ပါနော်။

### သစ်ပင်စိုက်ဖူးကြသလား

ကျေးလက်က ကလေးတို့အဖို့တော့ သစ်ပင်စိုက်ပျိုးတာက လွယ်ကူမှာပဲနော်။ မြေပေါပေါနဲ့ စိုက်ချင်တဲ့ အပင်လေးတွေကို အိမ်အနီးအနားမှာဖြစ်ဖြစ်၊ မိဘတွေနဲ့အတူတူ လယ်ကွင်းတွေမှာဖြစ်ဖြစ် စိုက်ပျိုးဖူးကြမှာပဲ။ မြို့ပေါ်မှာ နေကြတဲ့ကလေးတွေကတော့ မြေနေရာကလည်းရှားတယ်။ အိမ်တွေကလည်း ကျဉ်းကြတာများတော့ သစ်ပင်စိုက်ဖို့ နည်းနည်းတော့ခက်ပါလိမ့်မယ်။ သစ်ပင်လေးတွေ စိုက်တဲ့အခါ မြေကြီးတွေကို ကလေးတို့လက်တွေနဲ့ ကိုင်တွယ်ရမယ်။ အပင်လေးတွေရဲ့ အမြစ်ကလေးတွေ မထိခိုက်အောင်၊ အဖူးလေးတွေ၊ ရွက်နုလေးတွေ မကျိုးအောင် ထိန်းထိန်းသိမ်းသိမ်း ကိုင်တွယ်တတ်လာမယ်။ ကိုယ့်သစ်ပင်လေးကို နေရောင်ရအောင်၊ ရေမငတ်အောင် ဘယ်လိုစောင့်ရှောက်မလဲဆိုတာ ကိုယ်တိုင်သင်ယူကြရမယ်။ ကိုယ်စိုက်ပျိုးတဲ့အပင်လေးတွေက အဖူး၊ အပွင့်တွေ ထွက်လာတဲ့အခါမှာ သိပ်ကိုပျော်ရွှင်ကြမယ်ပေါ့။ ဒါကြောင့် ပန်းအိုးသေးသေးလေးထဲဖြစ်ဖြစ်၊ ရေသန့်ဘူးလို ပလတ်စတစ်ဘူးဟောင်းလေးထဲဖြစ်ဖြစ် တတ်နိုင်တဲ့အပင်လေးတွေကို ပြုစုပေးဖို့ မမက အကြံပြုပါရစေ။ ဒါဟာ သဘာဝတရားကြီးနဲ့ ကလေးတို့ကြား ပိုပြီးရင်းနှီးလာစေသလို သစ်ပင်လေးတွေ စိုက်ပျိုးပြီး ပျော်ရွှင်တဲ့သူတွေ အများစုက နူးညံ့သူတွေ ဖြစ်လာကြစေလို့ပါ။ စာလည်း ရှည်သွားပြီမို့ နောက်ထပ်ကျန်ရှိတဲ့ အကြောင်းအရာလေးတွေကိုတော့ နောက်တစ်ပတ်မှာ ဆက်ပြီး အားပေးဖတ်ရှုကြနော်။ ကလေးတို့အားလုံးကို နှုတ်ဆက်လိုက်ပါတယ်။

## လောကဝတ် (Etiquette)

# အခြေခံအကျဆုံး အမူအကျင့်ကောင်းလေးတွေ

မမမေ

**ကလေးလေးတို့ရေ ကောင်းမွန်တဲ့လောကဝတ်ကလေးတွေအကြောင်းကို မမက အပတ်စဉ် ကလေးတို့ကို ပြောပြခဲ့တာ အခုဆိုရင် အပတ်စဉ်အတော်များလာခဲ့ပြီပေါ့။ ဒီတစ်ပတ်မှာ ကလေးတို့နေ့စဉ်လူမှုဘဝထဲက အခြေခံအကျဆုံး လောကဝတ်ကလေးတွေကို ထပ်ပြီးပြောပြပေးသွားမှာပါ။ ဒါမှသာ ကလေးတို့က သိပ်ကို လိမ္မာရေးခြားရှိပြီး သူများတွေအားလုံးက ချစ်ခင်နှစ်သက်မှုကို ရရှိလာနိုင်မှာပေါ့။**

ပထမဆုံး မနက်မိုးလင်းတာနဲ့ သွားမှန်မှန်တိုက်ရမယ်ဆိုတာ သိကြပါတယ်နော်။ ကလေးတို့က လိမ္မာတဲ့ကလေးတွေဖြစ်မယ်လို့ မမကထင်ပါတယ်။ ကလေးတို့အားလုံး



သွားကျန်းမာရေးအတွက်ရော၊ ခံတွင်းက အနံ့ဆိုးတွေ ထွက်မလာစေဖို့အတွက်ရော မနက်နဲ့ ညတိုင်းမှာ သွားမှန်မှန်တိုက်ကြဖို့ လိုပါတယ်နော်။ နောက်တစ်ချက်က ကလေးတို့ အိမ်သာကို အသုံးပြုပြီးတိုင်းမှာ သန့်ရှင်းရေးကို သေသေချာချာ ပြန်လုပ်ခဲ့ကြဖို့ လိုပါတယ်။ ကလေးအများစုကတော့ အိမ်သာကို အသုံးပြုပြီးရင် သန့်ရှင်းရေးပြန်ပြီး လုပ်သွားကြမှာပါပဲ။ ဆိုးတဲ့ ကလေးတွေဆိုရင်တော့ အိမ်သာအသုံးပြုပြီးသွားရင် အညစ်အကြေးတွေကို အဲဒီအတိုင်းထားခဲ့ကြတယ်တဲ့။ အဲဒီလို အညစ်အကြေးတွေကို သန့်ရှင်းရေးပြန်မလုပ်မိတဲ့အခါ နောက်ထပ်အိမ်သာထဲ လာရမယ့်သူတွေကို အနှောင့်အယှက်ဖြစ်စေတယ်လေ။ သူတို့က ကလေးတို့ သန့်ရှင်းရေး မလုပ်သွားကြတဲ့အတွက် ညစ်ပေနေတဲ့ အိမ်သာ၊ အနံ့ဆိုးတွေနဲ့ အိမ်သာကို အသုံးပြုရတဲ့အခါ ကလေးတို့ကို ငြိုငြင်ကြမှာပေါ့ကွယ်။ ဒါကြောင့် အိမ်သာသန့်ရှင်းရေးကို လုံးဝမမေ့ရဘူးနော်။

ကလေးတို့မှာ ကိုယ်ပိုင်ဘီးကလေးတစ်ချောင်း ပိုင်ဆိုင်ကြသလား။ မပိုင်ဆိုင်ရသေးရင်လည်း ကိစ္စတော့ မရှိပါဘူးနော်။ အဓိကက နေ့စဉ်မှန်မှန်ခေါင်းကို သပ်သပ်ရပ်ရပ် ဖြီးကြဖို့တော့ လိုပါတယ်။ ခေါင်းပွရှုပ်နေတာက ကလေးတို့ကို သူများတွေက အပျင်းကြီးတဲ့ ကလေးတွေ၊ ညစ်ပတ်တဲ့ ကလေးတွေဆိုပြီး ထင်သွားနိုင်တယ်။ဒါကြောင့် ခေါင်းကို မှန်မှန်ဖြီးရမယ်။ လက်ဆေးတဲ့ အလေ့အကျင့်က အခုလို ကိုဗစ်-၁၉ ရောဂါဖြစ်တဲ့အချိန်မှာ အတော်လေး အသုံးဝင်တဲ့ အလေ့အကျင့် ဖြစ်ပါတယ်။ ကိုဗစ်ရောဂါပိုးမှ မဟုတ်ပါဘူး။ ကလေးတို့ မျက်စိနဲ့ မမြင်ရတဲ့ရောဂါပိုးတွေထဲက အတော်များများဟာ ဆပ်ပြာနဲ့ ရေအသုံးပြုပြီး သေသေချာချာ ဆေးကြောပစ်မယ်ဆိုရင် ပျက်စီးသွားစေနိုင်ပါတယ်။ ဒါကြောင့် လက်ကို ခဏခဏ ဆေးကြောပြီး ရောဂါပိုးတွေကို ကာကွယ်ကြရမယ်နော်။



သူငယ်ချင်းတွေ ဒါမှမဟုတ် မိသားစုဝင်တွေ အားလုံးနဲ့ တွေ့တဲ့ဆုံတဲ့အခါတိုင်းမှာ ချစ်စဖွယ်ပြုံးပြနှုတ်ဆက်တာ၊ ယဉ်ယဉ်ကျေးကျေး အမူအရာပြတာတွေကလည်း ကလေးတို့အတွက် အခြေခံအကျဆုံး လောကဝတ်တွေ ဖြစ်ပါတယ်။ ကိုယ်နဲ့သိတဲ့ သူတွေကို တွေ့တိုင်းနှုတ်ဆက်ဖြစ်အောင် စတင်နှုတ်ဆက်လိုက်တာ အကောင်းဆုံးပါပဲ။ ဒါတင်မကသေးပါဘူး။ ကလေးတို့ လိုချင်၊ ဖြစ်ချင်တဲ့အရာတွေရှိလာရင် လူကြီးတွေဆီမှာ ခွင့်တောင်းပြီးမှသာ ရယူသင့်သလို၊ တစ်ခုခု အမှားအယွင်းဖြစ်သွားခဲ့ရင်လည်း အမြန်ဆုံး ပြန်ပြီး တောင်းပန်တတ်တဲ့ အလေ့အထကောင်းလေးတွေ လေ့ကျင့်ထားကြဖို့ လိုပါတယ်။

တံခါးကို ခွင့်မတောင်းဘဲဖွင့်တာ၊ အသံအကျယ်ကြီးစကားပြောတာနဲ့ လူကြီးတွေ စကားပြောတဲ့အခါ ဖြတ်ပြီး ပြောဆိုတာ၊ သူငယ်ချင်းတွေအချင်းချင်းကို အနိုင်ကျင့်တာတွေကလည်း လောကဝတ်နဲ့မညီတာကို ကလေးတို့ သိထားကြပြီး ရှောင်ကြဉ်ကြမယ်ဆိုရင် ကလေးတို့ဟာ သိပ်ကိုချစ်စရာကောင်းပြီး လိမ္မာယဉ်ကျေးတဲ့ ကလေးလေးတွေအဖြစ် အားလုံးက ချစ်ခင်စေမှာအမှန်ပဲမို့ ကြိုးစားပြီး ကောင်းတဲ့အမူအကျင့်လေးတွေ ဖန်တီးလိုက်ကြပါစို့နော်။

# ပုဂ္ဂလိကကဏ္ဍဘက်ကလည်း ဒီလိုကမ္ဘာ့ကပ်ရောဂါကြီးမှာ အမြတ်အစွန်းကို အဓိကမထားဘဲ ပြည်သူလူထုတွေရဲ့ ကိုဗစ် - ၁၉ ဝန်ထုပ်ဝန်ပိုးကြီးကို မျှထမ်းစေချင်

ဒေါက်တာထွန်းမြင့်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရာ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာန၊ ဆေးသုတေသနဦးစီးဌာနနှင့် ပြည်သူ့ဆေးရုံကြီးများတွင် ရောဂါရှာဖွေစစ်ဆေးပေးခဲ့ရာ ယခုအခါ ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရန် ပုဂ္ဂလိကဆေးရုံနှင့် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတို့တွင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးနိုင်တော့မည်ဖြစ်သည်။

ပုဂ္ဂလိကဆေးရုံနှင့် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတို့တွင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးသွားမည့်ကိစ္စနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ပါသည်။

**မေး။ ။ ပုဂ္ဂလိကဆေးရုံနဲ့ ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းတွေမှာ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးမှာနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေမှုအခြေအနေကို သိချင်ပါတယ်။**

ဖြေ ။ ။ အစိုးရနဲ့ပုဂ္ဂလိက ကိုဗစ်-၁၉ ကာကွယ်ရေးတွေမှာ ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေပါ။ ပုဂ္ဂလိကဘက်က ဆေးရုံတွေ၊ ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းတွေကနေ Antigen (RTD) Test Kit၊ နောက်တစ်ခုက RT-PCR နည်းပညာအသုံးပြုပြီး ဓာတ်ခွဲစစ်ဆေးတဲ့နေရာမှာ ပူးပေါင်းဆောင်ရွက်မယ့်အစီအစဉ်တွေ ရှိနေပါပြီ။ ဒါနဲ့ပတ်သက်ပြီး လျှောက်ထားမယ့် ပုဂ္ဂလိက ဓာတ်ခွဲခန်းနဲ့ ဆေးရုံတွေကို ခွင့်ပြုပေးနေပါပြီ။ ခွင့်ပြုပေးနေတာနဲ့ပတ်သက်ပြီး အသစ်အသစ်တွေလည်း လျှောက်ထားနိုင်ကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးတွေ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတွေကိုလည်း ဖြန့်ဝေအသိပေးထားပြီးတော့ မြို့နယ်တွေမှာရှိတဲ့ ပုဂ္ဂလိကဓာတ်ခွဲခန်းတွေ ပုဂ္ဂလိကဆေးရုံတွေကို အသိပေးပြီး ဆောင်ရွက်ဖို့ ရှိပါတယ်။

**မေး။ ။ ပုဂ္ဂလိကဆေးရုံတွေ၊ ဓာတ်ခွဲခန်းတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးတဲ့ လုပ်ငန်းတွေ ဆောင်ရွက်မယ်ဆိုရင် ဘယ်လိုလျှောက်ထားရမလဲ။ ဘာတွေ ပြင်ဆင်ထားရမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ကိုဗစ်-၁၉ Test စစ်ဖို့ ဆောင်ရွက်လိုတဲ့ ပုဂ္ဂလိက ဆေးရုံတွေ၊ ဓာတ်ခွဲခန်းတွေက အဆိုပြု လျှောက်ထားဖို့ လိုပါတယ်။ အဲဒီအပေါ်မှာလည်း သူတို့ လုပ်ငန်းသဘာဝက ဘယ်လိုရည်ရွယ်သလဲဆိုတဲ့ အပေါ်လည်း မူတည်ပါတယ်။ ရည်ရွယ်ချက်နဲ့တကွ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနကို လျှောက်ထားရမှာပါ။ လျှောက်ထားမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ကျွမ်းကျင်သူတွေနဲ့ အဖွဲ့ဖွဲ့ပြီးတော့ Inspection Team နဲ့ ဆင်းပြီးတော့ စစ်ဆေးပါတယ်။ စစ်ဆေးပြီး Inspection Team ရဲ့ သဘောထားသတ်မှတ်ချက်တွေ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရဲ့ သဘောထားမှတ်ချက်တွေ ဒါတွေအပေါ် မူတည်ပါတယ်။ ဒါတွေနဲ့တကွ ကျွန်တော်တို့ရဲ့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံကို တင်ပြလျှောက်ထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး အရေးကြီးဆုံးက ဝန်ထမ်းအင်အားပါပဲ။ ဒီနေရာမှာတော့ ကျန်းမာရေးဝန်ထမ်းအင်အားတွေ ဒါတွေက လိုအပ်ချက်တွေ ဖြစ်လာမှာပါ။ ကြိုပြီးတော့ စနစ်တကျကြိုတင်ဖြည့်ဆည်းထားရမယ့်အချက်ပါ။ အဲဒါအပြင်ကို ကျွမ်းကျင်တဲ့ဝန်ထမ်းစာရင်းတွေ၊ တာဝန်ခံဆောင်ရွက်ပေးမယ့် ဆရာဝန်စာရင်းတွေ ဒါတွေကိုလည်း စာရင်းပြုစုပြီးတော့ တိုင်းကျန်းမာရေးဌာနနဲ့ ရုံးချုပ်ကို ကြိုတင်ပြထားဖို့အတွက်လည်း လိုအပ်ပါတယ်။ ပုဂ္ဂလိကဆေးရုံနဲ့ ရောဂါရှာဖွေတဲ့ ဓာတ်ခွဲခန်းတွေကလည်း ဒေသဆိုင်ရာအာဏာပိုင်တွေ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ့် Containment Management Plan ကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားဖို့လိုပါတယ်။

ဒီမှာ Positive ထွက်လာခဲ့ပြီဆိုရင် လူနာကို ကုသရေးစင်တာကို လွှဲပြောင်းရမယ်။ Positive နဲ့ ထိတွေ့ခဲ့တဲ့သူတွေကို စုံစမ်းရှာဖွေဖော်ထုတ်ပြီးတော့ Contain လုပ်ရမယ်။ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်မယ့် Containment Management Plan ကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားဖို့လိုပါတယ်။ နောက်ပြင်ဆင်ထားရမယ့်အချက်က ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပြီးတဲ့အခါမှာ အထောက်အထား Certificate ပေးရမှာဖြစ်ပါတယ်။ အထောက်အထား Certificate ပေးတဲ့အခါ အတုအပမဖြစ်စေရေးအတွက် Certificate format ကို ကြိုပြီးပြင်ထားဖို့လည်း လိုအပ်ပါတယ်။

**မေး။ ။ ပုဂ္ဂလိကဆေးရုံတွေ၊ ဓာတ်ခွဲခန်းတွေအနေနဲ့ ဘယ်လိုလူတွေကို စစ်ဆေးပေးမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ဆောင်ရွက်ခွင့်ပြုပြီဆိုတဲ့ ပုဂ္ဂလိကဆေးရုံ၊ ဓာတ်ခွဲခန်းတွေကတော့ PUI လို့ခေါ်တဲ့ ကိုဗစ်-၁၉ သံသယလူနာတွေ၊ ပုဂ္ဂလိကဆေးရုံတွေမှာ ကုသပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ Positive လူနာနဲ့ အနီးကပ်ထိတွေ့ခဲ့တဲ့သူတွေ၊ အဲဒီမှာရှိတဲ့ သက်ဆိုင်ရာ ဆရာဝန်ကြီးတွေက ဒီလူကတော့ စစ်ဆေးသင့်ပါတယ်လို့ အကြံပြုလာရင် ဒီလူနာတွေကို စစ်ဆေးဖို့ ဆောင်ရွက်ရမှာပါ။ အဲဒီလူနာတွေနဲ့ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်ပေးထားတဲ့ စစ်ဆေးရန် ခွင့်ပြုတဲ့သူတွေကို Antigen (RTD) Test Kit၊ နောက်တစ်ခုက RT-PCR နည်းပညာနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နှင့်အညီ စစ်ဆေးဆောင်ရွက်ပေးဖို့ လိုပါတယ်။

**မေး။ ။ ကိုဗစ်-၁၉ ရောဂါ ရှာဖွေရာမှာ အသုံးပြုမယ့် ဓာတ်ခွဲပစ္စည်းတွေကို ဘယ်လိုစံချိန်စံညွှန်းနဲ့ ခွင့်ပြုပေးသွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ WHO ကအတည်ပြုထားတဲ့ Emergency Use Listing(EUL)ပါရှိပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက တင်သွင်းခွင့်ပြုထားတဲ့ Antigen (RTD) Test Kit နဲ့ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနက အတည်ပြုချက်ရရှိပြီးတဲ့ ဓာတ်ခွဲစက်ပစ္စည်းတွေကို အသုံးပြုဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အဲဒီစက်တွေ အသုံးပြုပြီးရင်တော့ အရည်အသွေးပြည့်မီတဲ့ ဓာတ်ခွဲစနစ်ဖြစ်ရေးဆိုတာ အလွန်အရေးကြီးပါတယ်။ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနရဲ့ လမ်းညွှန်ချက်ရှိပါတယ်။ ဒီလမ်းညွှန်ချက်အတိုင်းတော့ ဓာတ်ခွဲဆောင်ရွက်နေတဲ့ ဆေးရုံတွေ၊ ဓာတ်ခွဲခန်းတွေက တိတိကျကျလိုက်နာဖို့ လိုအပ်ပါတယ်။

ဒီနေရာမှာ ပြောချင်တာက ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ရင် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းတွေက အလွန်အရေးကြီးပါတယ်။ ဒီလုပ်ငန်းတွေအတွက် သတင်းမှတ်တမ်းအချက်အလက် မှန်ကန်စွာရရှိရေးက အရေးကြီးပါတယ်။ အဲဒါအပြင် ဒီသတင်းအချက်အလက်တွေကို အချိန်နဲ့ တစ်ပြေးညီရရှိရေးကလည်း အရေးကြီးပါတယ်။ အရေးကြီးတဲ့အတွက် ဓာတ်ခွဲဆောင်ရွက်နေတဲ့ ပုဂ္ဂလိကကဏ္ဍပိုင်းကလည်း ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက သတ်မှတ်ထားတဲ့ပုံစံတွေနဲ့ အချိန်နဲ့ တစ်ပြေးညီ သတင်းပေးပို့ဖို့လည်း လိုအပ်ပါတယ်။

**မေး ။ ။ ဆေးရုံ၊ ဓာတ်ခွဲခန်းတွေကနေထွက်တဲ့ စွန့်ပစ်ပစ္စည်းတွေကနေ ကူးစက်မှုမရှိအောင် စနစ်တကျစွန့်ပစ်ဖို့ ဘယ်လိုညွှန်ကြားထားပါသလဲ။**

ဖြေ ။ ။ ဒီနေရာမှာကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ ဆေးရုံတွေပဲဖြစ်ဖြစ်၊ ဓာတ်ခွဲခန်းတွေပဲဖြစ်ဖြစ် ဒီနေရာတွေကထွက်တဲ့ ပစ္စည်းအများစုက ကူးစက်မှုများပါတယ်။ စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်ဖို့အတွက်လည်း စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးအဖွဲ့နဲ့ စနစ်တကျ ချိတ်ဆက်ဆောင်ရွက်သွားဖို့လိုပါတယ်။



ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်

**မေး ။ ။ တချို့ ပုဂ္ဂလိက ဆေးရုံတွေအနေနဲ့ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း ပြည့်စုံစွာဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့အခါမှာ အချင်းချင်း ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ခွင့်ပြုသွားဖို့ရှိပါသလား။**

ဖြေ ။ ။ ဒါနဲ့ပတ်သက်ပြီး ပုဂ္ဂလိကဆေးရုံတွေ၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွေ အချင်းချင်း ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်ရှိတယ်ဆိုရင် ဒီဟာကို သေသေချာချာ ဖော်ပြဖို့လိုပါတယ်။ အကယ်၍ ပြောင်းလဲမှုရှိတယ်ဆိုခဲ့ရင်လည်း တိုင်းကျန်းမာရေးဌာနကို အကြောင်းကြားရပါမယ်။ စနစ်တကျ ဆောင်ရွက်မယ်ဆိုရင် တိုင်းကျန်းမာရေးဦးစီးဌာနအနေနဲ့ အတည်ပြုပေးဖို့လည်းရှိပါတယ်။ တစ်နေရာက ဓာတ်ခွဲခန်းတစ်ခုက PCR စစ်မယ်။ နောက်ဟိုဘက်ဆေးရုံတစ်ခုက PCR စစ်ဖို့အတွက် ခွင့်ပြုချက်မရှိဘူး။ဒီဘက်ဓာတ်ခွဲခန်းကို ပို့ပြီးစစ်ရမယ်ဆို ဒီဓာတ်ခွဲခန်းနဲ့ချိတ်ဆက်ပြီး ဆောင်ရွက်ပါမယ်ဆိုတဲ့စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်မယ်ဆို ကျွန်တော်တို့က စိစစ်ပြီးတော့ အတည်ပြုချက်ပေးထားမှာပါ။ အခုဆိုရင် ရန်ကုန်မှာဆောင်ရွက်မယ့် ပုဂ္ဂလိကဆေးရုံနဲ့ ဓာတ်ခွဲခန်းဆိုရင် ဒီလိုမျိုးစာချုပ် ချုပ်ဆိုဆောင်ရွက်ခွင့်ပြုတာကို စာနဲ့လည်းထုတ်ပြီး အကြောင်းကြားပြီးဖြစ်ပါတယ်။

**မေး ။ ။ ပုဂ္ဂလိဆေးရုံနဲ့ ဓာတ်ခွဲခန်းတွေက ဆောင်ရွက်မယ့် ဓာတ်ခွဲစစ်ဆေးမှုမှာ ကုန်ကျစရိတ်များလာမှာကို ပြည်သူလူထုက စိုးရိမ်ပူပန်မှုတွေ ရှိနေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်သွားမလဲ။**

ဖြေ ။ ။ အဓိက ပြည်သူလူထုပါပဲ။ ပြည်သူလူထုအနေနဲ့ကတော့ ဓာတ်ခွဲစစ်ဆေးမယ့် ကုန်ကျစရိတ်တွေ ပြည်သူ့ကျန်းမာရေးဌာနက ဆောင်ရွက်နေရတာကတော့ Test ဖိုးလောက်နဲ့ ဆောင်ရွက်ပေးနေတာပါ။ ပြည်သူလူထုကို စောင့်ရှောက်ရမယ့် တာဝန်ရှိတဲ့အတွက်ကြောင့်မို့လို့ PPE တစ်စုံဆိုလည်း ဈေးကသိတဲ့အတိုင်းပဲ ဈေးနှုန်းကြီးမြင့်ပါတယ်။ အဲဒီပမာဏလေးနဲ့ စစ်ဆေးပေးတယ်ဆိုတာက ပြည်သူလူထုကို ကျန်းမာရေးဝန်ဆောင်မှုပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကပဲ လုပ်နိုင်တာပါ။ ပုဂ္ဂလိကဘက်မှာကျတော့ သူတို့ရဲ့ ဝန်ဆောင်ခတွေရော၊ အခြားကုန်ကျစရိတ်တွေရော ထည့်တွက်တော့မှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဆောင်ရွက်ပေးနေတဲ့ပမာဏနဲ့ ယှဉ်ရင်တော့ များလိမ့်မယ်လို့ မှန်းပါတယ်။ ကျွန်တော်တို့ကတော့ သူတို့ဆီကို Guide Line ပေးထားတဲ့အထဲမှာတော့ အခကြေးငွေယူတဲ့အခါမှာ ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး အလေးပေးဆောင်ရွက်ရမည်လို့ လမ်းညွှန်ချက်ပေးထားပါတယ်။ သူတို့ဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထုကို ဝန်မပိတဲ့တန်ဖိုးတော့ ဖြစ်ဖို့လိုတယ်။ လိုအပ်ရင် ညှိနှိုင်းပေးမယ်။ ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးမပိဘူးဆိုရင် ကျွန်တော်တို့အနေနဲ့ လက်မခံနိုင်စရာအကြောင်းမရှိပါဘူး။

**မေး ။ ။ ပုဂ္ဂလိကဆေးရုံ၊ ဓာတ်ခွဲခန်းတွေအနေနဲ့ ဓာတ်ခွဲစစ်ဆေးရာမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို မလိုက်နာရင် ဘယ်လိုအရေးယူသွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ဓာတ်ခွဲစစ်ဆေးခြင်းကို ဥပဒေနဲ့အညီ ခွင့်ပြုပေးခဲ့တယ်။ ဥပဒေနဲ့မညီတော့ဘူး၊ ဥပဒေအတိုင်းလည်း လိုက်နာဆောင်ရွက်ခြင်း မရှိတော့ဘူးဆိုရင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေရှိပါတယ်။ အဲဒီမှာရှိတဲ့ အခန်း (၁၃)မှာ စီမံခန့်ခွဲရေးနည်းလမ်းနဲ့လည်း အရေးယူလို့ရပါတယ်။ အခန်း(၁၅)မှာရှိတဲ့ ပြစ်မှုပြစ်ဒဏ်တွေအရ နောက်တစ်ခါ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေ အခန်း(၈)အရ ဒါတွေနဲ့ အရေးယူအပြစ်ပေးမှာ ဖြစ်ပါတယ်။ ဒီလို အရေးယူအပြစ်ပေးမှုမရှိစေရေးက အားလုံးအနေနဲ့ လိုက်နာဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။

**မေး ။ ။ ကိုဗစ်-၁၉ ရောဂါ ရှာဖွေဖို့ခွင့်ပြုထားတဲ့ ပုဂ္ဂလိက ဆေးရုံ၊ ဓာတ်ခွဲခန်း ဘယ်လောက်ရှိပါသလဲ။ လျှောက်ထားဆဲကရော ဘယ်လောက်ရှိပါသလဲ။**

ဖြေ ။ ။ ကိုဗစ်-၁၉ ကို စစ်ဆေးရာကစပြီး ကုသရေးအထိ လျှောက်ထားတာ သုံးခုရှိပါတယ်။ တစ်ခုက လှိုင်သာယာမှာရှိတဲ့ ပန်းလှိုင်ဆေးရုံ၊ အလုံမှာရှိတဲ့ အကယ်ဒမီဆေးရုံနဲ့ မြောက်ဒဂုံမှာရှိတဲ့ Dagon Medical Hospital ရှိပါတယ်။ အဲဒီသုံးခုက လျှောက်ထားလာတာရှိပါတယ်။ Dagon Medical Hospital ကတော့ ဆောက်လုပ်ဆဲပါ။ ကြိုတင်ခွင့်ပြုချက်ကတော့ ခွင့်ပြုထားပြီးပြီ။ ဆောက်လုပ်ပြီးစီးရင်တော့ သွားရောက်စစ်ဆေးပြီးတော့ ညီညွတ်တယ်ဆိုရင် ခွင့်ပြုဖို့လည်း ရှိပါတယ်။ အကယ်ဒမီဆေးရုံနဲ့ ပန်းလှိုင်ဆေးရုံတွေအနက် ပန်းလှိုင်ဆေးရုံကို ဆောင်ရွက်ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ ပန်းလှိုင်ဆေးရုံက ကုသခွင့်လည်းရပါပြီ။ နောက်တစ်ခုက Antigen (RTD) Test Kit နဲ့ စစ်ဆေးတာ RT-PCR နဲ့ စစ်ဆေးတာ ဒါတွေနဲ့ပတ်သက်ပြီး ပန်းလှိုင်ဆေးရုံက တင်ပြထားတာကတော့ Antigen (RTD)Test Kit နဲ့ စစ်ဆေးခွင့်တင်ပြထားတာရှိတယ်။ ခွင့်ပြုလိုက်ပါပြီ။ လမ်းမတော်မှာ N Health ဓာတ်ခွဲခန်းရှိတယ်။ အဲဒီမှာလည်း စစ်ဆေးတာ RT-PCR နဲ့ စစ်ဆေးခွင့်ပြုထားပြီးဖြစ်ပါတယ်။

**မေး ။ ။ ပုဂ္ဂလိက ဆေးရုံတွေ၊ ဓာတ်ခွဲခန်းတွေကို အခုလို ကိုဗစ်-၁၉ စစ်ဆေးဖို့ ခွင့်ပြုပေးရတဲ့ ရည်ရွယ်ချက်ကို သိချင်ပါတယ်။**

ဖြေ ။ ။ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းတွေမှာ ပြည်သူ့ဆေးရုံတွေ၊ ပြည်သူ့ကျန်းမာရေးဌာနတွေအနေနဲ့ ဆောင်ရွက်နေတာကို ပုဂ္ဂလိကကဏ္ဍဘက်ကလည်း ပူးပေါင်းဆောင်ရွက်လိုတယ်။ ကမ္ဘာ့ကပ်ရောဂါကြီးမှာ ပုဂ္ဂလိက ကဏ္ဍဘက်ကလည်း ကျွန်တော်တို့နဲ့အတူ ဝိုင်းပြီးတော့ ထမ်းရွက်လိုပါတယ် ဆိုပြီးတော့ သူတို့ဘက်က တင်ပြလာတာတွေလည်း ရှိပါတယ်။ တစ်ပြိုင်နက်တည်းမှာ ကျွန်တော်တို့ရဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း ပုဂ္ဂလိကကဏ္ဍဘက်က ပူးပေါင်းပါဝင်လာရေးကို ဖိတ်ခေါ်ပါတယ်။ ဖိတ်ခေါ်ပြီးတော့ ကျွန်တော်တို့နဲ့ အတူတူ တွဲလုပ်ကြဖို့ ဖြစ်လာတာပါ။ ဒီလိုမျိုးမျှပြီး ပုဂ္ဂလိကဘက်ကလည်း ထမ်းလိုက်မယ်။ အစိုးရဘက်ကလည်း ဝိုင်းထမ်းလိုက်ကြမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဝန်ပေါ့သွားမယ်။ ဒီအတွက်ကို ရည်ရွယ်ပြီးတော့ ပုဂ္ဂလိကဘက်က ပါလာရေးကို ကြိုးစားဆောင်ရွက်တာပါ။ ပုဂ္ဂလိက ကဏ္ဍဘက်ကလည်း ဒီလိုကမ္ဘာ့ကပ်ရောဂါကြီးမှာ အမြတ်အစွန်းကို အဓိကမထားဘဲ ပြည်သူလူထုတွေရဲ့ ကိုဗစ်-၁၉ ဝန်ထုပ်ဝန်ပိုးကြီးကို မျှထမ်းစေချင်တဲ့ ရည်ရွယ်ချက်ပါ။

*စာမျက်နှာ ၂၄ သို့*

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် အသုံးပြုရန် ဒီဇယ်ဆီ(ရိုးရိုး)နှင့် ဒီဇယ်ဆီ(ပရီမီယမ်)များအား (မြန်မာကျပ်ငွေ) (DDP At Site) ဖြင့် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No.46/ EPGE/2020-2021 | လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် အသုံးပြုရန် ဒီဇယ်ဆီ(ရိုးရိုး) (၁၅၀၀၀)ဂါလန်နှင့် ဒီဇယ်ဆီ(ပရီမီယမ်) (၃၂၀၀)ဂါလန် ဝယ်ယူခြင်း |

၂။ ဝယ်ယူမည့်စက်သုံးဆီများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ( Technical Proposal)နှင့်ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အားသီးခြား စီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၀:၀၀)နာရီနောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်** - ၅-၁-၂၀၂၁ရက်၊ (၁၄:၀၀)နာရီ

၄။ တင်ဒါပုံစံအား(၂၁-၁၂-၂၀၂၀)ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ်(www.moee.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
(ဖုန်း-၀၆၇-၈၁၀၄၂၇၈၊၀၆၇-၈၁၀၄၂၇၉)

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## နေပြည်တော်ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ၏ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း(၁၃)ခု/ Lot(12)ခုအား ဆောင်ရွက်ရန်အတွက် လုပ်ငန်းတစ်ရပ်လုံးတင်ဒါခေါ်ယူသွားမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားကုမ္ပဏီများအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** | - | ၂၁-၁၂-၂၀၂၀ရက် |
| (ခ) | **တင်ဒါပုံစံပိတ်မည့် ရက်/အချိန်** | - | ၂၀-၁-၂၀၂၁ရက် (၁၆:၀၀)နာရီ |
| (ဂ) | **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** | - | ၂၁-၁-၂၀၂၁ရက် (၁၀:၀၀)နာရီ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - | ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ |
| (င) | **တင်ဒါပုံစံ ရောင်းချမည့်/ တင်ဒါပေးသွင်းရမည့်နေရာ** | - | နေပြည်တော် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ နေပြည်တော်ကောင်စီရုံးဝင်း |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအားသိရှိလိုပါက နေပြည်တော်ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း- ၀၆၇-၅၅၀၄၃၆ သို့ ရုံးချိန်အတွင်း တိုက်ရိုက်ဆက်သွယ်၍ မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါပယ်ဖျက်ခြင်းနှင့်ခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ် (၄)ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)မှ ယူရီးယားဓာတ်မြေ ဩဇာတန် ၂၀၀၀ (တန်နှစ်ထောင်တိတိ)အား ရောင်းချရန် ၂၄-၁၂-၂၀၂၀ရက်တွင် တင်ဒါခေါ်ယူထားရာ ၎င်းတင်ဒါကို ပယ်ဖျက်ပါ ကြောင်းနှင့် အမှတ် (၅)ဓာတ်မြေဩဇာစက်ရုံ(ကန်ကြီးထောင့်)မှ ယူရီးယားဓာတ်မြေဩဇာ ၂၆၄၅ဒသမ၁၅တန် (တန်နှစ်ထောင့် ခြောက်ရာ လေးဆယ့်ငါး ဒသမတစ်ငါးတိတိ)အား အောက်ပါအတိုင်းရောင်းချမည်ဖြစ်ရာ တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် အချိန်နှင့်နေရာ** - ၁၉-၁-၂၀၂၁ရက်၊ ၁၂:၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ် ၄၄၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၉-၁-၂၀၂၁ရက်၊ ၁၄:၀၀နာရီ

၄။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား တစ်လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ဓာတ်ဆီနှင့် ဒီဇယ်ဆီများရောင်းချရန် ကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထုတ်လုပ်သည့် ဓာတ်ဆီနှင့် ဒီဇယ်ဆီများကို ပြောင်းလဲသတ်မှတ်သည့် ရောင်းဈေးနှုန်းဖြစ်သည့် ဓာတ်ဆီတစ်ဂါလန်လျှင်ကျပ် ၂၂၅၀(ကျပ်နှစ်ထောင့်နှစ်ရာ့ငါးဆယ်တိတိ)နှုန်းဖြင့် ဂါလန် (၁ဒသမ၀)သန်း (ဂါလန်တစ်သန်း)အား Bowser/ရေယာဉ်/ဆီတွဲဖြင့်လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလန်လျှင် ကျပ် ၂၄၀၀ (ကျပ်နှစ်ထောင့်လေးရာတိတိ)နှုန်းဖြင့် ဂါလန် ၁ဒသမ၅ သန်း (ဂါလန်တစ်ဒသမငါးသန်း)အား ရေယာဉ်/ဆီတွဲဖြင့်လည်းကောင်း စက်သုံးဆီအရောင်းဆိုင်များ၊ စက်သုံးဆီ တင်သွင်း/ရောင်းချဖြန့်ဖြူးကုမ္ပဏီများ၊ ရေယာဉ်လုပ်ငန်းရှင်များ၊ လမ်းတံတားလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ စက်ရုံအလုပ်ရုံများ၊ သတ္တုတွင်းလုပ်ငန်း၊ စက်သုံးဆီအသုံးပြု၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းရှင်များသို့ ၁၉-၁၂-၂၀၂၀ရက်မှ ၂၀-၁၂-၂၀၂၀ရက်အထိ လျှောက်လွှာလက်ခံပြီး လွတ်လပ်စွာရောင်းချပေးမည်ဖြစ်ပါ၍ မည်သူမဆို ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)သို့ တိုက်ရိုက် လိပ်မူလျှောက်ထားဝယ်ယူနိုင်ပါသည်။

၂။ လျှောက်လွှာအား E-mail (ref3manngm@gmail.com)သို့လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ သင့်ရာနည်းဖြင့် စက်ရုံသို့တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့်ပုံစံနှင့် စည်းကမ်းချက်အသေးစိတ်တို့အား သိရှိလိုပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန Website (www. moee.gov.mm)သို့ ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာနသို့ ဖုန်း-၀၆၇-၃၄၁၁၀၈၂ နှင့် ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) ဖုန်း-၀၉-၄၀၁၅၂၂၆၅၀၊ ၀၉-၄၀၁၅၅၄၈၀၄တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ
## မူဆယ်မြို့၊ မြို့တော်ခန်းမ အဆောက်အအုံအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် အဆိုပြုလွှာ Expression Of Interest (EOI)ခေါ်ယူခြင်း

၁။ မူဆယ်မြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် မြေဧရိယာ ၀ဒသမ ၃၀၁ ဧကပေါ်ရှိ မူဆယ်မြို့၊ မြို့တော်ခန်းမအား အဆင့်မြှင့်တင်တည်ဆောက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ ၁၀၀ % ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေး မြို့တော်ခန်းမအဆောက်အအုံ အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေးလုပ်ငန်းအတွက် တည်ဆောက်လိုသည့်ပုံစံများကို တင်ပြရန် စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI) အား ခေါ်ယူအပ်ပါသည်။

၂။ မူဆယ်မြို့ မြို့တော်ခန်းမအဆင့်မြှင့်တင်တည်ဆောက်နိုင်ရေးဆောင်ရွက်ရန် စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီ/လုပ်ငန်းရှင်/ အဖွဲ့အစည်းတို့သည် အဆင့်မြှင့်တင်တည်ဆောက်လိုသည့် အဆောက်အအုံ၏ အဆိုပြုမည့်ဒီဇိုင်းပုံစံများအား (Civil Drawing, Archi Drawing) အစရှိသည်တို့အား အသေးစိတ်စီမံချက်နှင့်အတူ အဆိုပြုတင်သွင်းသည့် ကုမ္ပဏီတို့၏ တာဝန်ရှိသူတို့မှ Power Point ဖြင့်ရှင်းလင်းတင်ပြနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှု အဆိုပြုလွှာများအား စိစစ်ရွေးချယ်မည့် သက်ဆိုင်ရာဌာနအသီးသီးတို့ ပါဝင်သော စိစစ်ရွေးချယ်ရေးကော်မတီအား မိမိတင်သွင်းသည့် အဆင့်မြှင့်တင်တည်ဆောက်မည့် ဒီဇိုင်းပုံစံများနှင့် ပတ်သက်၍ သတ်မှတ်ရက်အတွင်း ရှင်းလင်းတင်ပြနိုင်ရမည်။

၃။ စိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်ခြင်းခံရသော စိတ်ဝင်စားမှု အဆိုပြုလွှာများကိုသာ လုပ်ငန်းအား အပ်နှံဆောင်ရွက်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ စိတ်ဝင်စားမှု အဆိုပြုလွှာများကို ၂၁-၁-၂၀၂၁ ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ(လားရှိုး)၊ လားရှိုးမြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ တင်သွင်းရမည်။ စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းနိုင်ရေးအတွက် အဆိုပြုလွှာပုံစံနှင့် အဆင့်မြှင့်တည်ဆောက်မည့် အဆောက်အအုံများနှင့် ပတ်သက်သည့် သက်ဆိုင်ရာဌာန၏ လိုလားချက်၊ ဒေသနှင့်ကိုက်ညီသည့် လိုလားချက် အစရှိသည့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေး ဌာနခွဲ (လားရှိုး)နှင့် မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနတို့တွင် ရုံးချိန်များအတွင်းရယူနိုင်ပါသည်။

| | | |
|---|---|---|
| ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲ(လားရှိုး) | - | ၀၈၂-၂၂၀၂၇၁၇၊ ၀၈၂-၂၂၀၂၆၈၁ |
| မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာန | - | ၀၈၂-၅၀၅၀၉၊ ၀၈၂-၅၀၇၄၄ ၀၉-၅၂၃၀၄၂၄ |

**ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)နှင့် တွဲဖက်ဌာနများ၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ ရန်ကင်းပညာရေးဒီဂရီကောလိပ်တို့တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

(1) Non Control Item
(2) Machinery & Equipment (Submersible Pump, Camera, Air-con, Projector etc...)
(3) Office Equipment (Computer and accessories, Copier, Printer etc...)
(4) Furniture (Table, Chair, Almirah, Cabinet etc...)

| | | | |
|---|---|---|---|
| ၂။ | **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်ရက်** | - | ၂၁ - ၁၂ - ၂၀၂၀ |
| ၃။ | **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်ရက်/အချိန်** | - | ၂၀ - ၁ - ၂၀၂၁ ၊ ( ၁၆ : ၃၀)နာရီ |
| ၄။ | **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာ** | - | အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)၊ သက်ဆိုင်ရာ တက္ကသိုလ်များနှင့် ဒီဂရီကောလိပ် |

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်) | - | 01-534718 |
| ရန်ကုန်တက္ကသိုလ် | - | 01-503443, 01-534505, 09-450041490 |
| ရန်ကုန်စီးပွားရေးတက္ကသိုလ် | - | 09-786697426 |
| ရန်ကုန်ပညာရေးတက္ကသိုလ် | - | 09-5038925 |
| ရန်ကုန်အဝေးသင်တက္ကသိုလ် | - | 01-534568, 01-2304293 |
| ဒဂုံတက္ကသိုလ် | - | 09-5141990, 09-790701183 |
| ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် | - | 09-421112590, 09-420099002 |
| ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | - | 09-43174063 |
| အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် | - | 01-291910, 09-250208296, 09-250187082 |
| ရန်ကင်းပညာရေးဒီဂရီကောလိပ် | - | 09-5176871, 09-251027836 |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ် (မန်ဆူတိုးချဲ့-၆)၊ ဦးပိုင်အမှတ် (၃၇၈)၊ ဧရိယာ ၀ဒသမ၀၉၆ဧက အမှုတွဲအမှတ် ၁၄၇-၅/၂၀၀၁-၂၀၀၂ (စီ)၊ ဦးစိန်မောင် ၁၃/တယန(နိုင်)၀၂၁၂၅၇ အမည်ပေါက် မြေကွက်အား ၎င်း၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်အိမ်မွန် ၁၃/လရန(နိုင်)၁၄၈၇၁၆မှ ဦးအောင်ကျော်ဌေး ၈/ မထန(နိုင်)၀၈၉၄၂၅သို့ စာချုပ်အမှတ် ၃၄၅၊/၂၀၂၀ဖြင့် ရောင်းချပြီးဖြစ်၍ ဦးအောင်ကျော်ဌေးအမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း(၂၀)အတွင်း အထောက်အထားစုံလင်စွာဖြင့် လာရောက် ကန့် ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | Non Control Items | (ဂ) | ရုံးသုံးစက်ကိရိယာ |
| (ခ) | Machinery & Equipment | (ဃ) | ရုံးသုံးပရိဘောဂ |

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၂၁-၁၂-၂၀၂၀ရက်မှ ၅-၁-၂၀၂၁ ရက်အထိ ရုံးချိန်အတွင်း ရန်ကုန်နည်းပညာတက္ကသိုလ် ငွေစာရင်းဌာနတွင် ရောင်းချပေးသွားမည်ဖြစ်ပြီး ၁၁-၁-၂၀၂၁ရက် ညနေ ၄:၃၀နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ကြိုတင် အကြောင်းကြားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၏ ဖုန်း- ၀၁-၆၄၂၅၅၉နှင့် ၀၁-၉၆၆၃၂၆၉ တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရန်ကုန်နည်းပညာတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
## လျှောက်လွှာ ခေါ်ယူခြင်းနှင့် စာမေးပွဲဖြေဆိုရန် ပြင်ဆင်သတ်မှတ်ခြင်းအား အသိပေးကြော်ငြာခြင်း
## ကြော်ငြာစာအမှတ်- ၂/၂၀၂၀
## ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း(၇)ရက်
## ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ(၂၀)ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တောအုပ်ကြီး(၁၆)နေရာအတွက် လျှောက်လွှာများတင်သွင်းနိုင်ရန် အောက်ပါသတ်မှတ်ချက်ကိုက်ညီသူများမှ ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ သတ်မှတ်ထားသည့် အထောက်အထားများပူးတွဲ၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့(သို့မဟုတ်) ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်(ရုံးခွဲ)သို့ ၂၁-၁၂-၂၀၂၀ ရက်နောက်ဆုံးထား၍ရုံးချိန်အတွင်း ပေးပို့လျှောက်ထားနိုင်ပါကြောင်းနှင့် ရေးဖြေ(မြန်မာစာ၊ အင်္ဂလိပ်စာ၊အထွေထွေဗဟုသုတ)စာမေးပွဲများကို ၇-၁-၂၀၂၁ရက်မှ ၈-၁-၂၀၂၁ရက်အထိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ရုံး၊ စန္ဒကူးခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ www. dryzonegreening.gov.mm Website တွင် ကြော်ငြာထည့်သွင်းဖော်ပြထားပြီးဖြစ်ပါသည်-

လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သိပ္ပံ(သစ်တော)ဘွဲ့ ရရှိပြီးသူ ဖြစ်ရမည်။
(ဂ) ၃၁-၁၂-၂၀၂၀ရက်တွင် အသက်(၃၀)၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(င) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ သို့ရာတွင် အထက်ဖော်ပြပါ လျှောက်လွှာပိတ်ရက်အား လုပ်ငန်းလိုအပ်ချက်အရ(၂၁-၁၂-၂၀၂၀)ရက်အစား (၅-၁-၂၀၂၁) ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ပေးပို့လျှောက်ထားနိုင်ပါကြောင်းနှင့် ရေးဖြေစာမေးပွဲကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စန္ဒကူးခန်းမတွင် အောက်ဖော်ပြပါနေ့ရက်များ၌ ပြောင်းလဲကျင်းပပြုလုပ်မည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ဘာသာရပ် | ဖြေဆိုမည့်ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | ၁၄-၁-၂၀၂၁ရက်(ကြာသပတေးနေ့) | ၉ နာရီမှ ၁၁ နာရီ |
| (ခ) | အင်္ဂလိပ်စာ | ၁၄-၁-၂၀၂၁ရက်(ကြာသပတေးနေ့) | ၁၃:၀၀ နာရီမှ ၁၅:၀၀နာရီ |
| (ဂ) | အထွေထွေဗဟုသုတ | ၁၅-၁-၂၀၂၁ရက်(သောကြာနေ့) | ၉ နာရီမှ ၁၁ နာရီ |

၃။ စာမေးပွဲဖြေဆိုရန်အတွက် လျှောက်ထားသူတစ်ဦးချင်းစီ၏ စာမေးပွဲခုံနံပါတ်များကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ www.dryzonegreening.gov.mm Websiteတွင် ကြော်ငြာပေးထားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအားလူတွေ့ဖြေဆိုရမည့်ရက်စွဲ၊ အချိန်၊ နေရာတို့ကို ဆက်လက်ထုတ်ပြန်ကြေညာပေးမည် ဖြစ်ပါသည်။

၄။ စာမေးပွဲဖြေဆိုရန် လျှောက်ထားသူများသည် စာမေးပွဲဖြေဆိုမည့် ၂၀၂၁ခုနှစ်၊ ဇန်နဝါရီ () ရက်၊ နံနက်၈နာရီအရောက် ဖြေဆိုရန် နေရာသို့ နိုင်ငံသား စိစစ်ရေးကတ်ပြား မူရင်းနှင့်အတူ လာရောက်သတင်းပေးပို့ရန်နှင့် စတင်စစ်ဆေးမည့် သတ်မှတ်အချိန်ထက် နောက်ကျ၍ စာမေးပွဲခန်းမအတွင်းသို့ ရောက်ရှိလာသော ပုဂ္ဂိုလ်များအား စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၅။ စည်းကမ်းနှင့် မကိုက်ညီသော(သို့မဟုတ်)မပြည့်စုံသော (သို့မဟုတ်)သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း၊ မိမိစရိတ်ဖြင့် လာရောက်ကြရပါမည်။

၇။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုပါက အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဖုန်း- ၀၂-၅၇၀၃၈နှင့် ၀၂-၅၇၉၈၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာများကို www.dryzonegreening.gov.mm Website တွင် download ရယူနိုင်ပါသည်။

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

## သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းနွဲ့
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်သန်းနွဲ့ (အငြိမ်းစားကျောင်းအုပ်ဆရာမကြီး) ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးကြည်ဝင်းနှင့် ဇနီး ဒေါ်မြမြချို
သမီး ထူးထူး(ခ)နွဲ့သဉ္ဇာဦး
အမေရိကန်ပြည်ထောင်စု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်မေမေတင်(အထက-ငြိမ်း)
## (အထက-၂)ကမာရွတ်၊ ရန်ကုန်၊ (အထက-၁)စစ်ကိုင်း၊ မတ္တရာ
## အသက်(၉၁)နှစ်

စစ်ကိုင်းမြို့၊ နန္ဒဝန်ကွက်သစ်ရပ်နေ (ဦးဘိုးအို-ဒေါ်ခင်ကြွယ်)တို့၏သမီး၊ (ဦးမောင်မောင်)၊ (ဦးခင်မောင်လေး)၊ (ဦးခင်မောင်အေး)တို့၏ ညီမ၊ (ဒေါ်တင်မမ)၏ အစ်မ၊ (ဦးချစ်ဆောင်) (တရားရုံးချုပ်)၏ဇနီး၊ ပုသိမ်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၅၁)နေ ဒေါက်တာ တင်မောင်ချစ်-ဒေါ်ခင်လေးချို တို့၏မိခင်၊ ဒေါက်တာ ခင်မမတင်၊ မောင်အောင်ကိုကိုတင်တို့၏အဘွား သည် ၁၈-၁၂-၂၀၂၀ရက် (သောကြာနေ့) ညနေ ၅:၃၀နာရီတွင် ပုသိမ်မြို့နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၁၂-၂၀၂၀ ရက်(တနင်္ဂနွေနေ့) တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းနွဲ့
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နဝဒေးလမ်းသွယ်၊ အမှတ် (၁၈)နေ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး)၏ ချစ်လှစွာသော ဇနီး ဒေါ်ခင်သန်းနွဲ့(အမေနွဲ့) သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးချုပ်မောင်မြင့်(ငြိမ်း)၊ ဒေါက်တာဒေါ်ခင်မြဝင်း

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းနွဲ့
## အသက်(၈၄)နှစ်

ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ (မမနွဲ့) သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါသည်။

ဗိုလ်မှူးကြီးတင့်လွင်(ငြိမ်း)-ဒေါ်မြင့်စန်းရီ

## ပဲခူးတိုင်းဒေသကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
## အများသုံးအိမ်သာ၊ ရေချိုးခန်းနှင့် ဈေးဆိုင်ခန်းတည်ဆောက်ခြင်းအား BOT စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး ရင်းနှီးမြှုပ်နှံသူ Developer ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပေါင်းတည်မြို့၊ ဈေး(၁)ရပ်ကွက်၊ (၆)လမ်းရှိ အဖွဲ့ပိုင်အိမ်သာအား အဆင့်မြှင့် အများသုံးအိမ်သာ(၆)ခန်း၊ ရေချိုးခန်း(၄)ခန်း၊ ဈေးဆိုင်ခန်း(၃)ခန်းတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများအား (BOT)စနစ်ဖြင့် Developer ခေါ်ယူတည်ဆောက်စေမည်ဖြစ်၍ စိတ်ဝင်စားသူများရှိပါက ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လျှောက်ထားနိုင်ကြောင်း ခေါ်ယူကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | အဆိုပြုလွှာလျှောက်လွှာရောင်းချမည့်ရက် | - ၁၅-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီ |
| (ခ) | အဆိုပြုလွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် | - ၁၄-၁-၂၀၂၁ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ |
| (ဂ) | အဆိုပြုလွှာဖွင့်လှစ်မည့်ရက်/နေရာ | - ၁၅-၁-၂၀၂၁ရက် (သောကြာနေ့) နံနက် ၁၀နာရီ မြို့နယ်စည်ပင်သာယာရေး ကော်မတီအစည်းအဝေးခန်း၊ပေါင်းတည်မြို့ |

၂။ B.O.T စနစ်ဖြင့် အများသုံးအိမ်သာ၊ ရေချိုးခန်းနှင့် ဈေးဆိုင်ခန်း တည်ဆောက်ရန် Developer ခေါ်ယူခြင်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၅၃-၃၈၀၅၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပေါင်းတည်မြို့**

## စာချုပ်ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရွှေပုန်းညက်ရိပ်မွန်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၇၃)၊ မြေကွက်အမှတ်(၆)၊ ( အလျား၃၄ပေx အနံ၇၀ပေ)မြေနှင့် အဆောက်အအုံမှ ဒေါ်ထိုက်ရှီး ၁၃/လရန(နိုင်) ၀၉၃၄၇၁ အမည်ပေါက်လျက်ရှိပါသည်။

(၂၀-၁၂-၂၀၀၅)ရက်တွင် ဒေါ်ထိုက်ရှီးသည် ကျွန်ုပ်၏အမှုသည်ဖြစ်သူ မောင်လျှန်မိုးကျော် (အရွယ်မရောက်သေးသူ)၏ သဘာဝအုပ်ထိန်းသူ ဒေါ်ရင်ရင် ၁၃/သကန(နိုင်) ၀၀၃၁၄၄က အဆိုပါမြေကွက်နှင့် အဆောက်အအုံကို ရောင်းချခဲ့ပါသည်။ စာချုပ်ကတိပဋိညာဉ်အတိုင်း တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် ဒေါ်ထိုက်ရှီးမှ ၁၄ရက်အတွင်း ကျွန်ုပ်အားလာရောက်ဆက်သွယ်ရန် တောင်းဆိုပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်သူဇာအောင်(LL.B,DIL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၅၀)
တိုက်အမှတ်(B-3)၊ အခန်း(၃၀၆)၊ နှင်းဆီလမ်း၊ (၈)ရပ်ကွက်၊
ရန်ကင်းမြို့နယ်
ဖုန်း-၀၉-၉၇၂၁၁၁၃၃၆

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်ကျော်စိုး(ခ)ဘိုဘို
## ကြို့ပင်ကောက်မြို့
## အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၆လမ်းသွယ်(ရှော်ဖီလုံးချင်းအိမ်ရာ)၊ အမှတ်(၃)နေ (ဦးတင်ဝင်း)-ဒေါ်မြင့်မြင့်ရီတို့၏သား၊ ဦးသန်းဦး-ဒေါ်စန်းစန်းတင့်(UK)၊ ဒေါက်တာဟန်လင်း-ဒေါ်တင်ဒွေးနိုင်၊ ဒေါက်တာဇော်မင်း-ဒေါ်ဝါဝါအေးခင်တို့၏ညီ/မောင်၊ ဗိုလ်မှူးနေမျိုးဦး-ဒေါ်ခင်သီတာ၊ ဒေါ်သက်စုလှိုင်၊ ဦးဇာလီဝင်းစော-ဒေါ်ခင်နှင်းဖြူ၊ ဒေါ်တင်ထားဝင်း၊ ဦးထူးရာဇာဝင်းစော၊ ဒေါ်တင်နှင်းသူရ(UK) တို့၏အစ်ကို၊ တူ၊ တူမ ၁၀ ယောက်တို့၏ဦးလေးသည် ၁၉-၁၂-၂၀၂၀ရက် နံနက် ၁၁:၅၇ နာရီတွင် စင်ကာပူနိုင်ငံ Changi General Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၂၀ရက် ညနေတွင် Mandai Chematonium Singapore ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## လားရှိုးမြို့နယ်တရားရုံးတော်၌
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၇

| | | |
|---|---|---|
| ဒေါ်ရင်လီ | နှင့် | ဗိုလ်ကြီးရဲဟိန်း(ငြိမ်း) |
| **တရားလို** | | **တရားပြိုင်** |

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ နယ်မြေ(၈)နေ တရားပြိုင် ဗိုလ်ကြီးရဲဟိန်း (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ရင်လီက ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်ရရှေ့နေနှင့် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၈ရက် (၁၃၈၂ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူက တရားလို၏ အဆိုလွှာအား ထုချေရှင်းလင်းရန် လားရှိုးမြို့နယ်တရားရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးသို့သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဒီဇင်ဘာ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန္ဒာလွင်)
တွဲဖက်မြို့နယ်တရားသူကြီး
လားရှိုးမြို့နယ်တရားရုံး

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၃)နေ ဦးအိုက်ထွန်း၏သမီး မနန်းခမ်းလောင် ၁၃/လရန(နိုင်) ၀၁၃၅၇၂၏ လွှဲအပ်ညွှန်ကြားချက်အရ အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၃)နေ ဦးအိုက်ထွန်း၏သမီး မနန်းခမ်းလောင် ၁၃/လရန(နိုင်)၀၁၃၅၇၂က လားရှိုးမြို့၊ ရပ်ကွက်(၂)၊ နယ်မြေ(၃)နေ မအေးရီ (ဘ)ဦးလှဦး ၁၃/လရန(နိုင်) ၀၈၅၃၀၅သို့ လားရှိုးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၆-၅-၂၀၁၆)ရက်က လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၄VI/၂၀၁၆) ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **မနန်းခမ်းလောင် ၁၃/လရန(နိုင်)၀၁၃၅၇၂** | **ဒေါ်ဒွေးဒွေးမြင့်(B.A,Law, LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၇၀/၈၃)** |
| | **အမှတ်(၁၅)၊ ရတနာလမ်း၊ ရပ်ကွက်(၁)၊** |
| | **နယ်မြေ(၄)၊ လားရှိုးမြို့** |
| | **ဖုန်း-၀၉-၄၂၁၁၄၁၅၆၉၊** |
| | **၀၉-၂၅၉၀၄၁၄၅၈၄** |

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊နယ်မြေ(၄)၊ အကွက်အမှတ်(၁၁/ဇဗျူဟာလမ်းရပ်)၊ ဦးပိုင်(၂၄၇)၊ ဧရိယာ(၀.၁၁၃၄)ကေရှိ မြေဂရန် အမှုတွဲအမှတ် ၀၅၅-၅/၂၀၁၀-၂၀၁၁(A)ဖြင့် ဦးဝင်းမြင့် အမည်ပေါက်မြေဖြစ်ပြီး ၎င်းသည် (၁-၁၀-၂၀၁၆)ရက်တွင် ကွယ်လွန် သွားပြီဖြစ်၍ ဇနီးဖြစ်သူ ဒေါ်ခင်ရွှေ ၁၃/လရန(နိုင်) ၀၉၃၉၅၅မှ (၁၀-၁၀-၂၀၂၀)ရက် ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၄၉၄ IV/၂၀၂၀)ဖြင့် လွှဲပြောင်းအမွေဆက်ခံပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၃)၊ အကွက်အမှတ် (မန်အိုင်အရှေ့တိုးချဲ့)၊ ဦးပိုင်(၁၈၀)၊ ဧရိယာ(၀.၁၁၈၂)ကေရှိ မြေကွက်အား ဗိုလ်ကြီးခင်မောင်လတ် အမည်ဖြင့် မြေပေးမိန့်ရရှိထားပြီး အခွန်ပေးဆောင်၍ ဦးဂို(လ်)ပါးဘာဒူး(ခ)ကျော်ဇေယျာထွန်း ၉/မကန(နိုင်) ၁၂၂၄၀၁မှ မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်၍ကန့်ကွက်လိုပါက ရက်ပေါင်း၃၀အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းနွဲ့
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၁၈)နေ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး)၏ ဇနီး ဒေါ်ခင်သန်းနွဲ့(အမေနွဲ့) သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးငြိမ်း-အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဒေါ်အုန်းကြင်
OK ဆန်စက်နှင့် ဆန်ရောင်းဝယ်ရေး မိသားစု
ဘုရင့်နောင်

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းနွဲ့
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်သန်းနွဲ့(အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး) ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးသောင်းညွန့်-ဇနီး ဒေါ်နီနီ
မိသားစု
အစိုးရအဖွဲ့ရုံးဝန်ကြီး(ငြိမ်း)

## ၁၀-၁၂-၂၀၂၀ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)ပါ ဒေါ်ခင်မြမူ(ဘ-ဦးသန်းမြင့်)(CF-၀၃၇၉၀၅)၊ တရားလွှတ်တော်ရှေ့နေ ဦးဇာနည်(စဉ်-၁၄၆၆၈)တို့၏ အများသိစေရန် ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ တိုက်ကျောင်းလမ်း ခြံဝင်းကြီးအား သာယာဝတီခရိုင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၃၀-၅-၂၀၁၉ရက်စွဲပါ စာအမှတ်(၆၃၉/မအ-၁)နှင့်မြို့နယ်ရုံး၏ ၁၃-၆-၂၀၁၉ရက်စွဲပါ စာအမှတ် ၃၅၉/ပအ-၅(မြို့မြေ)ဖြင့် ဦးအောင်ဇင်ဦး-ဒေါ်သန်းသန်းလှိုင်တို့ အမည်ပေါက်အဖြစ် ပြောင်းလဲမှတ်သားပြီး မြေစာရင်းပုံစံ-၁၀၅၊ ၁၀၆ မြေပုံ၊ မြေရာဇဝင်များ ရရှိထားပြီးဖြစ်ကြောင်းကို (၁၈-၁၂-၂၀၂၀)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ဦးအောင်ဇင်ဦး၏အများသိစေရန်ကြေညာခြင်းတွင် တွေ့မြင်ခဲ့ရသဖြင့် ဒေါ်ခင်မြမူ(ဘ)ဦးသန်းမြင့် (CF-၀၃၇၉၀၅)၊ (၎င်း၏လွှဲအပ်ညွှန်ကြားချက်ရသူ)တရားလွှတ်တော်ရှေ့နေ ဦးဇာနည်(စဉ်-၁၄၆၆၈)တို့၏ (၁၀-၁၂-၂၀၂၀)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)ပါ အများသိစေရန် ကြေညာခြင်းအား ကျွန်ုပ်တို့မှ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာဆက်လက်ဆောင်ရွက်ရန် အကြောင်းမရှိတော့ပါကြောင်း၊ တရားရုံးအဆင့်ဆင့်က အတည်ဖြစ်နေသည့် အမိန့်၊ ဒီကရီများနှင့် ပတ်သက်၍ မထီမဲ့မြင်ပြုလိုသည့် ဆန္ဒ(လုံးဝ)မရှိပါကြောင်း သဘောရိုးဖြင့် ကြေညာခဲ့ခြင်းသာဖြစ်ကြောင်း၊ ထိုကြေညာချက်အား ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဇာနည်(LL.B,D.B.L)** | **ဒေါ်ခင်မြမူ(ဘ-ဦးသန်းမြင့်)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၆၈)** | **CF-၀၃၇၉၀၅** |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၁၁-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၅)ပါ GHL ILVESTOCK SOLUTIONS COMPANY LIMITED ၏ အစုရှယ်ယာလျှော့ချခြင်း ကြော်ငြာတွင် ရှယ်ယာတန်ဖိုး ကျပ် ၁၀၀၀၀၀၀၀၀၀အဖြစ် ရင်းနှီးမတည်ငွေရင်းလျှော့ချမည့်အစား ရှယ်ယာ တန်ဖိုး ကျပ်၁၀၀၀၀၀၀၀၀ အဖြစ် ရင်းနှီးမတည်ငွေရင်းလျှော့ချမည် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ အကွက်အမှတ် (၆/မန်ဆူရွာမအနောက်)၊ ဦးပိုင်(၁၈၆)၊ ဧရိယာ(၀ဒသမ၁၀၂)ကေရှိ မြေဂရန်အမှုတွဲအမှတ် ၁၈၇၂-၅/၉၀-၉၁(A) ဖြင့် ဦးအောင်ဘမှ အမည်ပေါက်၍ (၈-၉-၂၀၂၀)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းအမှတ် (၃၁၇I/၂၀၂၀)ဖြင့် ဒေါ်နန်းအေးစိုး ၁၃/မဆတ(နိုင်)၀၄၃၁၄၂မှ ဝယ်ယူပိုင်ဆိုင်ထားပြီး မြေငှားဂရန် အမည်ပြောင်း/ထပ်မံအသစ် လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း၂၀အတွင်း ခရိုင်/ထွေအုပ်ရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်လှလှရွှေ
### အသက်(၉၀)

မန္တလေးမြို့၊ ကွဲဆည်ကန်(၂)လမ်း၊ (ဃ-၁၉)နေ ဦးဝိုင်း-ဒေါ်ထွေးညွန့်တို့၏သမီး၊ (ဒုဗိုလ်မှူးကြီး ခင်မောင်)၏ဇနီး၊ ဦးဝင်းနောင်-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးဝင်းနိုင်၊ ဦးရဲထွန်းဝင်း-ဒေါ်လှလှမွန်၊ ဦးဝင်းခိုင်-ဒေါ်မာလာမင်း၊ ဦးဝင်းထွန်းစိုး-ဒေါ်စန္ဒာတင်ဝင်းတို့၏ မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၈-၁၂-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး
## ဦးမောင်မောင်သောင်း(နတ်တလင်း)
### ပညာအလင်းပြ
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၈လမ်း၊ အမှတ် (၁၈၆/၁၈၈)နေ ပညာအလင်းပြ(ဆရာဖြိုး-ဒေါ်မြရင်)တို့၏သားလတ်၊ (ဆရာကြွယ်-ဒေါ်မှင်)တို့၏သားသမက်၊ ဒေါ်ဝင်းကြည် (ကျောင်းအုပ် ဆရာမကြီး-ငြိမ်း၊ အထက-၅၊ မင်္ဂလာဒုံ)၏ခင်ပွန်း၊ ဦးလွင်မိုး-ဒေါ်ရတနာ ကျော်ကျော်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်သုခလွင်၊ မောင်ခနေလွင်၊ မမိုးရတနာသွယ်တို့၏အဘိုးသည် ၁၉-၁၂-၂၀၂၀ရက် နံနက် ၇:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ် ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး
## ဦးမောင်မောင်သောင်း(နတ်တလင်း)
### ပညာအလင်းပြ
### အသက်(၉၃)နှစ်

ပညာအလင်းပြစာပေနှင့်ပုံနှိပ်တိုက် (ဆရာဖြိုး-ဒေါ်မြရင်)တို့၏သား၊ (ဦးမောင်မောင်ကြီး-ဒေါ်ခင်ဥ)၊ (ဦးကိုကို-ဒေါ်ခင်ခင်)၊ (ဦးခင်မောင်အေး-ကိုပု)တို့၏ညီ/မောင်/အစ်ကို၊ ဒေါ်ဝင်းကြည်၏ ခင်ပွန်းသည် ၁၉-၁၂-၂၀၂၀ရက် နံနက် ၇:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ၊ တပည့်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဦးခင်မောင်သန်း
### မျက်စိအထူးကုဆရာဝန်ကြီး/ကထိက-ငြိမ်း
### အသက်(၈၈)နှစ်

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီတွင် ရုံးအဖွဲ့မှူးတာဝန်ထမ်းဆောင်ပြီး အနားယူခဲ့သော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် ဒေါက်တာ ထင်အောင်၏ ချစ်လှစွာသော ဖခင် ဒေါက်တာခင်မောင်သန်းသည် ၁၇-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျင်ဦး(ဥက္ကဋ္ဌ)
POPULAR Group

---

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းနွဲ့
### အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ (ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး)၏ ချစ်လှစွာသော ဇနီး ဒေါ်ခင်သန်းနွဲ့(အမေနွဲ့)သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာ ဇေယျာညွန့်နှင့်ဇနီး
ဒုတိယဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ်
SME Development Bank
အဖွဲ့ဝင်၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစံထွန်း အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်း၊ အမှတ်(၁၉၅၊ပထမထပ်)နေ (ဦးငွေသင်း-ဒေါ်မြသင်)တို့၏သား၊ (ဒေါ်ထွေး) ၏ခင်ပွန်း၊ ဦးထွန်းဝင်း-ဒေါ်အေးအေးမြတ်၊ ဒေါ်ခင်ဝင်းကြည်-(ဦးမြင့်ဦး)၊ ဒေါ်ခင်ဝင်းရီ၊ ဒေါ်ခင်နှင်းရီ၊ ဦးဝင်းနိုင်-ဒေါက်တာခင်ခင်စိုး၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်ထွေးရီတို့၏ဖခင်၊ မြေး ကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၈-၁၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ
ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းနွဲ့
### အသက်(၈၄)နှစ်

(ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူး နေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်ကြီးနှင့်မမနွဲ့ ကောင်းရာဘုံဘဝရောက်ကြပါစေ။

ဒေါက်တာသန်းထွန်းဦး-ဒေါ်ထိုက်ထိုက်ဦး
သိန်းသန်းစက်မှုလက်မှု (၇၇၇)ခြေတုလက်တုလုပ်ငန်း

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အုံးစိန်
### အသက်(၉၈)နှစ်

ရန်ကုန်မြို့နေ (စန္ဒရား ဦးအောင်ခင်) ၏ဇနီး၊ မြန်မာနိုင်ငံ တေးသီချင်းမူပိုင်ရှင်များအသင်း-ဒုတိယဥက္ကဋ္ဌ၊ တေးရေး မင်းချစ်သူ၏ မိခင် ဒေါ်အုံးစိန်သည် ၁၈-၁၂-၂၀၂၀ ရက် မွန်းလွဲ ၁:၅၀နာရီတွင် ကွယ်လွန်သွားပြီး ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

တေးရေးဆရာများ
မြန်မာနိုင်ငံတေးသီချင်း မူပိုင်ရှင်များအသင်း

---

## ဒေါ်ခင်စမ်းမာ(B.Com,A.A)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု ထွေ/ထိန်း/စက်မှု(၁)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်(၂၇၇)၊ အခန်း(၁၅)နေ (ဦးမြင့်သိန်း-ဒေါ်အုန်းမြင့်)တို့၏သမီး၊ ဦး ခင်မောင်လွင် (တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ ကိုစိုးမိုးအောင်-မသစ်သစ်လွင် (UAB ဘဏ်)၊ ဒေါက်တာ တင့်ထွန်းလွင် (ကလေးအထူးကုဆရာဝန်)-မအိချိုလွင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး နှစ်ယောက်တို့၏အဘွား၊ ဦးလှမြင့်-ဒေါ်ခင်စန်းသီ၊ ဦးခင်မောင်ဝင်း-ဒေါ်ခိုင်ခိုင်တို့၏အစ်မသည် ၁၈-၁၂-၂၀၂၀ရက် (သောကြာနေ့) ည ၁၁:၃၂ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၂၀ ရက်တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁) ရပ်ကွက်၊ သခင်စံရွှေလမ်း၊ အမှတ်(၂၁၉)နေ (ဦးအုန်းရွှေ-ဒေါ်စောတင်)တို့၏သား၊ ဒေါ်လှသန်း၏ခင်ပွန်း၊ ဒေါ်ရွှေယင်းမာစော၊ ဦးတင်မောင်လွင်-ဒေါ်ခင်ပပလင်း၊ ဦးပြည့်ဖြိုးကျော်-ဒေါ်ဖြိုးဖြိုးမောင်၊ ဦးအေးအောင်ဖြိုး-ဒေါ်မေသက်နွယ်တို့၏ဖခင်၊ မောင်အောင်သူလွင်၏ အဘိုးသည် ၁၇-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃:၃၀ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၂၀ရက် နံနက် ၁၁ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တတေဇဓမ္မ
### ဆိုင်းတန်းကျောင်းဆရာတော်
### (ကျောက်ပန်းတောင်းအသင်း-မန္တလေး၊ ဩဝါဒါစရိယ)
### သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၀)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာ အနောက်ရပ်ကွက်၊ မူလမဟာမုနိဋ္ဌာရာမ စကုတိုက်၊ ဆိုင်းတန်းကျောင်းဆရာတော်(ကျောက်ပန်းတောင်းအသင်း-မန္တလေး၊ ဩဝါဒါစရိယ) ဘဒ္ဒန္တတေဇဓမ္မ မဟာထေရ်မြတ်ကြီးသည် (၁၃၈၂ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ရက်) ၁၆-၁၂-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

(အန္တိမစျာပန ပူဇာသဘင်ရက်ကို ထပ်မံအကြောင်းကြားပါမည်။)

တပည့် ဒါယကာ၊ ဒါယိကာမများ

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ စစ်ကိုင်း တောင်ရိုး၊ မဟာဂန္ဓာရုံကျောင်း ဒါယကာကြီး
## ဒေါက်တာ ဦးခင်မောင်သန်း
### (မျက်စိအထူးကုဆရာဝန်ကြီး၊ ကထိက-ငြိမ်း)
### အသက်(၈၈)နှစ်

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့၊ ပဒေသာတန်းရပ်၊ ၈၁လမ်း၊ ၃၁ x ၃၂လမ်းကြား၊ အမှတ်(၄၁၆) နေ ဦးစိန်ရှု-ဒေါ်စက်ညွန့်တို့၏သား၊ မန္တလေးမြို့၊ ဈေးချိုဝါးတန်းရပ်၊ ဝါးတန်းဦးကျော်-ဒေါ်သန်းရင်တို့၏သားသမက်၊ ဦးစွန်ပြူး-ဒေါ်တီတီ၊ ဦးကော်-ဒေါ်စန်းတို့၏ညီ၊ ဒေါ်မြမြ၊ ဒေါ်တင်တင်ငွေး(အထပြ-ငြိမ်း)၊ ပါမောက္ခ ဒေါက်တာဦးအောင်စန်း-ဒေါက်တာဒေါ်တင်ရီ(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)တို့၏အစ်ကို၊ မန္တလေးမြို့၊ ဈေးချိုဝါးတန်းရပ်၊ ၈၅လမ်း၊ ၂၉ x ၃၀ကြား၊ အမှတ်(၃၀)နေ ဦးရဲမြင့်-ဒေါ်သင်းသင်းမာ၊ ဦးသန့်-ဒေါ်အိန္ဒာကိုကို၊ ဒေါက်တာထင်အောင် (သွားနှင့်ခံတွင်းဆရာဝန်)၊ ဦးအောင်ခိုင် - ဒေါ်အိအိခိုင်၊ ဦးအောင်ကျော်မိုး၊ ဒေါ်ခင်စိုးရီတို့၏ဖခင်၊ မမေမိုဃ်းသန့်ကျော်၊ မမြမိုးသန့်ကျော်၊ မောင်အောင်ဘုန်းသန့်ကျော်တို့၏ဘိုးဘိုးကြီး၊ ဒေါ်စိန်စိန်ရီ(ဝိဇ္ဇာ-ပါဠိ)၏ခင်ပွန်းသည် ၁၇-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့) ည ၉:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဒေါ်ခင်မေတင်
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### အလက (ရေချို)၊ အလက(၂)မိတ္ထီလာ
### အသက်(၈၂)နှစ်

မိတ္ထီလာမြို့၊ ပန်းထိမ်တန်းရပ်၊ ပထမလမ်းမတော်နေ(ဦးကျော်ညွန့်) (ကျောင်းအုပ်ကြီး-ငြိမ်း)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီး နေမျိုးသန့်-ဒေါက်တာဝင်းပပ၊ ဒုတိယဗိုလ်မှူးကြီး ငွေစိုးထွန်း-ဒေါက်တာသင်းပပ၊ ဒေါ်နှင်းပပ (လ/ထ ကထိက KMTTTI ရန်ကုန်) တို့၏မိခင်၊ မောင်နေမျိုးကျော်ဇော၊ မောင်မင်းခန့်ကို၊ မခင်နေမျိုးနွယ်တို့၏ အဘွားသည် ၁၉-၁၂-၂၀၂၀ရက် နံနက် ၁၀:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ဗန်းမော်မြို့ ဟန်းတဲသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့် သွေး ဖြင့် အ သက် ကယ် ပါ

## အချုပ်ပို (၈) မျက်နှာ ပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး အသိပေး ကြေညာချက်နှင့် နှိုးဆော်ချက်များ အချုပ်ပို(၈)မျက်နှာ ပါရှိပါသည်။

## အီတလီနိုင်ငံတွင် ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလများ၌ ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်မည်

(စာ-၁၃)

## စပါးနှင့် လက်စတာ မန်ယူနှင့် လိဒ်စ်တို့ ယှဉ်ပြိုင်မည့် ပရီမီယာလိဂ် ပွဲစဉ်(၁၄)

ယနေ့ညတွင် မန်ယူ၊ စပါး၊ လက်စတာအသင်းတို့အပါအဝင် ပရီမီယာလိဂ် ပွဲစဉ်(၁၄) မှ ပွဲစဉ်လေးပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ဘရိုက်တန်အသင်းက ရှက်ဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စပါးအသင်းက လက်စတာအသင်းနှင့် လည်းကောင်း၊ မန်ယူအသင်းက လိဒ်စ်အသင်းနှင့် လည်းကောင်း၊ ဝက်စ်ဘရွန်းအသင်းက အက်စ်တွန်ဗီလာ အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဘရိုက်တန်အသင်းနှင့် ရှက်ဖီးလ်အသင်းတို့ပွဲစဉ်ကို ယနေ့ည ၆ နာရီခွဲတွင်

*စာမျက်နှာ ၁၁ ကော်လံ ၁* ●



# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၈၉ ဦး တွေ့ရှိ

### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၈-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၂,၅၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉၈၉) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၉-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၇၆၂) ခု | (၇၈) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၈၄၈) ခု | (၃၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၅၀) ခု | (၈၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၃၆၈) ခု | (၁၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၃၃၂) ခု | (၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၂၂) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈၁) ခု | (၂၁) ဦး |

*စာမျက်နှာ ၁၅ ကော်လံ ၁* ❖

## ဟားခါးမြို့တွင် အနိမ့်ဆုံးအပူချိန် အနုတ် ၄ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ရှိ၍ ရေခဲသည်အထိ အအေးပို

**ဟားခါး ဒီဇင်ဘာ ၁၉**

ချင်းပြည်နယ် မိုးလေဝသနှင့် ဇလဗေဒဌာနကြားမှု ဦးစီးဌာန၏ ဒီဇင်ဘာ ၁၉ ရက် နံနက် ၆ နာရီခွဲ အချိန် တိုင်းတာချက်အရ ဟားခါး မြို့ပေါ်တွင် အနိမ့်ဆုံး အပူချိန် အနုတ် ၄ ဒသမ ၇ ဒီဂရီစင်တီဂရိတ် ရှိ၍ ရေခဲသည်အထိ အအေးပို ကြောင်း ချင်းပြည်နယ် မိုးလေဝသ နှင့် ဇလဗေဒဌာနကြားမှုဦးစီးဌာန မှ သိရသည်။

"ကျွန်မတို့ မနက်အစောကြီး ဈေးထွက်ရောင်းရတယ်။ မနက် အလွန်အေးလာတော့ အနွေးထည် တွေ၊ စောင်တွေခြုံရတယ်" ဟု နံနက်ဈေးရောင်းသည့် ဈေးသည် တစ်ဦးက ပြောသည်။

**အောင်ခိုင်ရှိန်း (ပြန်/ဆက်)**



အအေးပိုမှုကြောင့် နေအိမ်အမိုးမှကျသည့် ရေများ ခဲနေသည်ကို တွေ့ရစဉ်။



## လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019-COVID-19)နှင့် စပ်လျဉ်း၍ တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့် အမိန့်ထုတ်ပြန်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်အမှတ် ၅၄ /၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက်)**

**လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(Coronavirus Disease 2019–COVID–19)နှင့် စပ်လျဉ်း၍ တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့်အမိန့် ထုတ်ပြန်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၂၈-၂-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၉/၂၀၂၀ ဖြင့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019–COVID–19)ကို ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါအဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019–COVD–19)နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူးများအား ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ပုဒ်မ ၁၄ တွင်ပါရှိသည့် အောက်ဖော်ပြပါကိစ္စရပ်များအတွက် တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့် အမိန့်ထုတ်ပြန်နိုင်ရန် လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည် –

(က) ကူးစက်မြန်ရောဂါ ဖြစ်ပွားနေသူအား နေအိမ်မှ ထွက်ခွာသွားလာခွင့်၊
(ခ) ကူးစက်မြန်ရောဂါဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်း ရှိနေသူများကို ပြင်ပသို့ ထွက်ခွာသွားလာခွင့်၊
(ဂ) ပြင်ပမှ လူများအား ကူးစက်မြန်ရောဂါဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းသို့ ဝင်ရောက်ခွင့်၊
(ဃ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ် သို့မဟုတ် အခြားယာဉ် တစ်မျိုးမျိုးဖြင့် ရောက်ရှိလာသူများအနက် ကူးစက်မြန်ရောဂါဖြစ်ပွားနေသူပါရှိလာပါက ယင်းရောဂါဖြစ်ပွားနေသူအား ကျန်းမာရေးစစ်ဆေးရန်အလို့ငှာ သီးခြားထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သော အချိန်အထိ ပြင်ပသို့ ထွက်ခွာသွားလာခွင့်၊
(င) ပွဲလမ်းသဘင် ကျင်းပနေစဉ် ကူးစက်မြန်ရောဂါဖြစ်ပွားလာပါက အများပြည်သူတို့အား ပွဲလမ်းသဘင် ကျင်းပရာနေရာသို့ သွားလာခွင့်နှင့် ပွဲလမ်းသဘင်ကို ဆက်လက်ကျင်းပခွင့်၊
(စ) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိသည့် တိရစ္ဆာန် သို့မဟုတ် ယင်းတိရစ္ဆာန်ထွက်ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး

## လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019-COVID-19)နှင့်စပ်လျဉ်း၍ ကျန်းမာရေးအရာရှိအဖြစ် တာဝန်ပေးခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်အမှတ် ၅၅ /၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက်)**

**လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019–COVID–19) နှင့်စပ်လျဉ်း၍ ကျန်းမာရေးအရာရှိအဖြစ် တာဝန်ပေးခြင်း**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၂၈-၂-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၉/၂၀၂၀ ဖြင့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019–COVID–19) ကို ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါအဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Diseases 2019–COVID–2019)နှင့် စပ်လျဉ်း၍ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေတွင်ပါရှိသည့် ကျန်းမာရေးအရာရှိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးကုသရေးဦးစီးဌာနမှူးများကို ကျန်းမာရေးအရာရှိအဖြစ် တာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး




## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများသို့ မေတ္တာရပ်ခံချက်

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) သည် လျင်မြန်စွာကူးစက်နိုင်ပါသဖြင့် သက်ဆိုင်ရာ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဒေသများတွင် လုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ ပြည်သူများနှင့်ဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူများနှင့်ဖြစ်စေ လူစုလူဝေးနှင့် တိုက်ရိုက်တွေ့ဆုံ ထိတွေ့ဆက်ဆံခြင်းများကို ရှောင်ရှားကြပါရန်၊ စီမံကိန်းဒေသရှိ တာဝန်ရှိသူ ကိုယ်စားလှယ်များမှတစ်ဆင့် ဆောင်ရွက်ပေးကြပါရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော Covid–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

စာမျက်နှာ (၁) သို့ » »

» » စာမျက်နှာ (က) မှ

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမိန့်အမှတ်၊ ၅၆ / ၂၀၂၀ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၅၆ /၂၀၂၀**
**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်**

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019–COVID–19) ကြိုတင်ကာကွယ်ရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးတို့အတွက် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ COVID–19 ရောဂါဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ နိုင်ငံတွင်းကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများတွင်သာ ခေတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို သတ်မှတ်ထားသောနေရာများတွင် အသွားအလာကန့်သတ်၍ စောင့်ကြည့်နေမှုအား ဒေသဆိုင်ရာအဖွဲ့အစည်းများက စနစ်တကျဝိုင်းဝန်း၍ ဆောင်ရွက်လျက်ရှိခြင်း၊ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းကို အထူးအလေးထားဆောင်ရွက်လျက်ရှိခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ နီးနွယ်ဌာနများနှင့် အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိခြင်းတို့ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၁၆–၄–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၃၇/၂၀၂၀) အရ လူ ၅ ဦး ဖြစ်စေ၊ လူ ၅ ဦးထက် ပို၍ဖြစ်စေ စုဝေးခြင်းပြုနိုင်သည့် ကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များကို ထပ်မံဖြည့်စွက်လိုက်သည် –

(က) အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ခြင်း၊

(ခ) အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများ၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများအတွင်း ဆောင်ရွက်ရမည့် ဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် သင်တန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုသတ်မှတ်ချက်များနှင့်ကိုက်ညီ၍ သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များက ဖွင့်လှစ်ခွင့်ပြုထားသော စားသောက်ဆိုင်များတွင် စားသောက်ခြင်း၊

(င) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၃–၅–၂၀၂၀ ရက်စွဲဖြင့် အသိပေးထုတ်ပြန်ကြေညာထားသည့် မရှိမဖြစ် လိုအပ်သည့်လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူအတွက် လိုအပ်သော လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခြင်း။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**

# အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၇၉/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019–COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ၁၆–၄–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၃၇/၂၀၂၀ နှင့် ၂၈–၅–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၅၆/ ၂၀၂၀ တို့ဖြင့် ခြွင်းချက်ပြုဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၅ ဦး ဖြစ်စေ၊ လူ ၅ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ယခုအခါ COVID–19 ရောဂါ၏ လက်ရှိဖြစ်ပွားမှုအခြေအနေအရ (၁–၈–၂၀၂၀)ရက်မှစ၍ အဆိုပါအမိန့်များတွင် ဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၅ ဦးအစား လူ ၁၅ ဦး ဖြစ်စေ၊ လူ ၁၅ ဦးထက် ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်လိုက်သည်။

၃။ COVID–19 နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**







# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

စာမျက်နှာ (ဂ) သို့ » »

» » စာမျက်နှာ (ခ) မှ

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမိန့်အမှတ် ၈၈ / ၂၀၂၀ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၈၈/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်ကျော် ၉ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ(Coronavirus Disease 2019–COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၁၆–၄–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၃၇/၂၀၂၀ နှင့် ၂၈–၅–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၅၆/ ၂၀၂၀ တို့ဖြင့် ခြွင်းချက်ပြုဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၅ ဦးဖြစ်စေ၊ လူ ၅ ဦးထက် ပို၍ ဖြစ်စေ စုဝေးခြင်းမပြုရန် ထုတ်ပြန်ကြေညာခဲ့ပြီး ၂၉–၇–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၇၉/၂၀၂၀ ဖြင့် ၁–၈–၂၀၂၀ ရက်မှစ၍ အဆိုပါအမိန့်များတွင် ဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၅ ဦးအစား လူ ၁၅ ဦးဖြစ်စေ၊ လူ ၁၅ ဦး ထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ COVID–19 ရောဂါ၏ လက်ရှိဖြစ်ပွားမှုအခြေအနေအရ ၁၆–၈–၂၀၂၀ ရက်မှစ၍ အဆိုပါအမိန့်များတွင် ဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၁၅ ဦးအစား လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦး ထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်လိုက်သည်။

၃။ COVID–19 နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**

# ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၉၇ /၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ(Coronavirus Disease 2019 –COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း COVID–19 ရောဂါ ခေတ်ခွဲအတည်ပြုလူနာဦးရေ အချိန်တိုကာလအတွင်း တိုးတက်များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)၊

(ခ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့သွားလာလျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask)တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက် ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ၊ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ) နှင့် (စ) တို့ပါကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက် ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၇–၈–၂၀၂၀ ရက်၊ နံနက် ၈ နာရီအချိန်မှ စတင်သက်ရောက်သည်။

၇။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ၂၀–၈–၂၀၂၀ ရက်စွဲပါ အမိန့် အမှတ်၊ ၉၃/၂၀၂၀ နှင့် ၂၅–၈–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၉၆/၂၀၂၀ တို့ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

စာမျက်နှာ (ဃ) သို့ » »

» » စာမျက်နှာ (က) မှ

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး(ကိုကိုးကျွန်းမြို့နယ်မပါ)တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၁၀၇/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ(Coronavirus Disease 2019-COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ဓာတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့ ခြင်းမရှိခဲ့သည့် လူနာများတွေ့ရှိရမှု အချိန်တိုကာလအတွင်း များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန်(Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး(ကိုကိုးကျွန်းမြို့နယ်မပါ)တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ(ကိုကိုးကျွန်းမြို့နယ်မပါ)သည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် **(အစိုးရဌာနများအနေဖြင့်** Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ၁၄-၉-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၂၃၅၄/၂၆၄/COVID-19/ကော်မတီ(၂၀၂၀) ဖြင့် နိုင်ငံ့ဝန်ထမ်းများအား (၂)ပတ်ရုံးတက် (၂)ပတ်အိမ်မှနေ၍ ရုံးလုပ်ငန်းဆောင်ရွက်စေရေး အကြောင်းကြားချက်အတိုင်း ဆောင်ရွက်ရန်၊ **ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့်** ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သားငါး အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့် စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများ မပါ)၊

(ခ) **အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့်** အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဂ) **ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)** စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ၂၄-၉-၂၀၂၀ ရက်မှ ၇-၁၀-၂၀၂၀ ရက်အထိ လုပ်ငန်းခွင် သွားရောက်ခွင့်မပြုရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက် ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာသွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င) နှင့် (ဇ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၁-၉-၂၀၂၀ ရက်၊ နံနက် ၈ နာရီအချိန်မှ စတင်သက်ရောက်သည်။

၇။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ၁-၉-၂၀၂၀ ရက်စွဲပါ အမိန့် အမှတ်၊ ၁၀၀/၂၀၂၀ နှင့် ၉-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၁၀၂/၂၀၂၀ တို့ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**

## 2019 Novel Coronavirus အဆုတ်ရောင်ရောဂါ ကာကွယ်နိုင်ရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုခြင်းဆိုင်ရာ အကြံပြုချက်များ

- ဖျားခြင်း၊ နှာချေ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာရှိသူများသည် ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို အနီးကပ် ပြုစုစောင့်ရှောက်နေသူများသည်လည်း ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို ပြုစုကုသနေသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့်မှု အခြေအနေအပေါ်မူတည်၍ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) သို့မဟုတ် N95 Mask ကို အသုံးပြုရပါမည်။

**အထက်ပါအခြေအနေများမှလွဲ၍ သာမန်ပြည်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရန် မလိုအပ်ပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါသည်။**

### ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ

- Surgical Mask ကို အသုံးပြုရာတွင် အရောင်ပိုရင့်သည့် မျက်နှာပြင်ကို အပြင်ဘက်တွင် ထားရှိပါ၊
- ပါးစပ်နှင့်နှာခေါင်း နှစ်ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ၊
- Mask ၏ ဘေးအနားစွန်းများနှင့် မိမိ၏ မျက်နှာကြားတွင် လစ်ဟာမှု (Gap) မရှိစေရပါ၊
- Mask အသုံးပြုနေစဉ် Mask ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်း မပြုရပါ၊
- Mask ကို ဖယ်ရှားမည်ဆိုပါက Mask အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်ဖယ်ရှားပါ၊
- Mask ကို ဖယ်ရှားပြီးပါက မိမိ၏ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ၊
- မိမိအသုံးပြုနေသော Mask သည် စိုစွတ်လာပါက Mask အသစ်တစ်ခုနှင့် လဲလှယ်သုံးပြုပါ၊
- အသုံးပြုပြီးသား Mask များကို ပြန်လည်၍ အသုံးမပြုရပါ၊
- ချည်ထည်၊ ပိတ်စအဝတ်တို့ဖြင့် ပြုလုပ်ထားသည့် Mask များကို အသုံးမပြုရပါ။



Reference : World Health Organization

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.0 (3-2-2020)

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အလှူရှင်များသို့ မေတ္တာရပ်ခံချက်

**၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19)သည် ကလေးသူငယ်များနှင့် သက်ကြီးဘိုးဘွားများတွင် ပိုမိုကူးစက်ခံရလွယ်ပြီး ပြင်းထန်စွာခံစားနိုင်ရပါသဖြင့် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများသို့ ပြင်ပမှ လှူဒါန်းရန်လာရောက်သော အလှူရှင်ဧည့်သည်များသည် ကလေးသူငယ်များ၊ ဘိုးဘွားများနှင့် တိုက်ရိုက်ထိတွေ့လှူဒါန်းခြင်းမပြုဘဲ သက်ဆိုင်ရာ ပရဟိတဂေဟာ၊ ဘိုးဘွားရိပ်သာရှိ တာဝန်ရှိသူများမှတစ်ဆင့် လှူဒါန်းပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အလှူရှင်များသို့ မေတ္တာရပ်ခံချက်

**၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) သည် ကလေးငယ်များတွင် ပိုမိုကူးစက်ခံရလွယ်ပြီး ပြင်းထန်စွာ ခံစားရနိုင်ပါသဖြင့် လူမှုဝန်ထမ်းဦးစီးဌာနရှိ သင်တန်းကျောင်း၊ ဌာနငယ်များသို့ ပြင်ပမှ လှူဒါန်းရန်လာရောက်သော အလှူရှင်ဧည့်သည်များသည် ပြုစုစောင့်ရှောက်ထားသော ကလေးသူငယ်များနှင့် တိုက်ရိုက်ထိတွေ့လှူဒါန်းခြင်းမပြုဘဲ သက်ဆိုင်ရာတာဝန်ရှိသူများမှတစ်ဆင့် လှူဒါန်းပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

စာမျက်နှာ (င) သို့ » »

»»» အချပ်ပို (ဃ) မှ

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမိန့်အမှတ် ၁၀၈ / ၂၀၂၀ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၁၀၈ /၂၀၂၀**
**၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၂ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ဓာတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ဓာတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့ခြင်းမရှိခဲ့သည့် လူနာများတွေ့ရှိရမှု အချိန်တိုကာလအတွင်း များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ)တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်းနှင့် လိုက်နာရမည့်စည်းကမ်းချက်များကို ၂၀–၉–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/ ၂၀၂၀ ဖြင့် ကြေညာခဲ့ပါသည်။

၂။ အဆိုပါအမိန့်၏ အပိုဒ် ၃ အပိုဒ်ခွဲ (က)ပါ မိမိနေအိမ်တွင်သာ နေထိုင်ရန်စည်းကမ်းချက်မှ ခြွင်းချက်ဖြင့် ခွင့်ပြုသူများတွင် အောက်ပါလုပ်ငန်းများမှ ဝန်ထမ်းများကို ဖြည့်စွက်လိုက်သည် –

(က) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ် ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေတာဝန်ထမ်းဆောင်သူများ၊

(ခ) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ်ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင်အစားအသောက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်း မွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများ၊

(ဂ) ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွင် နိုင်ငံတကာမှ ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း(Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ အေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန်သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port)မှ ဝန်ထမ်းများ၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှု လုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများ။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။




**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

အချပ်ပို (စ) သို့ »»»

»»» အချပ်ပို (င) မှ

# မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၁၁ မြို့နယ်အား နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၁၁၀ /၂၀၂၀**
**၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၅ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း ဓာတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ဓာတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့ခြင်းမရှိခဲ့သည့် လူနာများတွေ့ရှိရမှု အချိန်တိုကာလအတွင်း များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး (၄)ခုအတွင်းရှိ သက်ဆိုင်ရာမြို့နယ်အသီးသီးမှ ပြည်သူများ အနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် –

(က) မွန်ပြည်နယ်
- (၁) မော်လမြိုင်မြို့နယ်၊
- (၂) ဘီးလင်းမြို့နယ်။

(ခ) မန္တလေးတိုင်းဒေသကြီး
- (၁) မဟာအောင်မြေမြို့နယ်၊
- (၂) ချမ်းအေးသာစံမြို့နယ်၊
- (၃) အမရပူရမြို့နယ်။

(ဂ) ပဲခူးတိုင်းဒေသကြီး
- (၁) ကဝမြို့နယ်၊
- (၂) ပဲခူးမြို့နယ်၊
- (၃) သနပ်ပင်မြို့နယ်။

(ဃ) ဧရာဝတီတိုင်းဒေသကြီး
- (၁) ပုသိမ်မြို့နယ်၊
- (၂) ဖျာပုံမြို့နယ်၊
- (၃) မအူပင်မြို့နယ်။

၃။ အဆိုပါမြို့နယ် ၁၁ မြို့နယ်ရှိ နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –

(၁) **အစိုးရဌာနများအနေဖြင့်** Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ၁၄–၉–၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၂၃၅၄/၂၆၄/COVID–19/ ကော်မတီ(၂၀၂၀) ဖြင့် နိုင်ငံ့ဝန်ထမ်းများအား (၂)ပတ်ရုံးတက် (၂)ပတ်အိမ်မှနေ၍ ရုံးလုပ်ငန်းဆောင်ရွက်စေရေး အကြောင်းကြားချက်အတိုင်း ဆောင်ရွက်ရန်၊

(၂) **ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့်** ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) နိုင်ငံတကာမှ ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း(Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့်ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင်မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ(Dry Port)မှ ဝန်ထမ်းများမပါ၊

(၄) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများ ခွင့်မပြု)၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများ လုပ်ငန်းဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်သည်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး ၂၈–၉–၂၀၂၀ ရက်၊ နံနက် ၈ နာရီမတိုင်မီ နောက်ဆက်တွဲအမိန့်စာဖြင့် ထုတ်ပြန်ပေးရန်နှင့် အဆိုပါအမိန့် မထုတ်ပြန်မီ ၂၆–၉–၂၀၂၀ ရက်နှင့် ၂၇–၉–၂၀၂၀ ရက်တို့အား လုပ်ငန်းများ ရပ်နားထားရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င) နှင့် (ဇ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၆–၉–၂၀၂၀ ရက်၊ နံနက် ၈ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**







အချပ်ပို (ဆ) သို့ »»»

»»» အချပ်ပို (စ) မှ

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမိန့်အမှတ် ၁၂၄ / ၂၀၂၀ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**အမိန့်အမှတ် ၁၂၄ /၂၀၂၀**
**၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ)တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ၂၀–၉–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/၂၀၂၀ ဖြင့်လည်းကောင်း၊ နေအိမ်တွင်သာ နေထိုင်ရန် စည်းကမ်းချက်မှ ခြွင်းချက်ဖြင့် ခွင့်ပြုသူများတွင် ဖြည့်စွက်ချက်ကို ၂၂–၉–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၈/ ၂၀၂၀ ဖြင့်လည်းကောင်း၊ **ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)** စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ၈–၁၀–၂၀၂၀ ရက်နေ့မှ ၂၁–၁၀–၂၀၂၀ ရက်နေ့အထိ လုပ်ငန်းခွင် သွားရောက်ခွင့်မပြုကြောင်း ၅–၁၀–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၃/ ၂၀၂၀ ဖြင့်လည်းကောင်း အသီးသီးထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားနေမှုများကို ထိရောက်စွာထိန်းချုပ်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရောဂါဖြစ်ပွားမှုများပြားနေသော မြို့နယ်များအား Stay at Home ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အဆိုပါဒေသများရှိ အလုပ်သမားများ၏ အလုပ်အကိုင် အခွင့်အလမ်းမဆုံးရှုံးစေရေးနှင့် စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်လုပ်ကိုင်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များကို ထိန်းညှိဆောင်ရွက်သွားရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID–19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်နှင့် စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များ၊ အလုပ်ဌာနများတွင် အထူးဂရုပြု လိုက်နာရမည့်အချက်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အပိုဒ် ၃ ပါ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားခြင်းရှိ၊ မရှိကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စနစ်တကျကြီးကြပ်စိစစ်ပြီး COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ အဆင့် A ရရှိအောင် ပြင်ဆင်ထားရှိကြောင်းတွေ့ရှိပါက ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများအား ၁၂–၁၀–၂၀၂၀ ရက်မှစ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**

# ကချင်ပြည်နယ်အတွင်းရှိ ဖားကန့်မြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့အား နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**အမိန့်အမှတ် ၁၂၉/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၉ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်အတွင်း ဓာတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ဓာတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့ခြင်းမရှိခဲ့သည့် လူနာများတွေ့ရှိရမှု အချိန်တိုကာလအတွင်း များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် အချို့သောမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်အတွင်း အောက်ဖော်ပြပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် –

(က) ဖားကန့်မြို့နယ်၊
(ခ) မိုးညှင်းမြို့နယ်။

၃။ အဆိုပါမြို့နယ် ၂ မြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သောပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (**အစိုးရဌာနများအနေဖြင့်** Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ၁၄–၉–၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၂၃၅၄/၂၆၄/COVID–19/ကော်မတီ(၂၀၂၀) ဖြင့် နိုင်ငံ့ဝန်ထမ်းများအား (၂)ပတ်ရုံးတက် (၂)ပတ်အိမ်မှနေ၍ ရုံးလုပ်ငန်းဆောင်ရွက်စေရေး အကြောင်းကြားချက်အတိုင်း ဆောင်ရွက်ရန်၊ **ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့်** ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သားငါး အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေတာဝန်ထမ်းဆောင်သူများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများ ခွင့်မပြု)၊
(ခ) **အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့်** အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊
(ဂ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊
(ဃ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊
(င) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊
(စ) တာဝန်ထမ်းဆောင်ရန် သွားရောက်ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊
(ဆ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊
(ဇ) အဆိုပါမြို့နယ်(၂)ခုမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ (ဃ) နှင့် (ဆ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ် ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှ လည်းကောင်း ဝင်/ထွက် ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀–၁၀–၂၀၂၀ ရက်၊ နံနက် ၈ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**







အချပ်ပို (ဇ) သို့ »»»

»»» အချပ်ပို (ဆ) မှ

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမိန့်အမှတ် ၁၃၄ / ၂၀၂၀ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၁၃၄ /၂၀၂၀**
**၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၅ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခာတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ခာတ်ခွဲအတည်ပြု လူနာများနှင့်လည်း ထိတွေ့ခြင်းမရှိသည့် လူနာများတွေ့ရှိရမှု အချိန်တိုကာလအတွင်း များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ) တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ၂၀-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/၂၀၂၀ ဖြင့် ကြေညာခဲ့ပါသည်။

၂။ အဆိုပါကြေညာချက်တွင် ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP)ဖြင့် စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ၂၄-၉-၂၀၂၀ ရက်မှ ၇-၁၀-၂၀၂၀ ရက်အထိလည်းကောင်း၊ ၅-၁၀-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၃/၂၀၂၀ ဖြင့် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အထိ လုပ်ငန်းခွင်သွားရောက်ခွင့်မပြုကြောင်း ထပ်မံထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ၎င်းအပြင် ၂၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၀/၂၀၂၀ ဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် မွန်ပြည်နယ်မှ မော်လမြိုင်မြို့နယ်၊ ဘီးလင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးမှ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးမှ ကဝမြို့နယ်၊ ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးမှ ပုသိမ်မြို့နယ်၊ ဖျာပုံမြို့နယ်၊ မအူပင်မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

၄။ သို့ရာတွင် ၁၀-၁၀-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၂၄/၂၀၂၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်း မဆုံးရှုံးစေရေးနှင့် စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်လုပ်ကိုင်နိုင်ရေးအတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားခြင်း ရှိ/မရှိကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စနစ်တကျကြီးကြပ်စိစစ်ပြီး COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ အဆင့် A ရရှိအောင် ပြင်ဆင်ထားရှိကြောင်း တွေ့ရှိပါက ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများအား ၁၂-၁၀-၂၀၂၀ ရက်မှစ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

၅။ ယခုအခါ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ သတ်မှတ်သည့် ညွှန်ကြားချက်များကို စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနေဖြင့် လိုက်နာအကောင်အထည်ဖော်လျက်ရှိပါသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာထားသည့် မြို့နယ်များမှ စိစစ်လုပ်ကိုင်ခွင့်ပြုထားသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများအား ၂၂-၁၀-၂၀၂၀ ရက်နေ့မှစ၍ လုပ်ငန်းခွင်သို့ သွားရောက်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး




တကယ်လို့ ဖျားနာခြင်း ၊ ချောင်းဆိုးခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း စသော ရောဂါ လက္ခဏာတွေရှိခဲ့ရလျှင် ချက်ချင်း ဆေးစစ် ကုသမှု ခံယူပါ။




မိမိက ဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်၊ နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး(သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ပါ။ အခြားအတူနေသူများနှင့် (၆)ပေအကွာတွင်သာ နေထိုင် ပြောဆိုပါ။
ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အားအင်ကုန်ခမ်းခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်းများရှိနေပါက အနီးဆုံး ဆေးရုံဆေးခန်းသို့ သွားရောက်ပြသပါ။